
www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ - ၀၃၈၅၁)
အမှတ် (၁၃)၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် - ဦးမြင့်သန်း
စပယ်အော့ဖ်ဆက်၊
အမှတ် (၆၈)၊ ကောဇဝါလမ်း
ဒဂုံမြို့နယ်

မျက်နှာဖုံးဒီဇိုင်း - Ye`lay@Ye`WintKyaw

ပုံနှိပ်ခြင်း - ပထမအကြိမ် (၂၀၁၃ ခုနှစ်၊ မတ်လ)

အုပ်ရေ - ၅၀၀

တန်ဖိုး - ၂၀၀၀ိ/

လူနေ
အကြွေစေ့ / လူနေ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၃။
၁၈၉ - စာ၊ ၁၂ × ၁၈ ၃.၅ စင်တီ။
(၁) အကြွေစေ့


# လူနေ

# အကြွေစေ့

www.burmeseclassic.com

www.burmeseclassic.com

"ကျေးသာ. . . သား . . . ဒီနားလာဦး"

"ဟုတ်ကဲ့. . . အဖေ"

www.burmeseclassic.com

www.burmeseclassic.com

"အဖေမသေခင် သားကို အမွေပေးသွားခဲ့မယ်... အဟွတ် ... အဟွတ်"

"ဟာ... အဖေကလည်း မဟုတ်တာ ပြောတော့မယ်"

"အေးလေ... မင်း ငယ်ငယ်လေးကတည်းက အဖေတို့ ဆင်းဆင်းရဲရဲ ရုန်းကန်စားသောက်လာရတာဆိုတော့ မင်းက အဖေ့စကားကို ဘယ်ယုံပါ့မလဲ"

"အဖေရယ် စကားများများ မပြောနဲ့လို့ ဆရာဝန်က မှာထားတယ်လေ... အဖေ့ကို မယုံလို့ မဟုတ်ပါဘူး၊ အဖေ မသေနိုင်သေးဘူးဆိုတော့ ဒါတွေ ပြောနေဖို့မှ မလိုတာ"

www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ဘူးကွ၊ သားအဘိုးလည်း အဖေ့ အသက်အရွယ်မှာ ဆုံးသွားတာပဲ၊ အဖေလည်း နေရမယ် မထင်ပါဘူးကွာ"

"အာ. . . အဘိုးတ အဖေ့အရွယ်မှာဆုံးတိုင်း အဖေတ လိုက်ဆုံးရမယ်လို့မှ မဟုတ်တာ"

အဖေက သူ့ကို ဖြူဖတ်ဖြူလျော်မျက်နှာလေးနဲ့ ပြန်ကြည့်နေသည်။ တကယ်တော့ အဖေ့အခြေအနေ မကောင်းတော့ မှန်း ဆရာဝန်ကြီးဆီက သိထားပြီးဖြစ်သည်။

သူ့ သိတတ်စအရွယ်တတည်းက ကြိုးရာကျပန်း လုပ်ကျွေးပြီး ကျောင်းထားခဲ့သည့် အဖေသည် အမိအဖမရှိဘဲ လောကကြီးအလယ်မှာ တစ်ယောက်တည်း ကျန်ခဲ့မယ့်သား အတွက် အမွေတွေ ပေးထားခဲ့ချင်ပုံရသည်။

အမေသည် သူ့ကို မွေးစဉ်က ဆုံးပါးသွားခဲ့သည်။ အမေဆုံးပြီးနောက်ပိုင်းကတည်းက အဖေသည် နောက်အိမ်ထောင်မပြုဘဲ သူ့ကို ကျွေးမွေး၊ ကျောင်းထားခဲ့သည်။

အခုတော့ အဖေသည်လည်း သူ့ကို စွန့်ခွာသွားတော့မည်ဖြစ်သည်။

"သား. . . ကျေးသာ"

"ဗျာ. . . အဖေ"

"ဒီနား ထပ်တိုးပါဦး. . . အဖေ ပြောစရာရှိလို့"

"ဟုတ်. . . ဟုတ်ကဲ့အဖေ"

www.burmeseclassic.com

www.burmeseclassic.com

သိပ်မကြာသောအချိန်တွင် အဖေ ဆုံးသွားခဲ့သည်။ သူတို့ စကားတစ်ခွန်းမှလွဲ၍ အခြားဘာမှမပြောနိုင်တော့သဲ လောကကြီးကို နှုတ်ဆက်ထွက်ခွာသွားခဲ့သည်။

(၁)

အဖေ ဆုံးပြီးချိန်တွင် အဖေထားခဲ့တဲ့ အမွေပစ္စည်းဆို၍ လက်ရှိနေထိုင်သောအိမ်ကို ငှားထားသည့် (၁)လစာရယ်၊ အဖေ့ အဝတ်အစား (သူ့အဝတ်အစားလည်း ဒါတွေပဲ)၊ ဟင်းချက်ပြုတ်သည့် အိုးခွက်များနှင့် သူ့အဘိုး၏ တန်ဖိုးမရှိသော ပစ္စည်းနှစ်ခု လောက်သာ ကျန်ရစ်ခဲ့သည်။

သူတို့သားအဖနှစ်ယောက်မှာ အဆင်ပြေတဲ့သူများ မဟုတ်ကြသောကြောင့် အသုဘကိစ္စကို ရပ်ကွက်ကပဲ အစအဆုံး တာဝန်ယူ ကူညီပေးကြသည်။

ကျေးသာ သူငယ်ချင်းများကလည်း အစစအရာရာ ဝိုင်းဝန်းလုပ်ဆောင်ပေးကြလေသည်။

"ကျေးသာ"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



ရက်လယ်ပြီးနောက်ဆုံးတွင် သူနှင့် သူ့သူငယ်ချင်းနှစ်ဦး ဖြစ်သည့် ထွန်းမြင့်နှင့် ကျော်ဟန်တို့သာ ကျန်ရစ်ခဲ့သည်။

"မင်း ဘာဆက်လုပ်မလဲ"

"ငါ အလုပ်တစ်ခု လုပ်ရမှာပေါ့"

အဖေရှိစဉ်တုန်းက အဖေသည် သူ့ကို ပညာရေးသာ ဦးစားပေး သင်ကြားခိုင်းခဲ့သည်။

အိမ်က အဆင်မပြေသောကြောင့် အလုပ်ထွက်လုပ်မည်ဟု အတန်တန်ပြောသော်လည်း အဖေက လက်မခံခဲ့ပေ။

အခု သူဘွဲ့ရပြီး နှစ်ပတ်အကြာမှာပဲ အဖေက ဆုံးသွားခြင်း ဖြစ်သည်။ ထို့သို့ ဖြစ်ရခြင်းကိုက သူ့ကို ပို၍ဝမ်းနည်းစေသည်။

"ငါတို့ မင်းအတွက် အလုပ်ရှာထားပေးမယ်၊ မင်းက အိမ်မှာ တစ်ပတ်လောက်တော့ နားလိုက်ဦး၊ မင်းအဖေ ဆေးရုံတက်တုန်းကလည်း ပင်ပန်းထားတာဆိုတော့ မင်း နည်းနည်း အနားယူမှဖြစ်မယ်"

ထွန်းမြင့် ပြောစကားကို သူ လက်ခံလိုက်သည်။ အခု အချိန်မှာ ဘာကိုမှ မစဉ်းစားချင်ဘဲ တစ်နေရာရာမှာခွေပြီး နေချင်နေမိသည်။

နွမ်းလျနေပြီး အဖေ့ကိုလည်း သတိရနေသည်။

တစ်ချိန်တုန်းက နှစ်ယောက်အတူနေခဲ့သော အိမ်တွင် တစ်ယောက်တည်းနေရတော့ မနေတတ်သလို ဖြစ်နေသည်။



အိမ်ရှေ့က အဖေ့ခေါင်းသံလိုလို တစ်ချက်တစ်ချက် ကြားနေရသည်။ မငိုဘဲနဲ့ ဝဲနေသော မျက်ရည်တို့က သူ့မျက်ဝန်းအိမ်ထဲတွင် ဝေ့နေ၏။

"ငါတို့ ဒီနေ့ မင်းနဲ့အတူ အိပ်ပေးမယ်လေ"

ကျော်ဟန် စကားကို သူ ခေါင်းခါပြလိုက်သည်။

"ရပါတယ်ကွာ. . . ငါတစ်ယောက်တည်း ခဏနေချင်သေးတယ်"

ထို့နောက် ထွန်းမြင့်နှင့် ကျော်ဟန်တို့သည် သူစားရန်အတွက် လမ်းထိပ်က တစ်ခုခု ဝယ်ပေးသွားကြပြီးနောက် နှုတ်ဆက်ကာ အိမ်ပြန်သွားကြလေသည်။

ခဏအကြာတွင် တစ်အိမ်လုံးသည် တိတ်ဆိတ်သွားပြီး သူ တစ်ယောက်တည်းသာ ကျန်နေခဲ့တော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂)

လမ်းထိပ်က ခွေးအူသံ တစ်ချက်နှစ်ချက် ကြားရသည်။ ညဉ့်နက်နေသော်လည်း အိပ်မပျော်သေးဘဲ အိပ်ရာထဲ၌ လူးလှိမ့်နေမိသည်။

မနက်ဖြန်ကစပြီး မိမိဘဝကို မိမိဘာသာ ရှန်းကန်ရပေတော့မည်။ အလုပ်လုပ်မယ်ဆိုရင်ရော ဘာအလုပ်တွေ လုပ်ရမလဲဆိုပြီး စဉ်းစားနေပါသည်။

ယခုနေသော အိမ်ကလည်း လကုန်ဆိုရင် ပြည့်တော့မှာဖြစ်သောကြောင့် နေစရာပါ ပူရပေတော့မည်။

အိပ်မပျော်သောကြောင့် ထထိုင်လိုက်သည်။ အခန်းထဲကို လျှောက်ကြည့်လိုက်သည်။

အဖေနဲ့သူနဲ့ ဝတ်နေကျ အဝတ်ပုံတစ်ခု၊ ယပ်တောင်တစ်ချောင်း၊ စာရေးခုံနှင့် စာအုပ်တချို့သာ ရှိသည်။



ရောင်းချစရာဆို၍ ဘာမှ မယ်မယ်ရရ မတွေ့ရချေ။ ဒါတောင် အဖေက သူ့ကို အမွေပေးသွားခဲ့ချင်သေးသည်ဟု ဝမ်းနည်းနေရင်း ကြားမှပင် ပြုံးမိလိုက်သည်။

သို့သော် အဖေ့ရဲ့ နောက်ဆုံးစကားကိုတော့ သူ့စိတ်ထဲမှာ ပြန်စဉ်းစားနေမိသည်။

အဖေသည် သေဆုံးခါနီးဖြစ်သောကြောင့် ပြောချင်ရာ ပြောခဲ့တာလား။ ဒါမှမဟုတ် ဘာကိစ္စကြောင့် ပြောခဲ့ရတာလဲ။

ထိုင်နေရာမှ ထလိုက်ပြီး ရေအိုးစင်မှ ရေတစ်ခွက်သောက်လိုက်သည်။ ထို့နောက် အဖေ့ဓာတ်ပုံကို တစ်ချက်ကြည့်ပြီးနောက် ဝမ်းနည်းလာသောကြောင့် မျက်နှာကို ပြန်လွှဲထားလိုက်ရသည်။

"သား. . . ကျေးသာ"

"ဗျာ. . . အဖေ"

"ဒီနား ထပ်တိုးပါဦး. . . အဖေ ပြောစရာရှိလို့"

"ဟုတ်. . . ဟုတ်ကဲ့အဖေ"

ခေါင်းကို ခါယမ်းလိုက်သည်။

လက်ထဲက သောက်ရေခွက်ကို ရေအိုးပေါ် ပြန်တင်လိုက်ပြီး အိမ်ရာထဲ ပြန်လှဲနေလိုက်သည်။

"သား. . . အဖေမရှိတော့ရင် သားတစ်ယောက်တည်းနေရ တော့မှာ"

မျက်ရည်များ စီးကျလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဖေရယ်. . . ဘာဖြစ်လို့ ငိုနေရတာလဲ"

"မဟုတ်ဘူးသား၊ သား ဒီလိုနေရတာ အဖေ အပြစ် မကင်းသလို ခံစားနေရတယ်"

"ဟာ. . . မဟုတ်တာဘဲ အဖေရာ၊ အဖေက သား အပေါ် ဘာမကောင်းတာရှိလို့လဲ၊ ကျွေးမွေးတယ်၊ ပညာ သင်ပေး တယ်လေ"

ထထိုင်လိုက်သည်။ နားထဲသို့ ဝင်လာသော စကားသံများ ကို လက်ဖြင့် အတင်းပိတ်ရန် ကြိုးစားနေမိသည်။

ဒါပေမယ့် ဘယ်လိုလုပ်လုပ် ပြန်ကြားနေမိသည်။

"မဟုတ်ဘူးသား"

အဖေသည် မောနေပြီဖြစ်သည်။

စိတ်ထဲကလည်း ဘာကြောင့်မှန်းမသိ အဖေ သေများ သေတော့မလားဟု စိုးရိမ်မိနေသည်။

"သား. . ."

"ဗျာ"

"သားတစ်ယောက်တည်း ကျန်ခဲ့လို့ ဘာမှ မလုပ်တတ် မကိုင်တတ်ဖြစ်နေရင် အဖေ့မွေးရပ်ဖြစ်တဲ့မြို့ကို သွားပါ၊ အဲ့ဒါ အဖေ ပေးခဲ့မယ်ဆိုတဲ့ အမွေပါပဲ၊ သားနဲ့ထိုက်ရင် ရပါလိမ့်မယ်"

"အဖေကလည်း အဲ့ဒီမှာ အဖေ့အိမ် ရှိလို့လား"

အဖေက ခေါင်းခါပြသည်။



"အမျိုးတွေရှိလို့ သားကို လွှတ်တာလား"

ခေါင်းခါပြပြန်သည်။

"အဖေ အကြွေးရစရာလူ ရှိလို့လား"

"မ. . . မဟုတ်ဘူးသား"

"အဲ့ဒါတွေ မဟုတ်ရင် ဘာဖြစ်လို့များ အမောခံနေရ တာလဲ အဖေရာ၊ သား မသိချင်ပါဘူး"

တကယ်လည်း အဖေ့စကားမပြောဖြစ်အောင် လျှောက် မေးနေခြင်းဖြစ်သည်။

အဖေ့မြို့မှာ အိမ်တစ်လုံးရှိပါက အဖေ ဒီမှာ အိမ်ငှား မနေပါ။ အမျိုးတွေ ရှိလို့လားဆိုတော့လည်း မဟုတ်ပြန်ဘူး။ သူ့တစ်သက် ဘယ်အမျိုးကိုမှလည်း မတွေ့ခဲ့ဘူးပါ။

ဒါပေမယ့် အဖေသည် ဘာမှမလုပ်တတ်ဖြစ်နေရင် သူ့မြို့ကို သွားပါဟု တတွတ်တွတ်မှာကာ ဆုံးပါးသွားခဲ့လေသည်။

"ဟင်း"

ဒီညတော့ အိပ်ပျော်မှာ မဟုတ်တော့ချေ။ ထိုအကြောင်း တွေပဲတွေးရင်း မိုးလင်းသွားလိမ့်မည်ထင်သည်။

သို့သော် ကံကောင်းစွာနဲ့ပဲ မနက်လင်းခါနီးတွင် တစ်ရေး အိပ်မောကျသွားလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

နှစ်ပတ်ခန့်ကြာသောအခါ

www.burmeseclassic.com

www.burmeseclassic.com

## (၃)

မောမောနဲ့ အိမ်ပေါ်ကိုတက်လိုက်ပြီး လွယ်အိတ်ကို ပစ်ချကာ ရေတစ်ခွက်ကို အငမ်းမရ သောက်လိုက်သည်။

ဒီနေ့လည်း အလုပ်မရဘဲ ပြန်လာခဲ့ရပြီ။

လျှောက်တဲ့အလုပ်တိုင်းကလည်း တင်ထားခဲ့ဆိုတာချည်းပဲဖြစ်သောကြောင့် ဘယ်နေ့ အလုပ်ရမယ်ဆိုတာ မသေချာဘဲဖြစ်နေသည်။

ကြုံရာကျပန်းအလုပ်တောင် မလွယ်ကူဘဲ ရှိနေသည်။

"ဟူး"

လေပူမှုတ်ထုတ်ပြီး ကြမ်းပြင်ပေါ် ထိုင်ချယုံပဲရှိချိန်တွင် အိမ်ထဲသို့ ဝင်လာသော အဒေါ်ကြီးကြောင့် စိတ်ညစ်သွားလေသည်။

သူလက်ရှိ နေနေသော အိမ်ပိုင်ရှင် ဒေါ်ငြိမ်းဖြစ်သည်။

"ဟဲ့. . . ကျေးသာ"



"ဗျာ. . . ဒေါ်ငြိမ်း. . . လာလေ၊ ထိုင်ဦး. . ."

"မထိုင်တော့ဘူး၊ နင့်ကို ငါလာမေးတာ၊ နင်ဒီအိမ်ဆက်ငှားဦးမှာလား"

"အင်း. . . ငှားဖြစ်မယ်ထင်တယ် ဒေါ်ငြိမ်း၊ ကျွန်တော်အလုပ်ရှာနေတယ်"

"အလုပ်ရှာနေတယ် မလုပ်နဲ့၊ ငါလည်း ငွေလိုလို့၊ ဒီအိမ်ကိုနင်ဆက်ယူမယ်ဆိုရင် (၆)လစာတော့ ပေးရမယ်"

"ဟာ. . . ဒေါ်ငြိမ်းရယ်၊ အရင်လို တစ်လစီပဲ ယူပါလား"

"မရလို့ပါ ကျေးသာရယ်၊ ငါလည်း အခက်အခဲဖြစ်နေလို့၊ နို့မို့ဆို နင့်ကို တစ်လချင်းစီ ပေးခိုင်းပါတယ်"

သူ့လက်ထဲမှာ ရက်လည်တုန်းကကျန်သည့် ကူငွေအနည်းငယ်သာ ရှိတော့သည်။ အိမ်ငှားဖို့ (၆)လစာမပြောနဲ့ နောက်ရက်တွေဆို စားဖို့တောင် အနိုင်နိုင်ဖြစ်တော့မှာကို တွေးကြည့်နေရသည်။

"ဒါဆိုလည်း ဒေါ်ငြိမ်းရယ် လကုန်ပြီး ပထမအပတ်ထိတော့ ကျွန်တော့်ကို ခဏပေးနေဗျာ"

ဒေါ်ငြိမ်းသည် စိတ်သဘောထားကောင်းသူဖြစ်ပြီး အခက်အခဲရှိ၍သာ ထိုသို့လုပ်မှန်း သူသိနေသည်။

ထို့ကြောင့် အားနာနာနဲ့ပဲ အကူအညီတောင်းရသည်။ ဒေါ်ငြိမ်းကလည်း သူ့အဖြစ်ကို သနား၍လားမသိ၊ 'တစ်ပတ်ပဲနော်'

www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုပြီး ထွက်သွားလေသည်။

ဒေါ်ငြိမ်းထွက်သွားပြီး ခဏအကြာတွင် သူ့အိတ်ကပ်ထဲရှိ ငွေလက်ကျန်အချို့ကို ထုတ်ရေကြည့်လိုက်သည်။

အကြွေတချို့နဲ့ အတန်ကြီးတချို့ပေါင်းရင် ၂၁၅၀၀ သာ ရှိတော့သည်။

အလုပ်ရှာလမ်းစရိတ်၊ စားစရိတ်တွေနှင့် ထို ၂၁၅၀၀ သည် ဘယ်နှစ်ရက်ခံမည်နည်း။

အလုပ်လည်းမရ၊ ပိုက်ဆံတွေလည်း ကုန်သွားပြီဆိုရင် ဘာလုပ်မလဲ။ တွေးရင်းနဲ့ ဦးနှောက်ခြောက်လာသည်။

ထားပါတော့။ အလုပ်မရခင် ဒီပိုက်ဆံလေးနဲ့ မွေးစားလို့ ရသည်ဆိုသော်လည်း ဒီလကုန်ပါက အိမ်ပေါ်မှ ဖယ်ပေးရတော့မည်။

ဒါဆို ဘယ်မှာသွားအိပ်မလဲ။ သူငယ်ချင်းတစ်ယောက် အိမ်မှာများ သွားနေရင် ကောင်းမလား။

မဖြစ်သေးပါဘူး။ သူတို့တောင် သူတို့မိသားစုတွေနဲ့ ကျပ်သိပ်နေတာ။

ငါက ဘယ်လိုလုပ် သွားလို့ရမလဲ။ အမျိုးတစ်ယောက်ရှိရင်လည်း ကောင်းသား။

ဒါပေမယ့်သိတတ်စအချိန်ကစပြီး အမျိုးဆိုတာ တစ်ယောက်မှ မတွေ့ဘူး၊ မသိဘူးပေ။



အဆောင်ဆိုရင်တော့ အိမ်ထက် ဈေးပေါတယ်လို့ ကြားဖူးတယ်။ နောက်ဆုံး မရပါက ဈေးပေါသောအဆောင်တွင် ငှားနေမည်ဟု ယာယီဆုံးဖြတ်ထားလိုက်သည်။

ထိုသို့ ဆုံးဖြတ်ချက်ချလိုက်၍လားမသိ၊ စိတ်ထဲတွင် ပေါ့ပါးသွားကာ လမ်းထိပ်က ဝင်ဝယ်လာသော အသုပ်စုံတစ်ပွဲကို ထမင်းနှင့် ရောစားရန်အတွက် အိမ်နောက်ဖေးသို့ လှမ်းဝင်လိုက်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၄)

ထင်ထားသည့်အတိုင်းပင် လကုန်ရက်နီးလာသည့်အထိ အလုပ်မရသေးချေ။ နောက်ပြီး ပို့ဆိုးသည်က စုံစမ်းလိုက်သည့် အဆောင်များသည် လူပြည့်နေသည်ကများပြီး လွတ်သည့်အဆောင်များကလည်း ဈေးကြီးသည့်အဆောင်များ ဖြစ်နေသည်။

နှစ်လစာ ကြိုပေးရမည်ဟုလည်း ဆိုသေးသည်။ ဝင်ငွေမရှိသေးတော့ ဘယ်လိုမှ နှစ်လစာ မပေးနိုင်သေးချေ။

သူ့သူငယ်ချင်း ထွန်းမြင့်နှင့် ကျော်ဟန်ကလည်း သူ့အတွက် တတ်နိုင်သလောက် အလုပ်ရှာပေးကြပါသည်။

သို့သော်လည်း ဟိုနေ့ရမယ်၊ ဒီနေ့ရမယ်နှင့် ပျက်သွားတာများသည်။

"မင်း. . . နေစရာ မရှိသေးရင် ငါတို့အိမ်မှာ ခဏလာနေကွာ"



သူငယ်ချင်းတွေကတော့ သူ့အပေါ် ကောင်းရှာပါသည်။ ဒါပေမယ့် သူတို့လည်း သူတို့ဒုက္ခနဲ့ဆိုတော့ ကိုယ့်ဘာသာကိုယ် နေမယ်လို့ပဲ ပြောလိုက်ရသည်။

"မင်း. . . လကုန်ပြီးတဲ့အထိ အလုပ်မရဘူး၊ နေစရာရှာလို့မရဘူးဆိုရင် ဘာလုပ်မလဲ"

တကယ်တော့ သူ ဘာမှ မတွေးထားသေးပါ။

ဖြစ်ချင်ရာဖြစ်ဆိုသည့် တဇွတ်ထိုး စိတ်တွေလည်း ပါမည်ဟု ထင်ပါသည်။

နောက်ဆုံး မည်သို့မှ မတတ်နိုင်သည့်အခါမှ အဖေပြောခဲ့သည့် စကားကိုသာ လိုက်နာဖို့ ရှိတော့သည်။

"သားတစ်ယောက်တည်း ကျန်ခဲ့လို့ ဘာမှ မလုပ်တတ်မကိုင်တတ်ဖြစ်နေရင် အဖေ့ မွေးရပ်ဖြစ်တဲ့ မြို့ကိုသွားပါ၊ အဲ့ဒါ အဖေပေးခဲ့မယ်ဆိုတဲ့ အမွေပါပဲ၊ သားနဲ့ထိုက်ရင် ရပါလိမ့်မယ်"

အဆင်မပြေဖြစ်တိုင်း အဖေမှာထားခဲ့တဲ့စကားကိုသာ ကြားယောင်နေမိသည်။

အဖေ သေဆုံးခါနီး ဂယောင်ချောက်ချား ပြောခဲ့တဲ့ စကား တွေလား။ ဒါမှမဟုတ် ဘာကို ဦးတည်ပြီး ပြောခဲ့လဲဆိုတာ အဖေ တစ်ယောက်သာ သိနိုင်မည်ဖြစ်သည်။

"ဘာမှ မဖြစ်သေးဘူးဆိုရင်တော့ ငါ့အဖေမှာခဲ့တဲ့အတိုင်း သူ့မြို့ကို သွားဖို့ပဲ ရှိတော့တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . မင်းပြောတော့ အမျိုးတွေလည်း မရှိဘူး၊ အိမ်လည်း မရှိဘူး၊ မင်းအတွက် ဘာဆိုဘာမှ မရှိဘူးဆိုတဲ့မြို့ကို ဘာသွားလုပ်မှာလဲ"

"အဲ့ဒါတော့ ငါသိပါတယ်ကွာ၊ အဖေက သူသေရင် ငါဒီလို ဒုက္ခတွေ ကြုံတွေ့မှာစိုးလို့ စဉ်းစားလို့ရအောင် တစ်ခုခု ပြောခဲ့ပုံရတယ်၊ အကြောင်းမဲ့တော့ မဟုတ်ဘူးထင်တယ်"

သူ့စကားကို သူငယ်ချင်းနှစ်ယောက်က လက်မခံသော်လည်း ပြန်တော့ မငြင်းပေ။

"အေးလေ. . . မင်းလည်း မင်းအဖေဆုံးပြီးကတည်းက ဖိအားတွေများနေတော့ စိတ်ပြေလက်ပျောက်အနေနဲ့ သွားချင်သွားပေါ့၊ မင်းသွားတဲ့အချိန်မှာ ငါတို့ အလုပ်ရှာထားပေးမယ်လေ၊ ငါတို့ဆီလည်း ဖုန်းဆက်ကြည့်ပေါ့"

"မင်း အဲ့ဒီကိုသွားရင် ပိုက်ဆံလိုဦးမှာပေါ့ကွ"

ကျော်ဟန်က ဝင်ပြီးသတိပေးသည်။

သူက အိတ်ကပ်ထဲမှ လက်ကျန်ငွေကို ထုတ်လိုက်ပြီး ရေကြည့်ရာ တစ်သောင်းစွန်းစွန်းလေးပဲ ရှိတော့သည်။

"ဒါနဲ့ ဘယ်လိုလုပ် သွားလို့ရမှာလဲကွ"

ထွန်းမြင့်က သူ့လက်ထဲကပိုက်ဆံကိုကြည့်ပြီး ပြောလေသည်။

"မင်းတို့ဆီမှာ ရှိတာလေး ငါ့ကို နည်းနည်းလောက် ချေးလိုက်ပေါ့ကွာ"



"ချေးချင်ပါတယ်၊ ဒါပေမယ့် ငါတို့နှစ်ယောက် ပေါင်းလိုက်ရင်တောင်မှ မင်းထက် နည်းသေးတယ်"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ နည်းနည်းလေး ပိုသွားတာပေါ့"

"နေဦး. . . ကျေးသာ၊ နေဦး"

ကျော်ဟန်က အခုမှ သတိရသလိုပုံစံဖြင့် ဝင်ပြောသောကြောင့်-

"ဘာဖြစ်ရပြန်တာလဲ"

"မင်း. . . ပိုက်ဆံလိုနေတယ်၊ အလုပ်လိုနေတယ်ဆိုရင် မင်း မမ အပျိုကြီး မအေးကြင် ရှိနေတာပဲ၊ ဟဲ. . . ဟဲ. . . သူက မင်းကို ကူညီမှာကွ"

"အေး. . . ဟုတ်တယ် ကျေးသာ၊ အဲ့ဒါ ငါတို့ မေ့နေတာပဲ. . . အဟီး၊ အလုပ်လည်းရ. . . အဟီး"

"တော်ပါကွာ. . . မင်းတို့ပြောတာတောင် နောက်ကျနေသေးတယ်၊ သူက ငါ့ဆီကို နေ့တိုင်းလာတယ်၊ အလုပ်မရှိဘူးဆိုရင် သူ့ဆီမှာ လာလုပ်ပါနဲ့ နေ့တိုင်းနားပူနေတာပဲ၊ လာရင်လည်း ဟိုဟာဝယ်လာရတာနဲ့ ဒီဟာဝယ်လာရတာနဲ့"

"ဟာ. . . အဲ့ဒါ ကောင်းတာပေါ့"

"ဘာကောင်းတာလဲကွ၊ မင်းတို့က ဘာသိလို့လဲ"

"သိပါတယ် ကျေးသာရယ်၊ မအေးကြင်က ပိုက်ဆံရှိတယ်၊ ပြီးတော့ အပျိုကြီး၊ မင်းကို ကြိုက်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



“တော်ပါပြီကွာ. . . မင်းတို့က ငါ့ကို ဗွီဒီယိုထဲကအတိုင်း လာပြောနေကြတာပဲ”

ကျေးသာက နောက်နောက်ပြောင်ပြောင် စကားတွေ လျှောက်ပြောသောကြောင့် မအေးကြင်အကြောင်းကနေ အခြား အကြောင်းအရာ လွှဲသွားကြလေသည်။

မပြီးသေးတာက ထိုသကောင့်သားနှစ်ယောက်ဖြစ်သည်။ ထိုမပြီးသေးတာကိုလည်း နောက်တစ်နေ့မှသာ သိရသည်။

■

(၅)

“မောင်လေးကျေးသာ. . . မင်း ခရီးသွားဖို့ ပိုက်ဆံလို နေလို့ဆို”

“အာ. . . မအေးကြင်ကို ဘယ်သူကပြောလဲ”

အိမ်ပြန်ရောက်ပြီး မကြာခင် ရောက်လာသော မအေးကြင် စကားကြောင့် ဘယ်သူတွေ ပြောလိုက်မှန်း ရိပ်မိလိုက်သည်။

ဒီကောင်တွေတော့ တွေ့မယ်။

“ဒီလိုပဲ သိတာပေါ့ မောင်လေးရယ်၊ အစ်မက မောင်လေး အကြောင်း. . .”

“ကျွန်တော် ခရီးသွားဖို့ ပိုက်ဆံရခဲ့ပြီဗျ”

တကယ်တော့ ဘာမှ မရသေးပါ။ ပြီးပြီးရော ပြောလိုက် ခြင်းသာ ဖြစ်ပါသည်။

“ရပြီးလည်း အပိုအလိုသုံးရအောင် မင်းနဲ့ကိုက်မယ့်

www.burmeseclassic.com

www.burmeseclassic.com



အလုပ် တစ်ခု အစ်မတွေ့ထားတယ်"

"အာ. . ."

သူ စိတ်ညစ်သွားပုံကို မအေးကြင်က တွေ့သွားပြီး-

"အစ်မဆီမှာ လုပ်ရမှာ မဟုတ်ပါဘူးဟယ်. . . အစ်မ အသိတစ်ယောက်ဆီမှာ၊ လုပ်ရမှာကလည်း တစ်ပတ်တည်းပါ"

ဟု ကမန်းကတန်း ပြောလိုက်သောကြောင့် မအေးကြင်ကို အားနာသွားရလေသည်။

ဒါပေမယ့် မအေးကြင်ပြောသည့် တစ်ပတ်တည်း လုပ်ရမည့်အလုပ်ကို စိတ်ဝင်စားသောကြောင့်-

"ဘာအလုပ်လဲ အစ်မ"

ဟု မေးလိုက်သည်။

"မောင်လေးက စာလည်းဖတ်တယ်၊ ဉာဏ်လည်း ကောင်းတယ်ဆိုတော့ အစ်မအသိ ဆရာတစ်ယောက်က စာအုပ်တစ်အုပ် ပြုစုစရာရှိလို့ အကူတစ်ယောက်လိုတယ်ပြောတာနဲ့ မောင်လေးကို သတိရပြီး လာပြောတာ၊ သူလိုချင်တဲ့ လူကလည်း စာဖတ်တာကို ဝါသနာပါရမယ်၊ ဉာဏ်ကောင်းရမယ်၊ မပျင်းရဘူးဆိုတော့ မောင်လေးနဲ့ အံကိုက်ပဲ"

ထိုအလုပ်ကို တော်တော်လေး စိတ်ဝင်စားသွားသည်။ စာအုပ်များနှင့် ပတ်သက်သောကြောင့် ပို၍ပင် စိတ်ဝင်စားသွားသည်။



ငယ်ငယ်လေးတည်းက အပြင်စာတော်တော်များများကို ဖတ်လေ့ရှိပြီး နောက်ပိုင်းတွင် စာအုပ်များ မဝယ်နိုင်သောကြောင့် စာကြည့်တိုက်များကိုသာ အားကိုးပြီး ဖတ်ခဲ့ရလေသည်။

"သူက ဘာစာအုပ် ပြုစုမှာလဲ"

"အစ်မလည်း မသိဘူး၊ သူပြောတာတော့ စုံနေတာပဲ၊ မောင်လေး စိတ်ဝင်စားရင် အစ်မ ပြောပေးမယ်လေ"

"ကျွန်တော် စိတ်ဝင်စားပါတယ်၊ အချိန်က ဘယ်လောက် လုပ်ရမှာလဲ"

"တစ်ပတ်လောက်ပဲ လုပ်ရမှာပါ"

ဒီလိုနဲ့ မအေးကြင်အသိဆီမှာ ဝင်လုပ်ဖြစ်သည်။ ဘာပဲ ဖြစ်ဖြစ် မအေးကြင်ကိုတော့ ကျေးဇူးတင်မိသည်။

မည်သို့ဆိုသော် ပိုက်ဆံလည်းရပြီး စာအုပ်စာတမ်းများလည်း ဖတ်ရှုရသောကြောင့် ဖြစ်သည်။

လုပ်ရသည့်အလုပ်မှာ လိုချင်သည့်အကြောင်းအရာများ ရအောင် စာကြည့်တိုက်များသွားပြီး စာအုပ်ပြုစုသူနှင့်အတူ ဖတ်ရှု ပြန်ကူးရ၊ ဆွေးနွေးရနှင့် ပျော်စရာကောင်းသော အလုပ်တစ်ခု ဖြစ်ခဲ့သည်။

ပြုစုရသည့် စာအုပ်အကြောင်းအရာများမှာ စုံလင်လှပေသည်။ စက်များ၊ သချာအကြောင်းအရာများနှင့် နိုင်ငံခြားတိုင်းပြည် များမှ ပညာရပ်များအကြောင်းတို့ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် တစ်ပတ်အတွင်း ထိုလုပ်ငန်းများ ပြီးစီးသွားပြီး လက်ထဲမှာလည်း ခရီးသွားဖို့ ငွေအလုံအလောက် ရရှိသွားသောကြောင့် အဖေမှာခဲ့သည့် သူ့မြို့ဆီသို့ ခရီးထွက်ရန် ပြင်ဆင်ရလေသည်။

■

တကယ်တော့
ဘဝဆိုတာ
သစ်ပင်လိုပါပဲ အဖေ
ကိုယ်တိုင် စိုက်ပျိုးမှ
ရှင်သန်ရတာပါ

www.burmeseclassic.com

www.burmeseclassic.com

## (၆)

ဤတွင် စတင်ပြီး ဒုက္ခရောက်တာက အဖေနေခဲ့တဲ့မြို့ကို ဘယ်လိုသွားလို့ သွားရမှန်းမသိချေ။ အဖေ့ရဲ့မွေးရပ်မြို့ကို အဖေ ပြောဖူး၍သာ ကြားဖူးပြီး၊ ရောက်လည်း မရောက်ဖူးပေ။

နာမည်ကြီး မြို့လေးတစ်မြို့မဟုတ်သောကြောင့် သိတဲ့ လူလည်း ရှားလှပေသည်။ ထို့ကြောင့် ဘယ်လိုသွားရမလဲဆိုတာကို အစအနရှာမရဘဲ ဖြစ်နေသည်။ မြေပုံတွေမှာလည်း ရှာမတွေ့ပေ။

အဖေသည် သူ့မြို့လေးနဲ့ ပတ်သက်တဲ့ ကိစ္စများကို သိပ် ပြောလေ့ပြောထ မရှိပေ။ တစ်ခါတစ်ရံ မေးတာတောင်မှ ဘာလုပ် မလို့လဲဟု ပြန်မေးတတ်သည်။ ထို့ကြောင့် အဖေ့ရဲ့ မွေးရပ်ကို နာမည်ကလွဲလို့ ဘာမှ ရေရေရာရာမသိဘဲ ဖြစ်ခဲ့သည်။

ထိုသို့ဖြင့် အစအနရှာလို့မရချိန်တွင် ရပ်ကွက်ထဲက အဖေ့ သူငယ်ချင်းတစ်ယောက်က အဖေအသက်ရှိစဉ် အဖေ့မြို့လေး

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို စကားတစ်ခွန်းနှစ်ခွန်း ပြောဖူးကြောင်း၊ ဘယ်လိုသွားရမလဲ မေးကြည့်ဖူးကြောင်း စသဖြင့် သိရှိရသောကြောင့် ထိုအဖေ့သူငယ်ချင်းကိုပဲ အကူအညီတောင်း မေးမြန်းရလေသည်။

အဖေ့သူငယ်ချင်းကလည်း သိပ်သိလှရယ်လို့တော့ မဟုတ်ဘဲ သူမှတ်မိသလောက်တော့ ပြောပြရှာသည်။

ထိုသို့ဖြင့် အဖေ့မြို့ကိုသွားဖို့အတွက် လမ်းစပေါ်လာခဲ့သည်။ အဖေ့မြို့လေးသည် လူသွားလူလာနည်းပါးပြီး တသီးတသန့်ဆန်စွာ ဖွံ့ဖြိုးနေသော မြို့ငယ်လေးတစ်မြို့ ဖြစ်ပုံရသည်။

“ငါသိရသလောက်တော့ မင်းအဖေမြို့က တော်တော်လေးဝေးတယ်ကွ၊ လမ်းလည်း ကြမ်းတယ်လို့ပြောတယ်”

“အဖေ့မွေးရပ်က မြို့လား၊ ရွာလားဗျ”

“ရွာတော့ မဟုတ်ဘူးလို့ ပြောတယ်၊ မြို့ငယ်လေးလို့တော့ ပြောတာပဲကွ၊ မြို့ငယ်လေးတစ်မြို့ရဲ့ အင်္ဂါရပ်တွေ ရှိတယ်တဲ့”

“ဒါဆို ကျွန်တော်က အဲ့ဒီကို ဘယ်လိုသွားရမှာလဲ”

“အင်း. . . ခဏလေး ခဏလေး၊ မင်းအဖေ ပြောဖူးပုံအရဆိုရင် ဒီကနေ . . . . . . . . . . မြို့ကို ရောက်အောင် ကားစီးသွားရမယ်၊ အဲ့ဒါတောင် တော်တော်စီးရတယ်တဲ့၊ အဲ့ဒီမြို့ကိုရောက်မှ မင်းအဖေမြို့ကို ဘယ်လိုသွားရတယ်ဆိုတာ စုံစမ်းမေးမြန်းသွားလို့ရတယ်တဲ့”

ဤသို့ဖြင့် ငှားထားသော အိမ်လေးကိုအပ်ပြီး ပစ္စည်းအချို့



(ချက်ပြုတ်သည့် ပစ္စည်းများသာ)ကို သူငယ်ချင်းများအိမ်တွင် အပ်ကာ ခရီးစတင်ထွက်ခွာလာခဲ့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၃)

ပထမဦးဆုံး အဖေ့သူငယ်ချင်းပြောပြသည့်မြို့ကို ကားနဲ့ သွားရသည်။ လမ်းကလည်း ကြမ်းသည်။ ကားကလည်း သက်သောင့် သက်သာမရှိဘဲ မကြခဏဆိုသလို လမ်းမှာ ကား ပျက်နေသေး သည်။

ကားပေါ်တွင် သူ့လို တစ်ကိုယ်ရည်တစ်ကာယ ခရီးထွက်သူ မပါဝင်ဘဲ ပစ္စည်းများ၊ ကြက်များ၊ စားစရာများ အပြည့်အသိပ် တင်လာပြီး လူများကလည်း ပစ္စည်းများပေါ် တက်ထိုင်သူနဲ့၊ ကား ခေါင်မိုးပေါ် ပါလာသူများနှင့် ကားတစ်စီးလုံးမှာ ပြည့်ကျပ်သိပ်နေ လေသည်။

သူတောင်မှ ခုံလေးနှင့် ထောင့်တစ်နေရာစာရလို့ တော်သေး သည်။ ထိုသို့ဖြင့် ကားပျက်လိုက်၊ ဆင်းလိုက်၊ ပြန်သွားလိုက်နှင့် သွားကြရာ ပထမဦးဆုံး သွားရမည့်မြို့ကို တစ်နေ့နှင့်နေ့တစ်ဝက် ကြာမှသာ ရောက်လေသည်။



ထိုမြို့ကို ရောက်မှပဲ အခက်အခဲ အကြီးအကျယ် တွေ့လေ တော့သည်။ မည်သို့ဆိုသော် သူ့အဖေရဲ့ မွေးရပ်မြို့ကို ဘယ်သူမှ မသိခြင်းပင်ဖြစ်သည်။

"မသိဘူးဗျ. . . ဒီနားတစ်ဝိုက်မှာတော့ ခင်ဗျားပြောတဲ့ မြို့ မရှိဘူးထင်တယ်"

"ဟို. . . သေချာပြန်စဉ်းစားပေးပါဦးဗျာ. . . ညွှန်တဲ့လူက လည်း ဒီမှာ စုံစမ်းရင်သိတယ်ဆိုလို့ပါ"

"တကယ်ပါ. . . ခင်ဗျားပြောတဲ့မြို့ကို မသိကို မသိတာပါ"

တော်တော်လေးစိတ်ပျက်ပြီး ထိုနေရာမှာပင် ထိုင်ချလိုက် သည်။

သူရောက်နေသည့်နေရာမှာ ဒီမြို့ရဲ့ ကုန်ကားများ ရပ် နားရာ နေရာတစ်ခုဖြစ်သည်။

အိတ်တစ်လုံး၊ ပိုက်ဆံအနည်းငယ်နှင့် သူ မသိသောမြို့မှာ ဘာဆက်လုပ်လို့ လုပ်ရမှန်းမသိချေ။

ဒါနဲ့ ဒီဦးလေးကြီးများ မသိလို့များလားဆိုပြီး နောက် တစ်ယောက်ကို မေးကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။

ထိုသို့ဖြင့် ရှေ့ဆက်သွားရာ လက်ဖက်ရည်ဆိုင်လေး တစ် ဆိုင်တွေ့၏။ ဆိုင်ပိုင်ရှင်ကို မေးကြည့်ရာ သူကလည်း မသိဘူးဟဲ့ ပြောနေလေသည်။

သူက မသေချာ၍ ဆိုင်ထဲတွင် ထိုင်နေသော သူ့အသိ

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းဝိုင်းကိုလည်း မေးမြန်းပေးလေသည်။

ထိုဝိုင်းက လူများကလည်း မသိချေ။ သူမှာ စိတ်မောလူမော ဖြစ်လာပြီး လက်ဖက်ရည်တစ်ခွက်မှာကာ ထိုဆိုင်ထဲမှာပဲ ထိုင်နေ လိုက်သည်။

ရှေ့ဆက်သွားလို့ မရတော့ပါက သူနေရပ်ကိုသာ ပြန်ရ တော့မည်ဖြစ်သည်။ မလာခဲ့ရင်အကောင်းသားဟုဆိုပြီး မိမိ ကိုယ်ကို အပြစ်တင်နေမိသည်။

မှာထားသော လက်ဖက်ရည် လာချသည်၊ အပြင်ကိုကြည့် လိုက်တော့ နေကပူနေပြီး စိတ်ပျက်စရာကောင်းလောက်အောင်ပင် လူအများက ရှုပ်ရှက်ခတ်နေသည်။

ကုန်စည်တစ်ခုခု ထွက်ရှိရာမြို့ဖြစ်ပုံရသောကြောင့် ကုန် ကားများကိုသာ တွေ့ရသည်။

"ဒီမှာ. . . ကောင်လေး"

"ဗျာ. . ."

သူ့ဘေးနားကဝိုင်းမှာ ထိုင်နေတဲ့လူကြီးက လှမ်းခေါ်ခြင်း ဖြစ်သည်။

"မင်း ခုနမေးနေတဲ့မြို့က ဘယ်မြို့. . ."

". . . . မြို့ပါ ဦးကြီး"

"မင်းကို ဘယ်လိုပြောလိုက်လို့လဲ"

"မြို့ကတော့ ကျွန်တော့်အဖေရဲ့ မွေးရပ်မြို့ပါ၊ ကျွန်တော်



လည်း တစ်ခါမှ မရောက်ဖူးပါဘူး၊ အခု အဖေဆုံးတော့ အဲ့ဒီကို သွားပါဆိုတာနဲ့ ထွက်လာတာ၊ ဒီမြို့ရောက်လို့ မေးကြည့်ရင် သိတယ်ဆိုတာနဲ့ ဒီမြို့ကို အရင်ထွက်လာတာ"

ဦးလေးကြီးပုံစံက သဘောကောင်းပုံရသည်။ ဝိုင်းထဲတွင် တစ်ယောက်တည်းထိုင်နေပြီး ကုန်ကားမောင်းသမားတစ်ယောက် ဖြစ်ပုံရသည်။

"အချိန်တွေကကြာပြီဆိုတော့ မြို့က သိတဲ့လူတွေလည်း ပြောင်းလဲလောက်ပြီပေါ့ကွာ၊ ဒါပေမယ့် အခု ဦးသွားမယ့် အဝေး ပြေးလမ်းနဲ့ နည်းနည်းဝေးတဲ့နေရာမှာတော့ မြို့လေးတစ်မြို့ ရှိတယ်"

သူ ဝမ်းသာအားရဖြစ်သွားပြီး-

"ဟုတ်လား. . . ဦးကြီး၊ နာမည်က ဘာတဲ့လဲ"

ဟု အလျင်စလို မေးလိုက်မိသည်။

"နာမည်ကတော့ ဦးကြီးလည်း မသိဘူး"

"ဦးတောင်မှ အဲ့ဒီအဝေးပြေးလမ်းကို ဖြတ်နေတာ နှစ် ပေါင်းမနည်းတော့ဘူး၊ အဲ့ဒီမြို့ရှိတာတောင် မသိဘူး၊ တစ်နေ့ ကား ဖောက်လို့ အကူအညီ တောင်းရအောင်ဆိုပြီး လိုက်ရှာရင်းနဲ့ အဲ့ဒီမြို့ ကို ရောက်ဖူးတာပဲ"

"ရွာကြီးတစ်ရွာလား"

"ရွာကြီးတစ်ရွာတော့ မဟုတ်ဘူးကွ၊ အစုံရှိတယ်၊ တည်းခို

www.burmeseclassic.com

www.burmeseclassic.com



ခန်းတွေ၊ စားသောက်ဆိုင်တွေ စသည်ဖြင့်ပေါ့၊ ဦးကြီးအထင် တစ်သီးတစ်သန့်တည်း ဖွံ့ဖြိုးနေတဲ့ မြို့ငယ်လေးထင်တယ်”

“ကျွန်တော် သွားချင်တဲ့မြို့က အဲ့ဒီမြို့ ဖြစ်ပါ့မလား ဦးကြီး”

“အဲ့ဒါတော့ မသိဘူး၊ ဦးကြီးတွေ့ဖူးတဲ့မြို့နဲ့ ကောင်လေး လိုက်ရှာနေတဲ့ မြို့နဲ့များ တစ်ခုတည်းဖြစ်မလားဆိုပြီး ပြောကြည့်တာ”

သူ တွေဝေသွားလေသည်။

ထိုဦးကြီးပြောသောမြို့မှာ သူလိုက်ရှာနေသောမြို့ ဖြစ်ချင်မှဖြစ်မည်။ သို့သော်လည်း ဖြစ်ရင်လည်း ဖြစ်နိုင်သည်။

အခုအချိန်မှာ ဘာပဲဖြစ်ဖြစ် သူ့မွေးရပ်မြေကို မပြန်ချင်သေးပါ။ ပြန်ပါကလည်း သူနေဖို့အိမ် မရှိတော့ပါ။ ထို့ကြောင့် လျှောက်သွားကြည့်ချင်သည့်စိတ်က ပြင်းပြင်းပြပြဖြစ်နေသည်။

“ဒီမြို့နဲ့ အဲ့ဒီမြို့က ဝေးလား ဦးကြီး”

“အင်း. . . နည်းနည်းတော့ ဝေးတယ်၊ မင်းလိုက်ကြည့်ချင်တယ်ဆိုရင် ဦးကြီး ကားနောက်က လိုက်ခဲ့လို့ရပါတယ်”

“ကျွန်တော် လိုက်ခဲ့မယ်ဗျာ၊ အဲ့ဒီမြို့က ကျွန်တော် ရှာနေတဲ့မြို့ ဟုတ်မဟုတ် မသိပေမယ့် ကျွန်တော့်အဖေကလည်း မရှိတော့ဘူး၊ ကျွန်တော်ကလည်း ဘာလုပ်ရမှန်း မသိဖြစ်နေတဲ့အချိန်ဆိုတော့ လိုက်ခဲ့မယ်ဦးကြီးရယ်၊ ကျွန်တော် ကားခ ဘယ်လိုပေးရမလဲ”



“ပေးစရာ မလိုပါဘူးကွ၊ အလကား လိုက်ခဲ့ပါ၊ ဒါပေမယ့် ကားအနောက်က ကုန်စည်တွေပေါ် လိုက်ရတာဆိုတော့ သက်တောင့်သက်သာတော့ မဖြစ်ဘူးနော်”

“ရပါတယ်. . . ဘယ်လိုပဲဖြစ်ဖြစ်ပါ”

ထိုသို့ဖြင့် မျှော်လင့်ချက်နဲ့ ခရီးကြမ်းကို ပြန်စခဲ့ရသည်။

■

www.burmeseclassic.com

www.burmeseclassic.com

တစ်ချိန်ချိန်မှာ အမေသာဆို့ခဲ့ရင် ဘာအကြောင်းပဲ ဖြစ်ဖြစ် ပြန်ထပါဆိုတဲ့ အဖေ့စကားကို သတိရလျက်ပါ အဖေ။

(၈)

နေသည် ခြစ်ခြစ်တောက် ပူနေ၏။ မနေ့က တစ်နေ့လုံး မိုးအုံ့ခဲ့လေသမျှ ဒီနေ့ကျမှ ရက်ရက်စက်စက် ပူပြင်းနေလေသည်။

ထို့ကြောင့် လမ်းပေါ်မှာလည်း တစ်ယောက်မှ မရှိဘဲ လူရှင်းနေလေ၏။ အရိပ်ရသော အပင်များ၊ အဆောက်အဦများ၊ ဆိုင်များအတွင်းတွင် ဝင်ထိုင်ကြရင်း စကားပြောတဲ့လူက ပြောနေကြသည်။ စာဖတ်တဲ့လူကလည်း စာအုပ်လေးတစ်အုပ်နှင့် သစ်ပင်အောက်မှာ ငြိမ့်နေလေ၏။

တချို့ကလည်း လက်ဖက်ရည်လေးသောက်ရင်း အပူကြောင့် တံလျှပ်များထနေသော လမ်းမကြီးကို ငေးကြည့်ရင်း တောရောက်တောင်ရောက် တွေးတောနေကြလေသည်။

နေမပူလျှင် အတော်လူသွားလာများသော လမ်းမကြီးက ယခုတော့ ခြောက်ကပ်နေသည့် လမ်းတစ်ခုဖြစ်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"အိုက်လိုက်တာဗျာ. . . ဘကြီးမိုး ယပ်တောင်လေးရှိရင် ပေးပါဦး"

ဆိုင်ထဲတွင် ထိုင်နေသည့်လူက ကောင်တာကို လှမ်းအော်သည်။

ကောင်တာမှာ ထိုင်နေတဲ့ ဘကြီးမိုးဆိုသူကလည်း-

"ဟော့. . . ယပ်တောင်တဲ့ ပေးလိုက်ပါဦး"

ဟု လှမ်းအော်သံများ။

"အအေးဗျို့. . . အအေး"

"ဘယ်လိုပွဲပြင်းတဲ့ ရာသီဥတုလဲ မသိဘူး"

"အေးဗျာ. . . အဲ့ဒီတုန်းက ကျူပ်မရှိတာ နာတယ်၊ တကယ်တော့ အဲ့ဒီပွဲမှာ ကျူပ်ရှိရင် နိုင်မှာဗျ"

"နေစမ်းပါဦး. . . အဲ့ဒါက ချိုကျရော ဟုတ်လို့လား"

"ကောင်းပါပြီ. . . ကောင်းပါပြီ. . . ခင်ဗျားနဲ့ပြိုင်ပြီး မငြင်းတော့ဘူး. . . ဟုတ်ပြီလား"

"သေစမ်း. . . အမေမှာလိုက်တဲ့ပစ္စည်း ဝယ်ဖို့မေ့နေတာ သွားလိုက်ဦးမယ်. . . ရှင်းမယ်. . . ဘကြီးမိုးရေ"

"အဲ့ဒါပဲ. . . အဲ့ဒါပဲ. . . ကျူပ်ပြောတာ မှန်တယ် မှတ်လား"

စသည်ဖြင့် ဆိုင်လေးအတွင်းတွင် ဆူညံနေလေသည်။

"တောက်. . . ဒီလောက်ပူပြင်းနေတာကို ဘယ်ကောင်လဲကွ"



ရုတ်တရက် ထွက်ပေါ်လာသော အသံကြောင့် အားလုံး တိတ်ဆိတ်သွားလေသည်။ အသံမှာ အနည်းငယ် ကျယ်သွားသောကြောင့် ဘာဖြစ်တာလဲဟု စပ်စုရင်း အသံထွက်လာရာနေရာကို ကြည့်လိုက်၏။

လက်ဖက်ရည်သောက်ရင်း အဝေးက တံလျှပ်များကို တစိမ့်စိမ့်ထိုင်ကြည့်နေသော သူထံမှ အသံထွက်ပေါ်လာခြင်း ဖြစ်သည်။

ထိုသူသည် လမ်းမကြီး အဝေးတစ်နေရာကို ငေးကြည့်ရင်း ရေရွတ်ပြောဆိုလိုက်သောကြောင့် အားလုံးကလည်း ဘာများလဲဆိုပြီး လိုက်ကြည့်မိကြပြန်သည်။

အပူကြောင့် တံလျှပ်များ တဖျတ်ဖျတ် ထနေသော အဝေးက လမ်းမကြီးပေါ်တွင် လမ်းလျှောက်လာနေသော လူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ခေါင်းဆောင်းမပါ ဘာမပါနဲ့ နေပူထဲမှာ တရွေ့ရွေ့ လျှောက်လာနေခြင်း ဖြစ်သည်။

အိတ်တစ်အိတ်ကိုလည်း ကိုင်ထားပြီး အဝေးကကြည့်ယုံနဲ့တောင် ထိုသူမှာ ခြေကုန်လက်ပန်းကျပြီး မောပန်းနေပုံရသည်။

"ဟုတ်ပ. . . ဒီလောက် ပူပြင်းနေတာကို ဘယ်သူများလဲဟ"

www.burmeseclassic.com

www.burmeseclassic.com



ထိုအဝေးက လာနေသောလူကို အားလုံးက စိတ်ဝင်စား သွားကြပြန်သည်။

"ခရီးက ပြန်လာတဲ့လူ ထင်တယ်"

"မဟုတ်နိုင်ပါဘူး၊ အခုတစ်လော ငါတို့မြို့မှာ အခြားမြို့ကို ခရီးထွက်သွားတဲ့လူ ရှိမှ မရှိတာ"

ထိုသို့ ဟိုးအဝေးက လူတစ်ယောက်ကို လှမ်းကြည့်ရင်း တစ်ယောက်တစ်ခွန်း ပြောနေကြသောကြောင့် ဆိုင်ထဲရှိ အခြားလူများကလည်း စိတ်ဝင်စားလာပြီး ထိုင်နေရာမှ ထကြည့်ကြလေသည်။

ကောင်တာမှာရှိသော ဘကြီးမိုးလည်း ကောင်တာမှထပြီး ထိုလူကို လှမ်းပြီးကြည့်မိသည်။

ဝေးနေသောကြောင့် သဲသဲကွဲကွဲ မမြင်ရပေ။ သေချာတာကတော့ သူတို့မြို့ထဲသို့ ဦးတည်ဝင်လာနေခြင်းပင်ဖြစ်သည်။

"ဧည့်သည် ထင်တယ်"

တစ်ယောက်က ထင်မြင်ချက် ပေးပြန်သည်။

"ဟုတ်မယ် ထင်တယ်"

"အံ့မယ်. . . ဒါဆို ငါတို့မြို့ကို ဧည့် သည်တွေ ဘာတွေ ထူးထူးဆန်းဆန်း လာလို့ပါလား"

"ဘာလာလုပ်တာလဲ မသိဘူး"

"ငါတို့မြို့ တည်းခိုခန်းတော့ ဧည့်သည်တစ်ယောက် ရပြီပေါ့"



တစ်ယောက်တစ်ခွန်း ပြောနေကြစဉ်မှာပဲ အဝေးက လာနေသောလူမှာ တဖြည်းဖြည်းနှင့် နီးလာလေ၏။

"လူငယ်လေး တစ်ယောက်ပဲ"

သဲသဲကွဲကွဲ မြင်ရချိန်တွင် လူငယ်လေးတစ်ယောက်ဖြစ်မှန်း အားလုံး တွေ့လိုက်ရ၏။

ထိုသို့ဖြင့် ထိုလူငယ်လေးကို အားလုံး စိတ်ဝင်တစား ကြည့်နေစဉ်မှာပဲ ဆိုင်ထဲမှ ဦးလေးကြီးတစ်ဦးက-

"ဒီကောင်လေးကို ငါ မြင်ဖူးသလိုပဲ"

ဆိုသည့် ရေရွတ်သံကို အားလုံး ကြားလိုက်ရလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၉)

"ဒီမြို့နာမည်က ဘာလဲမသိဘူး ခင်ဗျာ"

ကျေးသာသည် နီးစပ်ရာ ဆိုင်တစ်ခုကို ဝင်လိုက်ပြီး ကောင်တာရှိ ဦးလေးကြီးကို မေးလိုက်လေ၏။

မောကလည်း မော၊ ရေကလည်း ဆာလာသောကြောင့် ကောင်တာနှင့် အနီးဆုံးခုံတွင် ဝင်ထိုင်ရင်း ရေတစ်ဘူးမှာကာ အရင်ဝင်ထိုင်လိုက်သည်။

အေးအေးဆေးဆေး ဖြစ်သွားမှသာ ကောင်တာရှိ ဦးလေးကြီးကို လှမ်းမေးလိုက်ခြင်း ဖြစ်သည်။

ကောင်တာက ဦးလေးကြီးက ချက်ခြင်းမဖြေသေးဘဲ သူ့ကို စိုက်ကြည့်နေလေ၏။

ထိုအခါမှပဲ ကျေးသာသည် ဆိုင်ထဲကို တစ်ချက်ကြည့်လိုက်ရာ အားလုံးမှာ သူ့ကို တအံ့တသြ ဝိုင်းကြည့်နေကြမှန်း တွေ့လိုက်ရလေသည်။

ထိုသို့ အားလုံးဝိုင်းကြည့်နေသောကြောင့် ကျေးသာမှာ ထိတ်ထိတ်လန့်လန့် ဖြစ်သွားလေ၏။

ဒုက္ခပဲ ငါ့ကို ဘာဖြစ်လို့ ကြည့်နေကြတာပါလိမ့်ဟု တွေးရင်း စိတ်လည်း စိတ်ပူနေမိသည်။

ဘယ်ရောက်လို့ ရောက်နေမှန်းမသိ၊ လူတွေကလည်း သူ့ကို ဖြူးကြောင်ကြောင်နဲ့ ကြည့်နေကြတယ်ဆိုတော့ ကျေးသာမှာ ပို၍ပင် နားမလည်နိုင် ဖြစ်နေမိသည်။

သူ့ကို တအံ့တသြ ကြည့်နေသူများမှာလည်း ကလေး၊ လူကြီး၊ လူငယ် အစုံအလင်ရှိသောကြောင့် ရယ်ပြုရနိုးနိုး၊ ထပဲ ပြန်ရမလိုလို၊ ဘာလိုလိုဖြစ်နေသည်။

ပိုဆိုးသည်က သူ့ကို ဘာမှ ပြန်မပြောကြဘဲ စူးစိုက်ကြည့်နေကြခြင်းပင် ဖြစ်သည်။

"ဟို. . . ဒီမြို့နာမည်က ဘာလဲဟင်"

ဒီတစ်ခါ ကောင်တာမှ ဦးလေးကြီးကို မဟုတ်တော့ဘဲ သူ့ကို ကြည့်နေကြသော သူများအားလုံးကို မရဲတရဲ မေးလိုက်ခြင်း ဖြစ်သည်။

မည်သူမှ ပြန်မဖြေကြဘဲ သူ့ကိုသာ ဆက်ကြည့်နေကြသောကြောင့် ကျေးသာမှာ ပို၍ ထိတ်လန့်လာလေ ၏။

ဒီမြို့ကို ဧည့်သည်မလာဘူးလို့ တအံ့တသြ ဝိုင်းကြည့်နေကြတာလား။

www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် ငါ့ကိုများ ဘာလုပ်ကြမလို့လဲ။

ကြာလာသောအခါ ကျေးသာမှာ မထိုင်ရဲတော့ဘဲ ထိုင်ခုံမှ ထပြီး-

"ရှင်း. . . ရှင်းမယ်"

ရေသန့်ဘူးဖိုး ရှင်းရန်အတွက် လှမ်းခေါ်လိုက်၏။

ဘယ်သူမှ ထွက်မလာချေ။ ဒါနဲ့ ဟိုကြည့်ဒီကြည့် လိုက်ကြည့်ရာ စားပွဲထိုးပုံစံနှင့် လူငယ်လေးနှစ်ဦးသည်လည်း အခြားလူများ ကြည့်နေသလို ကြည့်နေသောကြောင့် စိတ်ညစ်သွားပြီး ခန့်မှန်းကျသင့်ငွေကိုရှင်းကာ ဆိုင် ထဲမှ ဇဝေဇဝါနဲ့ ထွက်လာခဲ့ရသည်။

'ဘယ်လိုမြို့ပါလိမ့်'ဟု တွေးနေမိသည်။

ဆိုင်က ထွက်သွားသော လူငယ်လေး ခပ်လှမ်းလှမ်းရောက်မှပင် အားလုံးမှာ ပြန်သတိရလာသလို ဖြစ်သွားလေသည်။ ထိုစဉ် ကောင်တာရှိ ဘကြီးမိုးက ဆိုင်ထဲရှိ လူများအားလုံးကို တစ်ချက်ကြည့်ပြီး-

"သူပဲ ဖြစ်နိုင်တယ်ကွ"

ဟု ပြောလိုက်လေ၏။

■

(၁၀)

ကျေးသာလည်း နေပူထဲမှာ အိတ်ကိုဆွဲရင်း ဆက်လျှောက်လာခဲ့ရာ ရှေ့တွင် ဆိုင်တစ်ဆိုင်ကို တွေ့ပြန်၏။

ဆိုင်ကတော့ နာမည် မရှိချေ။ ဒီတစ်ဆိုင်ကတော့ ငါ့ကိုပြန်ဖြေလောက်ရဲ့လို့ တွေးလိုက်ရင်း ဆိုင်ထဲကို လှမ်းဝင်လိုက်သည်။

ဝင်လိုက်သောအခါမှပင် မှားမှန်းသိလိုက်ရ၏။ မည်သို့ဆိုသော် ဆိုင်ထဲတွင် မိန်းကလေးများသာ ထိုင်နေကြသောကြောင့် ဖြစ်သည်။

သူ ဝင်လာတာကို မြင်သောကြောင့် ဆိုင်ထဲရှိ အမျိုးသမီးများအားလုံး စကားသံ တိတ်သွားလေ၏။

ပြီးနောက် အမျိုးသမီးတစ်ဦးသည် ဝင်လာသူကိုကြည့်ပြီး-

"ဟင်"

ဟု တအံ့တဩ ဖြစ်သွားချိန်တွင် ဆိုင်ထဲရှိ အားလုံး၏ မျက်နှာများတွင်လည်း တအံ့တဩ အရိပ်အယောင်များ ဖြတ်

www.burmeseclassic.com

www.burmeseclassic.com



သွားပြီး စကားတစ်ခွန်းမှ မပြောနိုင်ဘဲ ဖြစ်သွားကြလေသည်။

"ဒီ. . . ဒီမြို့နာမည်လေးများ သိရမလားဆိုပြီး ဝင်. . . ဝင်မေးတာပါ"

ကျေးသာမှာ မေးသာမေးလိုက်ရသော်လည်း ခုနက ဆိုင်ထဲရှိ လူများအတိုင်း သူ့ကို ကြည့်နေကြသောကြောင့် တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေလေသည်။

"အို. . ."

အမျိုးသမီးတစ်ယောက်၏ ရေရွတ်သံကြောင့် ကျေးသာသည် ဆက်မမေးရဲတော့ချေ။ မလှုပ်မယှက် ကြည့်နေသော အမျိုးသမီးများသည် သူ့ကိုကြည့်နေပုံက အာစေးမိထားသည့်ပုံစံများ ဖြစ်နေကြလေသည်။

အသက်မရှူ၊ မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေကြသောကြောင့် ကျေးသာမှာ ထိုဆိုင်ထဲမှ ခပ်မြန်မြန် ထွက်လာခဲ့ရပြန်သည်။

"ဒီမြို့က လူတွေက ဘယ်လိုလူတွေလဲ မသိဘူး"

ဟုရေရွတ်ရင်း ဆက်လျှောက်လာခဲ့ရပြန်သည်။

ဆိုင်ထဲကနေ ကျေးသာ ထွက်သွားပြီးပြီးချင်းပင် အမျိုးသမီးကြီးတစ်ဦးမှာ စိတ်လှုပ်ရှားသည့်ဟန်ဖြင့်-

"သူ. . . သူရော ဟုတ်လို့လား"

ဟု အားလုံးကို မေးလိုက်လေတော့သည်။

■

(၁၁)

စိတ်ညစ်ညစ်နဲ့ ရှေ့ဆက်လျှောက်လာရာ ဆိုင်းဘုတ်တပ်ထားသည့် တည်းခိုခန်းတစ်ခုကို တွေ့ရလေသည်။

အိုဟောင်းနေပြီး လူသူအရိပ်အယောင် သိပ်မတွေ့ရချေ။ သို့သော် ခရီးပန်းလာသောကြောင့် တည်းခိုခန်းမှာပဲ တစ်ညနားပြီး နောက်နေ့မှ မြို့ထဲ လျှောက်ကြည့်ရမည်ဟု စိတ်ကူးလိုက်သည်။

ပြီးနောက် အခြားနေရာတွေက သူမေးတာကို မဖြေကြပေမယ့်လည်း တည်းခိုခန်းက လူတွေကတော့ သူ့မေးခွန်းကို ဖြေနိုင်လောက်ရဲ့လို့ တွေးလိုက်ရင်း အထုပ်ကိုဆွဲကာ တည်းခိုခန်းထဲ ဝင်လိုက်သည်။

ဧည့်သည်လက်ခံရာ ကောင်တာမှာလည်း အရောင်လွင့်နေပြီး ဖုံအချို့ တက်နေတာကို အဝေးကပင် မြင်နေရသည်။ ကောင်တာနောက်မှာလည်း အိုဟောင်းနေသော မြေပုံတစ်ခုကို ကပ်ထားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ညည့်သည်ဆိုလို့ တစ်ယောက်မှလည်း ရှိမယ့်ပုံ မပေါ်ချေ။ သို့သော် ကောင်တာပေါ်တွင် လူခေါ်ဘဲလ်လေး တွေ့ရသောကြောင့် လူခေါ်ဘဲလ်ကို နှိပ်လိုက်၏။

"ဒီ. . . ဒီ. . . ဒီ"

အသံကလည်း ဘာသံမှန်းမသိဘဲ ဆူညံစွာနဲ့ ထွက်လာ၏။

"လာပြီ. . . လာပြီ"

အခန်းထဲက အသံတစ်သံကြားရသည်။ ယောကျ်ား တစ်ယောက် ပြေးထွက်လာသည်ကို မြင်လိုက်ရ၏။

ထမင်းစားပြီး လက်ဆေးကာ လက်သုတ်ပဝါသုတ်ရင်း တန်းလန်းနဲ့ အပြင်ကို ကမန်းကတန်း ထွက်လာပုံရ၏။

ထို့နောက် ကောင်တာတွင် ရပ်နေသော သူ့ကို တွေ့လိုက်ရသောအခါတွင် ရုတ်တရက် ကြက်သေသေသွားပြီး လက်က သုတ်နေသော အဝတ်အစမှာလည်း အောက်ကို ပြုတ်ကျသွားလေ၏။

ကျေးသာ စကားစ ပြောမလို့ ပြင်စဉ်တွင် ထိုသူက-

"ခင်. . . ခင်ဗျားက အမွှေတွေ လာရှာတာလား"

ဟု ပြောလိုက်သောကြောင့် ကျေးသာမှာ မျက်လုံးပြူးသွားပြီး လက်ထဲက ခရီးဆောင်အိတ်ပင် ပြုတ်ကျသွားလေ၏။

■

ပြောပြပါ
အဖေက
ဘယ်လို လူမျိုးလဲလို့
သားတစ်ယောက် မသိအောင်
ထားခဲ့တဲ့ အဖေ့ရဲ့အတိတ်က
ဘာတွေများရှိနေလဲ အဖေ

www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

"ဒါဆို ခင်ဗျားက ဘာမှမသိဘဲ ဒီရောက်လာတာပေါ့. . . ဟုတ်လား"

ဆေးရောင်ပျယ်လွင့်နေသော ထိုင်ခုံများတွင် ထိုင်ရင်း နှစ်ယောက်သား စကားပြောမိနေခြင်း ဖြစ်သည်။

ထိုင်ပြီးပြီးချင်းမှာပင် ထိုသူက အထက်ပါအတိုင်း မေးလိုက်ခြင်း ဖြစ်သည်။

"ဟုတ်ပါတယ်၊ အဖေက သွားပါဆိုလို့သာ ကျွန်တော် ဒီကို ရောက်လာရတာပါ"

"အေးလေ. . . ခင်ဗျားအဖေကလည်း ဆိုးတာကိုးဗျ"

"ဘာ. . . ဘာဖြစ်လို့လဲဗျ"

ထိုသူက ကျွန်တော့်ကို တစ်ချက်ကြည့်ပြီး-

"အခုတော့ အေးအေးဆေးဆေး နားလိုက်ဦးဗျာ၊ နောက်တော့ ပြောပြတာပေါ့"

"ဟာ. . . ကျွန်တော် မနားချင်သေးဘူး၊ ဘာဖြစ်လို့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အဖေက ဒီကို လွှတ်လိုက်ရတာလဲ၊ ပြီးတော့ လမ်းမှာ တွေ့တဲ့လူတွေက ကျွန်တော့်ကို ဘာဖြစ်လို့ တအံ့တသြ ကြည့်နေကြတာလဲဆိုတာ ကျွန်တော် သိချင်သေးတယ်၊ အဲ့ဒါသိမှ နားတော့မယ်"

"လမ်းကလူတွေ တအံ့တသြ ကြည့်တာလည်း မပြောနဲ့၊ ကျုပ်တောင် ခင်ဗျားကိုမြင်တော့ ကြောင်တောင်တောင် ဖြစ်သွားသေးတာပဲ"

"ဘာဖြစ်လို့လဲဗျ"

ထိုသူက ထိုင်နေရာမှ ထသည်။ ထို့နောက် ပိုစတာများဘက်ကို လျှောက်သွားပြီး ဟောင်းနွမ်းနေပြီဖြစ်သည့် ပိုစတာတစ်ခုရှေ့တွင် ရပ်လိုက်၏။

"ဒီမှာ လာကြည့်ပါဗျာ"

ထိုင်နေသော သူ့ဘက်ကို တစ်ချက်လှည့်ပြီး လှမ်းခေါ်၏။

သူလည်း ထိုင်နေရာမှ ထကာ သူ့ဘေးတွင် ဝင်ရပ်ပြီး ပိုစတာကို တစ်ချက်ကြည့်လိုက်၏။

"ဟင်. . ."

ပိုစတာထဲရှိ မတ်တတ်ရပ်နေသော လူတစ်ယောက်၏ ပုံမှာ သူ့ပုံဖြစ်နေတာကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

■

(၁၃)

"ဒါ. . . ဒါ. . ကျွန်တော့်ပုံတော့ မဖြစ်နိုင်ဘူး ထင်တယ်"

"ဟုတ်တယ်. . . မင်းနဲ့တူတာ"

"သူ ဘယ်သူလဲ"

"မင်းရဲ့ အဘိုးပုံလေ"

"ဟာ. . ."

ခေါင်းက မိုက်ခနဲ ဖြစ်သွားသည်။ သူ မသိဘူး၊ မတွေ့ဘူးခဲ့သော သူ့အဘိုးပုံကို တွေ့လိုက်ရသောကြောင့် စိတ်လှုပ်ရှားပြီး မူးဝေသွားခြင်း ဖြစ်သည်။

ပိုစတာမှာ မျက်လှည့်ကြော်ငြာသည့် ပိုစတာတစ်ခုဖြစ်ပြီး သူ့အဘိုးက မျက်လှည့်ပြသည့် ပုံစံလုပ်ကာ ကြော်ငြာထားခြင်း ဖြစ်သည်။

"မင်းအဘိုးက ဒီနားတစ်ဝိုက်မှာတော့ သိပ်နာမည်ကြီးတဲ့

www.burmeseclassic.com

www.burmeseclassic.com



မျက်လှည့်ဆရာပေါ့။ အိမ်တိုင်းမှာလည်း မင်းအဘိုး ပိုစတာမရှိတဲ့ အိမ်ဆိုတာ မရှိဘူး"

ထိုင်ခုံတွင် ဖြည်းဖြည်းချင်း ပြန်ထိုင်ချရင်း ထိုသူ ပြောစကားကို မကြားတစ်ချက် ကြားတစ်ချက်ဖြစ်နေလေသည်။

"သူ မျက်လှည့်ပွဲလုပ်တဲ့နေ့ဆိုရင် ဒီတည်းခိုခန်းက လူအပြည့်ပေါ့ကွာ၊ တခြားကလာတဲ့ ဧည့်သည်တွေနဲ့ ရှုပ်ရှက်ခတ်နေတာပဲ. . . အဲ မင်းအဘိုးလည်း မရှိရော. . . တွေ့တဲ့အတိုင်းပဲ တစ်ယောက်မှတောင် မရှိဘူး"

"ဒါဆို ကျွန်တော်က ကျွန်တော့်အဘိုးနဲ့တူလို့ လမ်းမှာ တွေ့တဲ့လူတွေက တအံ့တသြ ဝိုင်းကြည့်ကြတာပေါ့"

"ဟုတ်တယ်၊ မင်းအဘိုးကို လူကြီးရော၊ လူငယ်ရော အားလုံးသိတယ်၊ ပုံလည်း တွေ့ဖူးကြတော့ အပြင်မှာတွေ့တဲ့အခါ ဘာမှမပြောနိုင်ဘဲ အံ့သြတကြီး ဖြစ်သွားကြတာပေါ့"

ထို့နောက် ကျေးသာသည် တစ်စုံတစ်ခုကို သတိရသွားပြီး-

"နေပါဦးဗျာ. . ."

"အင်း. . . ပြောလေ"

"ကျွန်တော့်ကို မြင်တုန်းက အမွေတွေ လာရှာတာလားလို့ ပြောလိုက်တာ ဘာအဓိပ္ပာယ်လဲဗျ"

ထိုသူက သူ့ကို ပြန်ကြည့်ပြီး-

"မင်းအဖေက မင်းကို မပြောပြလိုက်ဘူးလား"



"ဟင့်အင်း. . . မပြောပြလိုက်ဘူး၊ ပြီးတော့ အဖေက ဆုံးလည်း ဆုံးသွားပြီ"

"သြော်. . . မင်းအဖေက အဲ့ဒီကိစ္စကို တော်တော်လေး စိတ်နာသွားခဲ့တယ်နဲ့တူတယ်"

"ဒီမှာ ဘာတွေဖြစ်ခဲ့လဲဆိုတာ ကျွန်တော့်ကို ပြန်ပြောပြနိုင်မလားဗျာ"

"အေးလေ. . . မင်းက အဲ့ဒီကိစ္စနဲ့ ပတ်သက်နေတဲ့သူဆိုတော့ ပြောပြရမှာပေါ့. . . အခုတော့ ရေမိုးချိုးပြီး ခဏနားကွာ၊ ပြီးတော့ တစ်ခုခုစားပြီးရင် ငါပြောပြမယ်၊ ဒါနဲ့ မင်းနာမည်က ကျေးသာမှတ်လား"

"ဟင်. . . ဘယ်လိုသိလဲ"

ကျေးသာ နည်းနည်းတော့ အံ့သြသွားသည်။

"ထားလိုက်ပါဗျာ၊ ပြီးရင် ပြောပြပါ့မယ်၊ ငါ့နာမည်ကိုလည်း မှတ်ထား. . . ဘမြိုင်တဲ့၊ ကဲ. . . မင်းအခန်းမှာ ခဏနားလိုက်ဦး"

"ဟုတ်. . . ဟုတ်ကဲ့"

တစ်နေကုန် ပင်ပန်းလာတာဆိုတော့ လန်းသွားအောင် ရေမိုးချိုးချင်နေသောကြောင့် တည်းခိုခန်းပိုင်ရှင် ဦးဘမြိုင်၏ သားကို လက်ခံကာ သူပေးသည့် အခန်းကို သွားပြီး ရေကို စိမ်ပြေနပြေ ချိုးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် တည်းခိုခန်းရှေ့သို့ မြို့သူမြို့သားအချို့ ရောက်လာကြလေ၏။

"ဘမြိုင်. . . ဘမြိုင်"

ထိုသို့ အထဲကို လှမ်းခေါ်နေတုန်းမှာပဲ နောက်ထပ်လူများ ထပ်ရောက်လာလေ၏။ ဤသို့ဖြင့် တည်းခိုခန်းရှေ့တွင် မြို့သူမြို့သား များ အများအပြား ရောက်ရှိလာလေသည်။

■

(၁၄)

"ဟာ. . . ဘယ်လိုဖြစ်ကြတာလဲ၊ လူတွေလည်း များလို့ ပါလား"

ဦးဘမြိုင်သည် တည်းခိုခန်းအပြင် ထွက်လိုက်သောအခါ အခွင် တွေ့လိုက်ရသော လူအုပ်ကြီးကြောင့် နည်းနည်းအံ့ဩသွား လေသည်။

"ကောင်လေး ဒီရောက်နေတယ်မှတ်လား"

"အင်း. . . ဟုတ်တယ်လေ၊ ဪ. . . ဒါ့ကြောင့် ဆာတာကိုး၊ လာ. . . အထဲဝင်ကြဦးလေ"

တချို့က အထဲဝင်ကြပြီး တချို့က အပြင်ကနေပြီး အထဲ ကို ကြည့်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နေရာမဆံ့သောကြောင့် အပြင်ကနေသာ ကြည့်နေကြခြင်း ဖြစ်သည်။ လူကြီးများသာ အထဲဝင်ကြလေ၏။ လူငယ်များကတော့ အပြင်ကနေ မတ်တတ်ရပ်ရင်း ဟိုကြည့် ဒီကြည့် ကြည့်နေကြ၏။

ဒီမြို့လေး၏ လူကြီးသုံးဦးက ထိုင်ခုံတွင် ဝင်ထိုင်လိုက်ပြီး ကျန်တဲ့လူများကတော့ မတ်တတ်ရပ်နေကြ၏။

"သူ. . . ကျေးသာဆိုတာ သေချာလား"

ဒီမြို့၏ မြို့သူကြီး (မြို့သူမြို့သားများအခေါ်)ဖြစ်သူ ဦးကောက်က မေးလိုက်ခြင်း ဖြစ်သည်။

"သေချာတယ် သူကြီး. . . သူမှ သူပဲ၊ နာမည်မဟုတ်ရင်တောင် မျက်လှည့်ဆရာကြီး ဦးအေးသာရဲ့ မြေးဆိုတာ မြင်တာနဲ့ သိနိုင်ပါတယ်"

"အေး. . . ကျုပ်ကလည်း ဒီကလူတွေကပြောလို့ လိုက်လာတာ. . . သူဘယ်မှာလဲ"

"အပေါ်ထပ်မှာ ရေတက်ချိုးနေတယ်၊ ခဏနေ ဆင်းလာမှာပါ"

"အေး. . . ဒါဆိုလည်း ခဏစောင့်လိုက်မယ်၊ သူက ဒီမှာ အမွေတွေ လာရှာတာလား"

"သူက ဘာမှမသိဘဲနဲ့ ဒီကို ရောက်လာတာ"

"ဘယ်လို"

နားထောင်နေသော သူများမှာလည်း အူလည်လည် ဖြစ်



သွားသောကြောင့် ထပ်မေးကြလေ၏။

ဦးဘမြိုင်ကလည်း-

"ဒီလိုပါ သူကြီး၊ သူ့အဖေက သူမသေခင် မှာသွားတယ်တဲ့၊ သား ဒုက္ခရောက်ရင် ဒီမြို့ကို သွားပါ၊ အဲ့ဒါ သားကို ပေးနိုင်တဲ့ အမွေပဲ. . . သားဉာဏ်ရှိရင် ရမှာပေါ့ဆိုပြီး မှာသွားလို့ လာတာပါတဲ့၊ တခြား ဘာမှ မသိဘူးတဲ့"

"ဪ. . . ငွေးသာတောင် ဆုံးသွားပြီပဲ"

ခုံတွင် ဝင်ထိုင်နေသည့် နောက်ထပ်လူကြီးတစ်ဦးဖြစ်သည့် ဦးယပ်စွမ်း (ရွှေနေဟောင်း)က စိတ်မကောင်း ဖြစ်သွားလေသည်။

"အေးလေ. . . သူက ဆိုးတာကိုး"

ဤသို့ဖြင့် စကားပြောနေရင်း ခဏအကြာတွင် အပေါ်ထပ်ကနေ ဆင်းလာသော ကျေးသာကို တွေ့လိုက်ရလေ၏။

ကျေးသာမှာလည်း အပေါ်ထပ်ကနေ အောက်ထပ်ကို ဆင်းလာသောအခါတွင် တွေ့လိုက်ရသော လူစုလူဝေးကြီးကြောင့် လှေကားကနေ ဆက်မဆင်းနိုင်ဘဲ ရပ်သွားလေ၏။

လူအုပ်ကြီးကလည်း သူ့ကို စူးစိုက်ကြည့်နေသလို သူကလည်း မှင်သေပြီး ပြန်ကြည့်နေမိသည်။

"တော်တော်တူတာဗျ"

ဟုဆိုပြီး ခုံတွင်ထိုင်နေသည့် လူကြီးတစ်ယောက်ဆီမှ အသံကိုလည်း ကြားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျေးသာ. . . လာလေကွာ၊ ဒီကလူတွေက မင်းနဲ့ တွေ့ချင်လို့ စောင့်နေတာ"

■

(၁၅)

"ဒါက ငါတို့ကတော့ မြို့သူကြီးလို့ ခေါ်တာပေါ့. . . ဦးကောက်တဲ့၊ ဒါက ရှေ့နေဟောင်း ဦးယပ်စွမ်း၊ ဒါကတော့ မြို့ ရှေတ်နှာဖုံး သူဌေး ဦးသိန်းစံတဲ့၊ မြို့ကို စီမံအုပ်ချုပ်နေကြတဲ့ မြို့လူကြီးတွေပေါ့။ ကျန်တာတွေကတော့ ငါတို့ မြို့သူမြို့သားတွေပဲ"

"ကျွန်တော့်နာမည်က ကျေးသာပါ"

ကျေးသာက သူ့ရှေ့တွင်ရှိသော လူကြီးသုံးဦးကို နှုတ်ဆက်လိုက်၏။ ရိုးသားပြီး သစ္စာရှိပုံရသော လူကြီးသုံးဦးပုံစံ ဖြစ်သည်။

"ဦးတို့သိပြီးသားပါကွာ၊ မင်းအဘိုးနာမည်က ဦးအေးသာ၊ မင်းအဖေနာမည်က ဦးဌေးသာ၊ မင်းနာမည်က ကျေးသာဖြစ်ကို ဖြစ်ရမယ်"

"ဟင်. . . ဘာ. . . ဘာဖြစ်လို့လဲ"

"ဒီလိုကွ. . . မင်းအဘိုးက သူ့မြေးယောကျ်ားလေးမွေးရင် ကျေးသာလို့ အမည်ပေးမယ်ဆိုပြီး ပြောပြောနေကျကွ၊ ငါတို့ သိနေပြီးသား"

www.burmeseclassic.com

www.burmeseclassic.com



ရှုပ်ထွေးလှသော အရာများကို စတင်ခံစားလိုက်ရသည်။ ထိုစဉ် မြို့သူကြီး ဦးကောက်ကစပြီး-

"ဘမြိုင်ပြောတော့ မင်းက ဒီကို ဘာမှမသိဘဲ ရောက်လာတာဆို"

"ဟုတ်. . . ဟုတ်ပါတယ်ခင်ဗျာ"

သူတို့ပြောနေစဉ်မှာပဲ လာရောက်နားထောင်သော မြို့သူမြို့သားများမှာ တဖွဲဖွဲ ရောက်ရှိလာလေ၏။

"ဒါဆို မင်းက ဘာမှမသိဘဲ ဒီရောက်လာတာပေါ့"

"ဟုတ်ပါတယ်"

"အေးလေ. . . မင်းလည်း ဉာဏ်ရှိရင် အမွေတွေ ရမှာပေါ့"

"ဗျာ. . . ကျွန်တော့်အတွက် အမွေတွေ ရှိတယ်ဟုတ်လား"

"ဟုတ်တယ်. . . မင်းအဖေကတော့ ဉာဏ်မရှိတော့ မရသွားဘူး။ မင်းလက်ထက်ထိ ရှာဖွေခွင့် ရှိသေးတယ်. . . အမွေတွေက မင်းအဘိုး ထားသွားတာ"

"ဟင်"

ကျေးသာခန္ဓာကိုယ်တစ်ခုလုံး ချာချာလည်သွားသလို ခံစားလိုက်ရသည်။

■

(၁၆)

"မင်းအဘိုးက ဒီမြို့တစ်ဝိုက်မှာတော့ နာမည်သိပ်ကြီးတယ်၊ အေးသာတို့ မျက်လှည့်အဖွဲ့ဆိုရင် မသိတဲ့လူ မရှိဘူး၊ သူတို့မျက်လှည့်ပွဲနေ့ဆိုရင် လူပြည့်လူလျှံပဲ၊ အခြား မျက်လှည့်အဖွဲ့တွေဟာ သူတို့အဖွဲ့ကို မမီဘူး၊ မင်းအဘိုးက တကယ်တော်တဲ့လူပါ။ တီထွင်ဉာဏ်လည်း ရှိတယ်၊ ဆန်းသစ်မှုကိုလည်း လိုလားတယ်ကွ၊ ဒါကြောင့် အောင်မြင်တာပေါ့"

ကျေးသာသည် သူမသိသေးသည့် အတိတ်ဇာတ်ကြောင်းကို ငြိမ်ပြီး နားထောင်နေမိသည်။

"ပြီးတော့ မင်းအဘိုးက လျှို့ဝှက်ပြီး သိုသိုသိပ်သိပ် လုပ်တတ်တဲ့အကျင့်လည်း ရှိတယ်၊ သူထွင်ထားတဲ့ ပြကွက်တွေဆိုရင် ဘယ်မှာ လေ့ကျင့်လို့ လေ့ကျင့်မှန်း မသိဘူး၊ လေ့ကျင့်တီထွင်ပြီဆိုရင်လည်း တစ်ယောက်တည်းပဲ လုပ်လေ့ရှိတယ်၊ အကူလိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြကွက်တွေမှသာ အကူလိုတဲ့နေရာ သီးသန့်ကိုပဲ ပြလေ့ရှိတယ်၊ ကျန်တာတွေကို လျှို့ဝှက်ထားတယ်၊ အဲ့ဒီလောက်တောင် မင်းအဘိုးက လျှို့ဝှက်တတ်တဲ့ လူမျိုးတစ်ဦးပဲ"

"အဲ. . . နောက်ပြီး မင်းအဘိုးက မျက်လှည့်အပြင် စက်ရုံကိုလည်း ဦးစီးရသေးတယ်၊ မင်းအဘိုးရဲ့ စက်ရုံက အဲ့ဒီတုန်းကတော့ စက်ပစ္စည်းလေးတွေ ထုတ်တယ်၊ ဥပမာ- ပိုက်ဆံစုတဲ့ သေတ္တာလေးတွေ၊ ဂိမ်းကစားစရာ စက်ပစ္စည်းတွေ စသဖြင့်ပေါ့ကွာ၊ အဲ့ဒါတွေလည်း လုပ်သေးတယ်"

"နောက်ပိုင်း သူက အိမ်ထောင်ကျပြီး မင်းအဖေကို မွေးတယ်၊ မင်းအဘွားကတော့ မင်းအဖေမွေးပြီး ဆုံးသွားတယ်၊ သူကပဲ မင်းအဖေကို အရွယ်ရောက်အောင် ပြုစုစောင့်ရှောက်တယ် ဆိုပါတော့၊ ဒါပေမယ့် မင်းအဖေက သိပ်ဆိုးတယ်၊ အရက်သောက်တယ်၊ လောင်းကစားလုပ်တယ်၊ ပညာမသင်ဘူး. . . မျိုးစုံပါပဲကွာ"

သူသိသော အဖေရဲ့စရိုက်တွေနဲ့ ကွာခြားနေသောကြောင့် ဟုတ်မှဟုတ်ရဲ့လားဆိုပြီး ကျေးသာ တွေဝေနေမိသည်။

သို့သော်လည်း အဖေ့အကြောင်းကို အဖေပြောသလောက်သာ သိထားသော သူမှာ ဘာမှ ပြန်မပြောနိုင်ပေ။

"မင်းအဘိုး ဆုံးခါနီးပေါ့. . . သူ့ခမျာ ကျန်းမာရေး မကောင်းတဲ့အချိန်အထိ မင်းအဖေဟာ တော်တော်လေး ဆိုးသွမ်းနေတုန်းပါပဲ၊ ပြီးတော့ မင်းအဖေဟာ မင်းအဘိုးရဲ့ မျက်လှည့်ပညာ



ကိုလည်း စိတ်မဝင်စားဘူးကွ၊ ဒီတော့ တစ်နေ့မှာ မင်းအဘိုးက ငါတို့ လူကြီးသုံးယောက်ကိုခေါ်ပြီး စကားပြောတယ်။ အဲ့ဒီတုန်းကတော့ ငါတို့တွေက လူကြီး စဖြစ်ခါစပေါ့"

အားလုံးမှာ ငြိမ်သက်နေလေ၏။ ဦးဘမြိုင်ကတော့ အားလုံးသောက်နိုင်ရန် ရေခွက်နှင့် ရေများ ချထားပေးသည်။

"မောင်ကောက်တို့တဲ့. . . ဘကြီး မောင်ကောက်တို့နဲ့ စာချုပ်တစ်ခု ချုပ်ခဲ့ချင်တယ်တဲ့၊ ငါတို့ကလည်း မင်းအဘိုးကို လေးစားတဲ့လူတွေဆိုတော့ ဘကြီး ဘာခိုင်းခိုင်း ကျွန်တော်တို့ သစ္စာရှိစွာ လုပ်ပေးပါမယ်ပေါ့. . . ဒီတော့ မင်းအဘိုးက ငါတို့ကို 'အမွေ လွှဲ စာချုပ်လုပ်ချင်လို့တဲ့. . အဲ့ဒီအချိန်မှာ မင်းအဘိုးက အလုပ် မလုပ်နိုင်တော့ပေမယ့် အကြီးအကျယ် ချမ်းသာတဲ့ လူတစ်ယောက်လို့ အားလုံးက ယူဆထားကြတယ်။ ဒါပေမယ့် မင်းအဘိုးက သိုသို သိပ်သိပ် နေတတ်တဲ့သူဆိုတော့ သူဘယ်လောက်ထိ ချမ်းသာမှန်း ဘယ်သူမှမသိဘူး ဖြစ်နေတယ်"

ဦးကောက်က သူ့ရှေ့ရှိ ရေကို သောက်လိုက်၏။

"အဲ့ဒီလိုနဲ့ ဦးတို့နဲ့ မြို့သူမြို့သားတွေရဲ့အရှေ့မှာ မင်းအဘိုးက အမွေလွှဲစာချုပ်တစ်ခု ချုပ်ခဲ့တယ်. . . အဲ့ဒီ စာချုပ်ကိုတော့ ဦးတို့မြို့ရဲ့ ပြတိုက်မှာ သိမ်းထားတာကြောင့် အခုတော့ ပြနိုင်သေးဘူး၊ နောက်ကျမှ မင်းပဲ သွားကြည့်ပေါ့. . . အခုတော့ အဲ့ဒီစာချုပ်ထဲမှာပါတဲ့ အရေးကြီးအချက်တွေကို ပြောပြမယ်"

www.burmeseclassic.com

www.burmeseclassic.com



(၁) မိမိပိုင် အိမ်တစ်လုံးနှင့် မလည်ပတ်တော့သော စက်ရုံကို မြို့အုပ်ချုပ်ရေးအဖွဲ့က ယာယီထိန်းသိမ်း ပေးထားရမည်။ မည်သူ တစ်ဦးတစ်ယောက်မှ ထိုထိန်းသိမ်းထားသည့် ကာလအတွင်း ပိုင်ဆိုင်ခြင်း မရှိစေရ။

(၂) မိမိပိုင် ပစ္စည်းဥစ္စာကို မိမိ မျက်လှည့်လျှို့ဝှက် လေ့ကျင့်ရာနေရာတွင် သိမ်းဆည်းထားခဲ့ပါသည်။ ထိုပစ္စည်းများအား မိမိသား ဒွေးသာမှ ရှာနိုင်ခဲ့ပါက အမွေအဖြစ် လွှဲပေးရန်နှင့် ထိုနေရာရှိ ပစ္စည်းများနှင့်အတူ အထက်ဖော်ပြပါ (၁)အချက်ရှိ အိမ်နှင့် စက်ရုံကိုလည်း လွှဲပေးရန် ဖြစ်ပါသည်။ အကယ်၍ မိမိသား ဒွေးသာမှ မိမိထားခဲ့သည့် ပစ္စည်းများကို ရှာမတွေ့ပါက မိမိပိုင်ဆိုင်သော ပစ္စည်းတစ်ခုတလေကိုမှ အမွေအဖြစ် လွှဲပြောင်းပေးခြင်း မရှိစေရ။

(၃) မိမိသား ဒွေးသာမှ ၎င်းအမွေပစ္စည်းများကို ရှာဖွေယူဆောင်ခြင်း မပြုနိုင်ခဲ့ပါက ဒွေးသာ၏ သား (သို့) သမီးမှ ဆက်လက်ရှာဖွေနိုင်ပါသည်။ တွေ့ရှိခဲ့ပါက ၎င်းမျိုးဆက် ပိုင်ဆိုင်စေ။

(၄) အကယ်၍ ဒွေးသာ နောက်ပိုင်းမျိုးဆက်မရှိခဲ့ပါက ယခုမိမိနေထိုင်ခဲ့သော မြို့သူမြို့သားများမှ မိမိထားခဲ့သော



ပစ္စည်းများကို ရှာဖွေခွင့်ရှိပြီး ရရှိပါက တစ်ဝက်ယူ၍ တစ်ဝက်အား . လှူဒါန်းရန် ဖြစ်ပါသည်။

(၅) ဒွေးသာ နောက်ပိုင်းတွင် မိမိမြေးများ ( )ရက်နေ့အထိ ရှာမတွေ့ခဲ့ပါက မိမိပိုင်အိမ်နှင့် အဆောက်အဦအား မြို့အုပ်ချုပ်ရေးအဖွဲ့မှ ဖြိုဖျက်၍ မြို့ပြဖွံ့ဖြိုးနိုင်မည့် မည်သည့်အဆောက်အအုံကိုမဆို ဆောက်လုပ်ခွင့်ပြုရန် ကျွန်ုပ်မှ လှူဒါန်းပါသည်။ ထိုနောက်ပိုင်းတွင် ရှာဖွေတွေ့ရှိသော ကျွန်ုပ်၏ မည်သည့် ပစ္စည်းကိုမဆို မြို့အုပ်ချုပ် ဖွံ့ဖြိုးရေးအတွက်သာ ပိုင်ဆိုင်စေရမည်။

www.burmeseclassic.com

www.burmeseclassic.com



"နောက်. . . မင်းအဘိုးဆုံးပြီး မင်းအဖေဟာ စာချုပ်အရ မင်းအဘိုးထားခဲ့တဲ့ အမွေတွေကို လိုက်ရှာခဲ့ပါတယ်၊ တစ်မြို့လုံးက လူတွေလည်း သူ့ကို ဝိုင်းကူကြပါတယ်၊ ဒါပေမယ့် ရှာမတွေ့ခဲ့ဘူး၊ အဲ့ဒီနောက်မှ မင်းအဖေဟာ နောင်တအကြီးအကျယ် ရသွားပုံရတယ်။ သူ မလိမ္မာခဲ့လို့ သူ့အဖေဟာ ဒီလိုမျိုး လုပ်သွားတာပဲဆိုပြီး ယူကြုံးမရဖြစ်ပြီး ဒီမြို့က ထွက်သွားလိုက်တာ သတင်းအစအန ရှာလို့မရတော့တဲ့ အထိပါပဲ. . . အခု မင်း ရောက်လာမှ မင်းအဖေဆုံးကြောင်း သိတော့တာပဲ"

ကျေးသာသည် သူ့ရှေ့မှ လူကြီးများ ပြောသောစကားသည် ဟုတ်ရောဟုတ်ပါ့မလားဆိုပြီး တွေဝေနေမိသည်။

အဖေသည် ဒီကြောင်းတွေကို သူ့အား တစ်ခါမှ မပြောခဲ့ဘူးပါ။ သူကလည်း အဘိုးအကြောင်းကို မမေးမိတာကြောင့် ဖြစ်ပေလိမ့်မည်။

"မင်းအဖေမရှိတော့တဲ့နောက်ပိုင်း ဒီမြို့မှာ မင်းအဘိုးထားခဲ့တဲ့နေရာကို ရတနာသိုက်အဖြစ် ရှာကြတဲ့လူတွေ မနည်းပါဘူးကွာ၊ တချို့က မင်းအဘိုးက ရွှေတွေ ခန်းလုံးပြည့် ထားသွားတယ်ဆိုပြီး ယူဆတဲ့သူက ယူဆပြီးတော့ တချို့ မျက်လှည့်အဖွဲ့တွေကလည်း မင်းအဘိုးက သူ့ရဲ့လျှို့ဝှက်တဲ့ ပညာတွေကို ရေးသားပြီး အဲ့ဒီနေရာမှာ ထားသွားတယ်ဆိုပြီး ယူဆကာ လိုက်ရှာတဲ့သူနဲ့ ရှုပ်နေတာပါပဲ၊ အခြားမြို့ကလူတွေလည်း တိတ်တဆိတ် လာရှာကြပါသေးတယ်၊ ဒါပေမယ့် ဘယ်သူမှ ရှာမတွေ့ခဲ့ပါဘူး၊ နောက်တော့ မင်းအဘိုးဟာ ဘာပစ္စည်းမှ မထားခဲ့ဘူးလို့ အားလုံး သူဆလာခဲ့ကြတယ်၊ ထိုနေရာကိုလည်း ဒဏ္ဍာရီတစ်ခုအဖြစ် အားလုံးက လက်ခံလာခဲ့ကြတယ်"



"ဒါဆို အဲ့ဒီ အဘိုးထားခဲ့တဲ့နေရာက တကယ်မရှိဘူးပေါ့"

"အဲ့ဒါတော့ မင်းအဘိုးမှပဲ သိမှာပဲ၊ ငါတို့အားလုံးကတော့ မင်းအဘိုးပြောခဲ့တဲ့နေရာကို 'သုညနေရာ'လို့ ခေါ်ကြတယ်။ မရှိတဲ့နေရာတစ်ခုကို ရှိတဲ့နေရာတစ်ခုအဖြစ် မင်းအဘိုးက ပြောခဲ့တယ်ဆိုပြီး ပေးထားကြတာပေါ့"

"အဲ့ဒီသုညနေရာကြီးက ဒီမြို့မှာပဲ ရှိတာပေါ့ ဟုတ်လား"

"အဲ့ဒါလည်း မသိဘူး၊ ဒါပေမယ့် အဲ့ဒီ သုညနေရာက မင်းအဘိုး မျက်လှည့်ကိစ္စတွေကို တစ်ယောက်တည်း လေ့ကျင့်တဲ့နေရာပဲလို့ အားလုံးက ယူဆထားကြတယ်"

"ဟင်. . . အဘိုးက မျက်လှည့်လေ့ကျင့်ရင် သူ့အိမ်မှာ ကျင့်ဘူးလား"

ဦးကောက်က ခေါင်းခါပြသည်။

"သူ အိမ်မှာကျင့်ရင် မင်းအဖေက သူ့အလုပ်နေရာကို အလွယ်တကူ သိမှာပေါ့ကွ"

"အင်း. . . အဲ့ဒါလည်း ဟုတ်တာပဲ၊ အဲ. . . ကျန်သေးတယ်၊ သူ့စတ်ရုံထဲမှာရော"

www.burmeseclassic.com

www.burmeseclassic.com



"ဒါလည်း အားလုံးက တွေးမိကြတယ်၊ တစ်နေရာမှ မတွေ့ဘူး၊ စက်ရုံထဲမှာလည်း စက်ပစ္စည်းအဟောင်းတွေချည်းပဲ"

"ဟူး"

ကျေးသာသည် သက်ပြင်းချလိုက်ပြီး-

"ဒါဆို ကျွန်တော်က ဘယ်လိုလုပ်ရမှာလဲ"

"အဲ့ဒါတော့ ဦးတို့လည်း မသိဘူး မောင်ကျေးသာ၊ မင်းအဘိုး ထားခဲ့တဲ့အမွေတွေကို မင်းရှာချင်တယ်ဆိုရင် မင်းအဘိုးရဲ့ နောက်ဆုံးအချက်အရ နောက်ငါးရက်ဆိုရင် ကုန်ဆုံးပြီ၊ အဲ့ဒါကြောင့် ဦးတို့ မြို့အုပ်ချုပ်ရေးကလည်း အိမ်နဲ့စက်ရုံအဟောင်းကို ဖြိုဖျက်ဖို့ လုပ်ထားပြီးပြီ၊ အကယ်၍ အဲဒီငါးရက်နောက်ပိုင်းမှာ မောင်ကျေးသာက 'သုညနေရာ'ကို ရှာတွေ့မယ်ဆိုရင်လည်း ဦးတို့ မြို့အုပ်ချုပ်ရေးနဲ့ပဲ ဆိုင်တော့မှာ ဖြစ်ပါတယ်၊ အဲ့ဒါလေး ပြောပြချင်လို့ပါ"

"ဟုတ်ကဲ့. . . ဦး၊ ကျွန်တော် သိပါပြီ"

"ဦးတို့လည်း စိတ်မကောင်းပါဘူး၊ မင်းရှာဖို့အတွက် အချိန်အများကြီး ပေးချင်ပေမယ့် မင်းက အခုမှ ရောက်လာတာကိုး၊ ဦးတို့ကလည်း မင်းအဖိုးရဲ့ ကတိစာချုပ်အရ လုပ်ရတာပါ"

"ရပါတယ် ဦးလေး၊ ကျွန်တော့်ကို ဒီလို ရှင်းပြတာလည်း ကျေးဇူးတင်ပါတယ်၊ ဒီငါးရက်အတွင်းမှာ ကျွန်တော် ကြိုးစားကြည့်ပါဦးမယ်"



ကျေးသာကို အားလုံးက စိတ်မကောင်းစွာဖြင့် ဝိုင်းကြည့်နေကြ၏။

"မင်းအဘိုးရဲ့ စာချုပ်မူရင်းကို ကြည့်ချင်တယ်ဆိုရင်တော့ ဦးတို့မြို့ရဲ့ ပြတိုက်မှာ ပြထားတယ်၊ မင်းသွားကြည့်လို့ရတယ်"

■

www.burmeseclassic.com

www.burmeseclassic.com

(၁၇)

တည်းခိုခန်းက ယူစီးလာသော စက်ဘီးကို လမ်း၏ တစ်ဖက်တွင် ရပ်ထားလိုက်သည်။ ထို့နောက် လမ်းမတစ်လျှောက်ကို ကြည့်လိုက်သောအခါ ဘယ်သူတစ်ဦးတစ်ယောက်မှ မတွေ့ရချေ။

လမ်းမတစ်လျှောက်ရှိ အိမ်များမှာလည်း အမျိုးအစား စုံလင်လှသည်။ တချို့က အိမ်သေးသေးဆောက်ထားကြပြီး တချို့ ကတော့ ခေတ်ပေါ်ပုံစံအိမ်မျိုး ဖြစ်သည်။

အိမ်တိုင်းအိမ်တိုင်းရှေ့တွင် ဥယျာဉ်ပုံစံလေးများ ဆောက် လုပ်ထားပြီး တံခါးများကိုလည်း ရောင်စုံသုတ်ထားကြ၏။

လမ်းတစ်ဖက်သို့ ကူးလိုက်သည်။ တစ်စုံတစ်ဦးများ သူ့ကို ကြည့်နေသလားဆိုပြီး သေချာအောင်ကြည့်လိုက်သည်။

ဘယ်သူ့ကိုမှ မတွေ့ရတာ သေချာမှသာ ခြံရှေ့တွင် ရပ် လိုက်သည်။ အိမ်သည် ဟောင်းနွမ်းနေသည့် အိမ်တစ်အိမ်ဖြစ်သည်။ အိမ်၏ရှေ့တွင် အခြားအိမ်များနည်းတူ ဥယျာဉ်တစ်ခု ရှိ၏။



မြက်ခင်းများမှာ အနည်းငယ်ညှိုးနွမ်းနေပြီး ပန်းများမှာ လည်း မလန်းဆန်းတော့။

ခြံတံခါးကို တွန်းလိုက်သောအခါ အလွယ်တကူ ပွင့်သွားသော ကြောင့် ခြံထဲကို ဝင်လိုက်သည်။

ခြေထောက်က အနည်းငယ်စိုသွားသောကြောင့် ငုံ့ကြည့်ရာ မြက်ခင်းအတွင်းရှိ အချို့နေရာများတွင် ရွှံ့ဗွက်များ ဖြစ်နေတာကို တွေ့ရသည်။

ထိုသို့ ကျော်ခွသွားရင်း အိမ်တံခါးနားကို ရောက်သွား သေး၏။ တံခါးမှာ သော့မခတ်ထားချေ။ သစ်သားပြားနှစ်ခုကို ကြက်ခြေခတ်ကာ သံဖြင့် အသေရိုက်ထားပြီး တံခါးကို ပိတ်ထား၏။

ဆွဲခွာကြည့်လိုက်သည်။ သံကို များပြားစွာ ရိုက်ထားသော ကြောင့် တံခါးမှာ ခိုင်ခန့်ပြီး ဖွင့်မရဘဲ ဖြစ်နေသည်။

ပြတင်းပေါက်များကို ကြည့်လိုက်သောအခါတွင်လည်း ထိုနည်းလည်းကောင်း ပိတ်ထားသည်ကို တွေ့ရပြန်သည်။

ထို့ကြောင့် အိမ်၏နောက်ဖေးဘက်ကို ပတ်ကြည့်ပြီး အိမ်ထဲသို့ ဝင်လို့ရသည့် အပေါက်များ ရှိလိုရှိငြား ရှာကြည့်ရာ အပေါက်အားလုံးမှာ အရှေ့ကအတိုင်း သစ်သားများဖြင့် ကြက်ခြေ ခတ် ပိတ်ထားလေ၏။

တစ်စုံတစ်ယောက်ဝင်ပြီး နေထိုင်မှာစိုးသောကြောင့် မြို့ သူကြီးများက ပြုလုပ်ထားပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ဘက်ကို ပြန်လာလိုက်သည်။ တံခါးတွင် စာတိုက်ပုံးပုံစံ ပြုလုပ်ထားသည့် စာထိုးထည့်ရန် (သို့) သတင်းစာထည့်ရန်ဖြစ်ပုံရသည့် အပေါက်တစ်ပေါက်ကို တွေ့ရသောကြောင့် အထဲကအခြေအနေကို အကဲခတ်ရန်အတွက် ချောင်းကြည့်လိုက်သည်။

မှောင်မည်းနေသည်။ ပြတင်းပေါက်အားလုံး ပိတ်ထားသောကြောင့် အထဲကို ဘာမှမမြင်ရချေ။

ထို့ကြောင့် ဆက်မကြည့်တော့ဘဲ မျက်နှာပြန်အလှည့်တွင် အိမ်တံခါး၏ အပေါ်တည့်တည့်တွင် ချိတ်ထားသော ဆိုင်းဘုတ်အဟောင်းလေးကို တွေ့ရသည်။

## အေးသာ မျက်လှည့်အဖွဲ့

သူ့အဘိုးအမည်နဲ့ ဆိုင်းဘုတ်ကို တွေ့လိုက်ရသောကြောင့် ရင်ထဲမှာ တစ်မျိုးဖြစ်သွားလေသည်။

ဆိုင်းဘုတ်တွင် ဖုန်များနှင့် ပင့်ကူမျှင်များ ရှုပ်ထွေးနေသလို သူ့ရင်ထဲမှာလည်း ဘာမှန်းမသိတဲ့ အကြောင်းအရာတွေနဲ့ လုံးထွေးနေသည်ဟု ခံစားမိလိုက်သည်။

"ဟူး. . . ဘာတွေမှန်းလည်း မသိတော့ပါဘူး"

တစ်ကိုယ်တည်းရေရွတ်ရင်း ခြံထဲကို ပြန်ဆင်းလိုက်သည်။

"ငါ့ဘာသာငါ ငါ့မြို့မှာနေပြီး အလုပ်ရှာတာမှ ကောင်းဦးမယ်၊ အခုဟာက ဘာမှန်းမသိတဲ့ အမွေကြီးကို ငါက ရှာလို့ရတယ်ဆဲ. . . ဟုတ်ရောဟုတ်ပါ့မလား၊ ငါ့အဘိုးက အရမ်းဆိုးသွမ်းတဲ့ငါ့အဖေကို စိတ်နာလို့ ပြောချင်ရာပြောခဲ့တာလား၊ ဟုတ်တော့ဟုတ်သေးဘူး၊ အဘိုးက နာမည်ကြီးဆိုတော့ ဒီလို မြို့လူကြီးတွေနဲ့ဟာလေးကလား စကားတွေတော့ ပြောခဲ့မယ် မထင်ဘူး"

ခြံထဲမှာ လှည့်ပတ်လျှောက်ရင်း တတွတ်တွတ်ပြောကာတစ်ယောက်တည်း တွေးနေမိသည်။

"ဒါပေမယ့် အဘိုး ထားခဲ့မယ်ဆိုတဲ့ အမွေတွေကို ငါ့အဖေလည်း ရှာပြီးပြီ၊ ဒီမြို့က လူတွေအပြင် အခြားမြို့က လူတွေလည်းရှာခဲ့တာ ကုန်သလောက် ရှိနေပြီတဲ့၊ ငါ့ကျမှ ထွေထွေထူးထူး လိုက်ရှာလို့ ဘယ်တွေ့တော့မှာပဲ. . . . ပြီးတော့ ရှာရမယ့်ရက်ကလည်းငါးရက်အတွင်းရှာမရရင် အိမ်တွေ၊ စက်ရုံတွေကို ပြည်သူပိုင်သိမ်းမှာတဲ့၊ အင်း. . . နှမျောတော့ နှမျောစရာကြီး"

အိမ်ကို တစ်ချက်လှည့်ကြည့်လိုက်ပြန်သည်။

နေလို့ရသေးသည့် အိမ်တစ်လုံးဖြစ်သည်။ အနည်းငယ်ပြင်ပြီးနေပါက နှစ်တော်တော်ကြာသည်အထိ နေလို့ရသေးသည်။

"ပြီးတော့ အဘိုးက သဲလွန်စလေး ဘာလေး မထားခဲ့ဘူးလားဆိုတော့လည်း ဘာမှ မထားခဲ့ဘူးတဲ့၊ သေရော၊ အဘိုးကိုကမဟုတ်တာ၊ တစ်ခုခု ထားခဲ့ပြီး အဲ့ဒီကနေ လိုက်ကြဟေ့ဆို တော်သေးတယ်၊ အခုဟာက ဘယ်နားမှာ ထားခဲ့လို့ ထားခဲ့မှန်းမသိ"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လျှောက်ရင်းလျှောက်ရင်း ခြံဝသို့ ရောက်သွားသောကြောင့် ခြံတံခါးကိုဖွင့်ရင်း အပြင်ပြန်ထွက်လိုက်သည်။

အခုအချိန်ထိ လာတုန်းကအတိုင်းပင် လူအရိပ်အယောင် မတွေ့ရသေးချေ။

"အင်း. . . တည်းခိုခန်းက ဦးဘမြိုင် ပြောပုံအရဆိုရင် အဘိုးစက်ရုံက ဒီနားနဲ့ မဝေးဘူးတဲ့"

ပြောပြောဆိုဆို တစ်ဖက်လမ်းဘက်ကိုကူးပြီး ထောင်ထားသော စက်ဘီးကို ယူလိုက်သည်။

ထို့နောက် စက်ဘီးကိုစီးပြီး စက်ရုံရှိသည့်နေရာသို့ ဦးတည်လိုက်သည်။

■

(၁၈)

သူ့ရှေ့မှာ မြင်တွေ့နေရသော စက်ရုံသည် အလွန်အမင်းကို အိုဟောင်းနေပြီဖြစ်သည်။

အဆောက်အဦမှာ မကြီးလွန်း၊ မသေးလွန်းသော စက်ရုံတစ်ရုံဖြစ်တာကို တွေ့ရသည်။ အချို့အမိုးများမှာ ကွာကျနေပြီး ပြိုလုဆဲအနေအထားတွင် ရှိနေသည့် အဆောက်အအုံတစ်ခုပင် ဖြစ်သည်။

စီးလာသည့် စက်ဘီးပေါ်မှဆင်းပြီး စက်ဘီးကို အဆောက်အဦထဲ မယူသွားဘဲ တစ်ဖက်လမ်းမှာထားဖို့ စဉ်းစားလိုက်သည်။ စက်ဘီးမပါဘဲ လမ်းလျှောက်ဝင်ပြီး လေ့လာကြည့်မှသာ လွတ်လွတ်လပ်လပ် ကြည့်လို့ရမည်ဖြစ်သည်။

ခုနကလို စက်ဘီးထောင်စရာ သစ်ပင်ကို မတွေ့ရဘဲ ဆပ်သုမ်းလုမ်းတွင် ရှေးခေတ်ပုံစံ ဖုန်းရုံတစ်ခုကို တွေ့ရသော

www.burmeseclassic.com

www.burmeseclassic.com


ကြောင့် ထိုနားထိ စက်ဘီးကိုတွန်းသွားပြီး ဖုန်းရုံနှင့် မှီထားလိုက်သည်။

ဖုန်းရုံထဲကို တစ်ချက်ကြည့်လိုက်ရာ ရှေးခေတ် ဒိုင်ခွက်လှည့်သည့် တယ်လီဖုန်း အမျိုးအစားဖြစ်သည်။

တစ်ဖက်တစ်ချက်ကိုကြည့်ရင်း လမ်းကို ကူးလိုက်သည်။ ခုနကလို ဒီလမ်းတွင် အိမ်များများစားစား မရှိချေ။ ခပ်ဝေးဝေးတွင် အိမ်တစ်လုံးနှစ်လုံးကိုသာ တွေ့ရသည်။

စက်ရုံအဝင်အဝတွင် သံကွေးဖြင့် မုခ်ဦးပုံစံ ပြုလုပ်ထား၏။ ထိုအပေါ်တွင် အင်္ဂလိပ်စာလုံးများ ရေးထားတာကို တွေ့ရသည်။

အချို့စာလုံးများမှာ ပြုတ်နေပြီး အောက်ဘက်သို့ တွဲလောင်းကျနေလေသည်။ သေချာစူးစိုက် ဖတ်ကြည့်သောအခါတွင်-

Y THR'S M RAC L U S ECH N SMS

စသည့် ဘာအဓိပ္ပာယ်မှန်း မသိသည့် စာလုံးများကို တွေ့ရသည်။

ထို့နောက် တွဲကျနေသော စာလုံးများကို ခေါင်းစောင်းပြီး အားစိုက်ကြည့်မှသာ ဘာရေးထားမှန်း သိရသည်။

| AYE THAR'S MIRACULOUS MECHANISMS |
|---|

အေးသာရဲ့ စက်ရုံနာမည် ဖြစ်ပေလိမ့်မည်။ အင်္ဂလိပ်စာလုံးများကို အဓိပ္ပာယ် ဖော်ကြည့်ပါက-

အေးသာရဲ့ အံ့သြဖွယ်ကောင်းသော စက်ပစ္စည်းများဆိုပြီး အကြမ်းဖျင်း ဘာသာပြန်လို့ ရပေမည်။ ဘယ်လို အဓိပ္ပာယ်နဲ့ ပေးထားခဲ့မှန်းတော့ မသိချေ။

စက်ရုံထဲ ဝင်လိုက်သောအခါတွင် သံချေးတက်ပြီး အောက်သိုးသိုးအနံ့များက နှာခေါင်းဝသို့ ရောက်လာ၏။

စက်ရုံထဲတွင် စက်နှင့်တူတာဆိုလို့ ဘာမှမရှိတော့ချေ။ ဟာလာဟင်းလင်း အခန်းကြီးသာ ဖြစ်နေသည်။

သံတုံးများ၊ တိုလီမိုလီများကိုတော့ ဟိုတစ်စ ဒီတစ်စ တွေ့ရသည်။ ခေါင်မိုးများက ပေါက်နေသောကြောင့် အထဲကို အလင်းများ ကျရောက်နေလေသည်။

ထို့ကြောင့် အထဲ၏အနေအထားကို ခပ်ရေးရေး မြင်နေရ၏။ စက်ရုံကို အိမ်တုန်းကလို မပိတ်ထားပေ။ မပိတ်ထားတာကလည်း ဘာမှ ယူစရာမရှိသည့်အပြင် အချိန်မရွေး ပြိုကျနိုင်သည့် အခြေအနေကြောင့် ဖြစ်လိမ့်မည်ဟု တွေးမိလိုက်သည်။

"ဒီမှာလည်း ဘာမျှော်လင့်ချက် အရိပ်အရောင်မှ မတွေ့ပါလား"

စိတ်ညစ်ညစ်နဲ့ စက်ရုံထဲကို တစ်ပတ်ပတ်ကြည့်ပြီး ပြန်ထွက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဖုန်းရုံနားတွင် ထောင်ထားသော စက်ဘီးကို ခြမ်းယူပြီး တည်းခိုခန်းသို့ ပြန်လာခဲ့လိုက်သည်။

တည်းခိုခန်းရောက်တော့ ဦးဘမြိုင်က သူ့ကို ပြုံးစိစိ ကြည့်ပြီး-

"အမှေ့တွေ တွေ့ခဲ့ပြီလား"

ဆိုပြီး လှမ်းနောက်၏။ သူကလည်း-

"အများကြီးပဲဗျ"

ဟု ပြန်နောက်ရင်း အပေါ်ထပ် တက်မလို့ ပြင်စဉ် တစ်စုံ တစ်ခု သတိရသွားပြီး-

"ဦး"

"အေး. . . ဘာလဲ"

"တစ်ခုလောက် မေးချင်လို့"

"မေးလေ"

"ကျွန်တော့်အဘိုး စက်ရုံက ဘာတွေထွက်တာလဲ၊ အသေး စိတ် သိချင်လို့"

"ဩော်. . . မင်းအဘိုးစက်ရုံက ငါသိသလောက်တော့ သော့တွေ၊ မီးခံသေတ္တာပုံစံမျိုးတွေ၊ ပိုက်ဆံစုတဲ့ သေတ္တာတွေ၊ အင်း. . . ပြီးတော့ ဟိုကွာ. . . ဘယ်လိုပြောရမလဲ၊ အကြွေစေ့ အသုံးပြုရတဲ့ စက်ပစ္စည်းတွေကွာ၊ ဘယ်လိုပြောရမလဲ ကစားတဲ့ စက်တို့၊ လုပ်ငန်းသုံးပစ္စည်းတို့. . . အဲဒါတွေ ထုတ်တယ်ကွာ"



"ကျေးဇူးပါပဲဗျာ၊ အဘိုးရဲ့ စက်ရုံမှာ ရေးထားတဲ့ 'အံ့ဩဖွယ်ကောင်းသော စက်ပစ္စည်းများ'ဆိုတော့ ဘာတွေများလဲလို့ မေးကြည့်တာ"

"အေး. . . သိပ်အံ့ဩဖို့ မကောင်းပါဘူးကွာ၊ ရိုးရိုးလုပ်ငန်းသုံးတွေ ထုတ်တာပါ။ အဲ. . . နောက်ပြီး သူ့ရဲ့ မျက်လှည့်လုပ်ငန်းနဲ့ပတ်သက်ပြီး စက်တွေလည်း ထုတ်တယ်ပြောတာပဲ"

ဟုပြောရင်း နောက်ဘေးထဲ ဝင်သွားလေ၏။

■

www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

အောက်ထပ်တွင် ဦးဘမြိုင်နှင့်အတူ ထမင်းစားပြီး အပေါ်ထပ် အခန်းရှိရာသို့ ပြန်တက်လာခဲ့သည်။ အချိန်မှာ ၁၂း၃၀ ခန့် ရှိပြီဖြစ်သည်။

သူ့ကို ပေးထားသောအခန်းမှာ တည်းခိုခန်းတွင် အကောင်းဆုံးအခန်း ဖြစ်ပေလိမ့်မည်။ ကျယ်သည်။ ခုတင်တစ်လုံး၊ စားပွဲတစ်ခုနှင့် ထိုင်ခုံတစ်လုံး ရှိသည်။

ပြတင်းပေါက်ဖွင့်လိုက်လျှင် အပြင်ဘက်ကို လှမ်းမျှော်ကြည့်ရှုလို့ရသည်။ လေနုအေးတွေက ပုံမှန်တိုက်ခတ်နေပြီး တည်းခိုခန်း၏ အပေါ်ဆုံးထပ်တွင် သီးခြားတည်ရှိနေသည့် အခန်းလေးဖြစ်သည်။

အခန်းထဲသို့ရောက်သောအခါ မနေ့ကတည်းက ချထားသည့် ပစ္စည်းများက ပြန့်ကျဲနေလေသည်။



အိမ်ကနေ ယူလာသော သူပိုင်ဆိုင်သည့် ပစ္စည်းများ အတုန်ပင် ဖြစ်သည်။ ခုတင်ပေါ်တွင် တင်ထားဆဲဖြစ်သော အဝတ်အိတ်ကိုယူပြီး အခန်းထောင့်တစ်နေရာတွင် ချထားလိုက်သည်။ ဒီမြို့မှာ ဘယ်နှရက်လောက်နေရမှန်း မသိသောကြောင့် ပါလာသောပစ္စည်းများကို သူ့နေရာသူ ချထားရန် ပြင်လိုက်သည်။

သူ့တွင်ပါလာသော ပစ္စည်းများဆို၍ အိတ်နှစ်လုံးသာ ရှိသည်။ တစ်လုံးက အဝတ်အစားများထည့်သောအိတ်ဖြစ်ပြီး နောက်တစ်လုံးမှာ အိမ်ရှိ မယူမဖြစ်သော ပစ္စည်းများဖြစ်သည်။

အဝတ်အိတ်ထဲက လျှော်ရမည့်အဝတ်အစားများကို သီးသန့် ခွဲထားလိုက်သည်။ ကျန်တဲ့အဝတ်အစားတွေကိုတော့ အခန်းသာမှာပဲ လှမ်းလို့ရသည့်နေရာများတွင် လှမ်းထားလိုက်သည်။

အဝတ်အစားကိစ္စများ ပြီးသောအခါ ကျန်နေသော အိတ်နောက်တစ်လုံးကို ယူလိုက်သည်။ အဖေနဲ့ သူနဲ့ ရိုက်ထားသော ဓာတ်ပုံလေး ထွက်လာ၏။

သူငယ်ငယ်က အဖေနဲ့အတူ အမှတ်တရ ဓာတ်ပုံရိုက်ထားသော ပုံဖြစ်သည်။ သူကစားနေရင်းတန်းလန်း အဖေက ခွဲခေါ်ပြီး ဓာတ်ပုံဆိုင်မှာ ဝင်ရိုက်ထားသည့်ဓာတ်ပုံ ဖြစ်သည်။

အဖေ့ကို သတိတစ်ချက် ရသွားသောကြောင့် ဓာတ်ပုံကို ဆီးဆပ်ရာ စားပွဲပေါ်တွင် ခပ်မြန်မြန် ထောင်ထားလိုက်ရသည်။

ထို့နောက် အိမ်တွင်ရှိသော ဘုရားဆင်းတုပုံတော်ကို

www.burmeseclassic.com

www.burmeseclassic.com



တရိုတသေ ထုတ်ယူပြီး ခုတင်ခေါင်းရင်းတွင် တင်ထားလိုက်ပြန်သည်။

အိမ်ရှိ တစ်ခုတည်းသော ဘုရားပုံတော်ပင် ဖြစ်သည်။ ပြီးနောက် စာအုပ်အချို့ ထွက်လာပြန်သည်။

ထို့သို့ဖြင့် အိတ်ထဲရှိ ပစ္စည်းများကို စနစ်တကျ တစ်ခုချင်း စီထုတ်ရင်း အခန်းထဲရှိ သင့်တော်ရာ နေရာများတွင် လိုက်ထား လိုက်သည်။

နောက်ဆုံးတွင် အဘိုးရဲ့ ပစ္စည်းတွေလို့ ပြောဖူးသော ပစ္စည်းနှစ်ခု ထွက်လာ၏။ တစ်ခုက သေတ္တာလေးပုံစံဖြစ်ပြီး အဖေက ဆေးလိပ်ပြာခွက်အဖြစ် အသုံးပြုသည့် ပစ္စည်းလေးဖြစ်သည်။

အဘိုးပစ္စည်းကို အရင်တုန်းက စိတ်ဝင်တစားမကြည့်ဘူးဘဲ ယခုမှသာ စိတ်ဝင်တစား ကြည့်ရှုမိသည်။

အရင်တုန်းကတော့ 'ဒါဘာလေးလဲ'ဆိုပြီး အဖေ့ကို မေးခဲ့ဖူးတာ ပြန်သတိရသည်။

"ပိုက်ဆံစုတဲ့ သေတ္တာပါ"

"ဟင်. . . အဖေ့ဟာကလည်း ပိုက်ဆံစုတဲ့ဟာလည်း ပြောသေးတယ်၊ ပိုက်ဆံထည့်ဖို့ အပေါက်လည်း မပါဘူး"

"စက်ရုံက မှားထုတ်မိလို့ ပယ်တဲ့ပစ္စည်းဖြစ်သွားတဲ့ တစ်ခု ပါကွာ"

ဒါလောက်ပဲ ပြောပြခဲ့သည်။ ယခုမှပဲ ထိုပစ္စည်းကို



သေချာကြည့်မိနေခြင်းဖြစ်သည်။

သံနဲ့ပြုလုပ်ထားခြင်းဖြစ်ပြီး လေးထောင့်ပုံစံဖြစ်သည်။ ပိုက်ဆံစုသည့် သေတ္တာနဲ့မတူဘဲ ပစ္စည်းတစ်ခုခု ထည့်စရာ သေတ္တာနှင့် ပိုတူသည်။ သို့သော်လည်း အဖုံးမပါချေ။ သေချာ ထိုင်ကြည့်သောအခါတွင် သေတ္တာအောက်ပိုင်းမှာ အပေါ်ပိုင်း ထက် ပိုလေးနေသည်ဟု ထင်ရသည်။

ထပ်မံချိန်ဆကြည့်လိုက်၏။ ဟုတ်တယ်။ သေချာတယ်။ အောက်ပိုင်းတွင် တစ်ခုခု ထည့်ထား၍ လေးနေတဲ့ပုံစံဖြစ်သည်။

သေတ္တာလေးကိုထပ်ပြီး အနီးကပ်ကြည့်မိပြန်သည်။ လက် က သေတ္တာအောက်ရှိ ဖုဖုဖောင်းဖောင်းအရာများကို စမ်းမိသော ကြောင့် ကြည့်မိရာ အင်္ဂလိပ်စာတန်းအချို့ တွေ့ရ၏။

"ဟင်"

သူ့အဘိုးစက်ရုံ မှန်ဦးပေါက်တွင် ရေးထားသည့် စာတန်း ဖြစ်နေသည်။

"ဒါဆို ဒီပစ္စည်းက ငါ့အဘိုး စက်ရုံက ထုတ်တာပေါ့"

ပိုပြီး စိတ်ဝင်စားသွားသောကြောင့် ဟိုကြည့်ဒီကြည့် ထပ်ကြည့်ပြန်သော်လည်း ထူးခြားချက် တစ်စုံတစ်ရာ မတွေ့ချေ။

ဒါကြောင့် စားပွဲပေါ်တင်ထားလိုက်ပြီး အဘိုးပစ္စည်းဟု အဖေပြောဖူးသော နောက်တစ်ခုကို ကြည့်လိုက်မိသည်။

ဒီတစ်ခုကတော့ သိပ်မထူးဆန်းပါ။ အဘိုး သောက်နေကျ

www.burmeseclassic.com

www.burmeseclassic.com



ဆေးတံဟု အဖေကပြောဖူးသည့် ဆေးတံတစ်ခုသာဖြစ်သည်။

ဆေးကြေးများ များပြားစွာ တက်နေတာကလွဲ၍ သာမန် ဆေးတံတစ်ချောင်းသာ ဖြစ်သည်။

အဘိုးသောက်ခဲ့သောကြောင့် အဖေက အမှတ်တရ သိမ်းထားခြင်း ဖြစ်ပုံရသည်။ အဖေကလည်း ဆေးတံမသောက်သောကြောင့် ထိုအတိုင်းပဲ ယူဆလို့ရပါသည်။

ဆေးတံကို သေတ္တာလေးပေါ်သို့ တင်ထားလိုက်သည်။ ထိုပစ္စည်းနှစ်ခုမှာ အဖေရရှိခဲ့သည့် အမွေနှစ်ခုဆိုလည်း မမှားချေ။

စိတ်မကောင်းဖြစ်စွာဖြင့် အဖေ့ကို သတိရမိလိုက်ပြန်သည်။ ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရသော သူတို့သားအဖဘဝကို ပြန်စဉ်းစားကြည့်မိသည်။

အဖေတစ်ခါတစ်ခါ ညည်းညူလေ့ရှိသော 'ငါမိုက်လို့ ဒီလိုဖြစ်ရတာ'ဟူသည့် စကားကို အခုမှပဲ နားလည်တော့သည်။

တစ်ခါတစ်ခါ အဝေးကို မျှော်လင့်နေသော အဖေ့မျက်ဝန်းများကို ယခုမှပဲ ခံစားတတ်နေမိသည်။

ထိုသို့ အတွေးများဝင်တိုင်း မဆီမဆိုင်ဘဲ အဘိုးကို စိတ်ဆိုးမိသည်။ မိဘနဲ့သားသမီးကို အဘိုးက ဒီလောက်တောင်ပဲ ရက်စက်ခဲ့ရလေရောသလား။

လုပ်ကိုင်စားသောက်ဖို့အဖြစ် ပစ္စည်းအနည်းငယ်မှ မပေးခဲ့ဘဲ သူ့ရှေ့ရှိ ပစ္စည်းနှစ်ခုကိုသာ အမွေအဖြစ်ထားခဲ့သောအဘိုးက



ဘယ်လိုလူမျိုး ဖြစ်နိုင်မလဲဆိုပြီး တွေးနေမိပြန်သည်။

အဘိုးသည် နယ်နယ်ရရ ဦးနှောက်ပိုင်ရှင် မဟုတ်မှန်း သိတော့ ရောက်ကတည်းက ရိပ်မိသည်။

ခုနက ဦးဘမြိုင်နှင့် ပြောခဲ့သည့် အဘိုးနဲ့ ပတ်သက်တဲ့ အကြောင်းအရာလေးကို ပြန်ကြားယောင်မိသည်။

"မင်းအဘိုးက ခေတ်ဲ့လူ မဟုတ်ဘူးကွ၊ တော်တော်တော်တဲ့ လူ ငါ မင်းအဘိုးပွဲကို တစ်ခေါက်ကြည့်ဖူးတယ်၊ အဲ့ဒီတုန်းကတော့ ငါက ငယ်ငယ်လေးပေါ့ကွာ၊ လူတွေကလည်း ပြည့်လျှံနေတာပဲ၊ အဲဒီနေ့က ပြခဲ့တဲ့ ပြကွက်တွေထဲက တစ်ခုကိုတော့ ငါ အခုထိ မှတ်မိနေသေးတယ်ကွ၊ ဘာဖြစ်လို့လဲဆိုတော့ ငါကိုယ်တိုင် ဝင်လုပ်ခဲ့ရတာကိုး"

"ဘာတွေများ လုပ်ရတာလဲ"

"ဦးအေးသာက ပရိသတ်ထဲက အစမ်းသပ်ခံမယ့်လူ ဘယ်သူရှိလဲလို့ မေးတော့ အားလုံးက လက်ညှိုးထောင်တာပေါ့၊ ငါလည်း ထောင်တဲ့အထဲမှာ ပါတယ်၊ အဲ့ဒီလူတွေထဲကမှ မင်းအဘိုးက ငါ့ကို ရွေးတယ်၊ ပြီးတော့ ငါ့မှာ ဘာပစ္စည်းတွေပါလဲလို့ မေးတယ်၊ အဲ့ဒီတုန်းက ငါ့လက်ထဲမှာ ကလေးဆိုတော့ကွာ အရုပ်ကလေး တစ်ရုပ်ပါတယ်၊ စစ်သားရုပ် နည်းနည်းကြီးကြီးလေးပေါ့ကွာ"

"အင်း"

www.burmeseclassic.com

www.burmeseclassic.com



"မင်းအဘိုးက အဲ့ဒီအရုပ်ကို တောင်းတယ်၊ ပြီးတော့ ပြန်ပေးပြီး စစ်သားရုပ်ပါးစပ်ကို ငါ့နားနားကပ်ပြီး နားထောင်ကြည့်လို့ ပြောတယ်၊ သူကလည်း စင်ပေါ်ကနေ သူ့ပါးစပ်ကို လက်ကလေးအုပ်ပြီး တစ်ခုခု တိုးတိုးလေး ပြောတယ်၊ ငါလည်း သူခိုင်းတဲ့အတိုင်း စစ်သားရုပ်ပါးစပ်ကို ငါ့နားနား ကပ်နားထောင်ကြည့်တာပေါ့၊ အောင်မလေး ဟော့ကောင်ရေ. . . စစ်သားရုပ်က ငါ့ ဘာပြောလဲ သိလား"

"ဟင်. . . စစ်သားရုပ်က စကားပြောတယ် ဟုတ်လား"

"ဟုတ်တယ်ဟေ့. . . ဘာပြောလဲဆိုတော့ ဟော့ကောင်လူလေး ဘမြိုင်တဲ့၊ ငါ့နားနဲ့ သေချာကြားခဲ့ရတာ၊ နောက်တော့ ဘယ်ဟုတ်မလဲ မင်းအဘိုးက သူ့ပါးစပ်ကိုအုပ်ပြီး တိုးတိုးလေး ပြောတဲ့ စကားတိုင်းကို စစ်သားရုပ်ကနေ ပြန်ကြားနေရတာကွ"

"ဟာ. . . ထူးဆန်းလိုက်တာ"

"အေးလေ. . . အဲဒါကြောင့် မင်းအဘိုးကို မှော်ပညာတောင် တတ်ထားသလားဆိုပြီး အားလုံးက ပြောကြတာ၊ ဒါကြောင့်လည်း အခြားမျက်လှည့်အဖွဲ့တွေက မင်းအဘိုးကို မနာလိုဖြစ်ကြတာပေါ့ ဟော့ကောင် စကားကောင်းနေတာနဲ့ ထည့်စားဦးလေ"

ထိုသို့ အပြောများကို နားထောင်ခြင်းဖြင့် အဘိုးသည် တော်တော်လေးကို ထက်မြက်ခဲ့ပုံရသည်။ လူတကာကလည်း လေးစား အထင်ကြီးခဲ့ကြပုံရသည်။



ထိုစဉ် အခန်းပြတင်းပေါက်က လေတိုက်၍ ပိတ်သွားလေသည်။ ဂျလက်မချထားသောကြောင့် ပိတ်သွားခြင်းဖြစ်သည်။ ထို့ကြောင့် ခုတင်ပေါ်မှ ထလိုက်ပြီး ပြတင်းပေါက်ကို လှမ်းဖွင့်လိုက်သည်။

ပြတင်းပေါက်ရှေ့တွင် စားပွဲခုံက ခံနေသောကြောင့် ကိုယ်ကိုတိုင်းပြီး ဂျလက်ကို မမီတမီ လှမ်းယူလိုက်ပြန်သည်။

"ဂွပ်"

"ဒုန်း"

"ချွင်"

ခုံအစွန်းတွင် တင်ထားသော ဆေးတံနှင့်သေတ္တာ ပြုတ်ကျသွားခြင်းဖြစ်သည်။

ဆေးတံကို ပြန်ကောက်လိုက်ပြီး ခုံပေါ်တင်လိုက်သည်။ သေတ္တာမှာ ခုတင်အောက် ဝင်သွားသောကြောင့် ထိုင်ချပြီး ခုတင်အောက်သို့ ငုံ့ကြည့်လိုက်၏။

"ဟင်"

■

www.burmeseclassic.com

www.burmeseclassic.com

အောက်ပိုင်းပွင့်ထွက်သွားသော သေတ္တာကို တွေ့လိုက်ရပြီး၊ ဘေးတွင်လည်း အကြွေစေ့သုံးစေ့ကို တွေ့လိုက်ရလေသည်။

(၂၀)

သေတ္တာမှာ နဂိုကတည်းက အံ့ဝှက်ရှိပုံရသည်။ ထိုအံ့ဝှက်ထဲတွင် အကြွေစေ့သုံးစေ့ကို အသံမကြားနိုင်အောင် ပိတ်စများအထပ်ထပ်ခံပြီး ထည့်ထားခြင်းဖြစ်သည်။

ထို့ကြောင့် သေတ္တာလေး၏ အောက်ပိုင်းသည် လေးနေခြင်းဖြစ်သည်။

"အဘိုး. . . မျက်လှည့်ပြရင် သုံးတဲ့ Magic Box လေးများလား"

သူ့အတွေးသည် ဖြစ်နိုင်သည်။ မည်သို့ဆိုသော် အံ့ဝှက်လည်းပါသည်။ သာမန်လူဆိုပါက ဘယ်လိုဖွင့်လို့ ဖွင့်ရမှန်း လုံးဝမသိပေ။

မျက်လှည့်ပြပွဲတွေမှာတော့ အံ့ဝှက်ပါသည့် ပစ္စည်းများကို သုံးလေ့ရှိသည်ဟု ကြားဖူးသည်။

အကြွေစေ့သုံးစေ့ကို လက်ထဲတွင် ကိုင်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမြင်ဖူးနေကျ အကြွေစေ့တွေနဲ့ မတူပေ။ ဒါမှမဟုတ် ရှေးခေတ်တုန်းက သုံးခဲ့တဲ့ ပိုက်ဆံအကြွေစေ့တွေများလား။

ဘောင်းဘီအိတ်ထဲ ထည့်ထားလိုက်သည်။ သေတ္တာကိုတော့ ပွင့်နေသည့်အောက်ပိုင်းအား ပိတ်ရာ မည်သို့မျှ ပိတ်၍မရသောကြောင့် ဒီအတိုင်းပဲ ထားထားလိုက်သည်။

"ဂလောက်. . . ဂလောက်"

"ဒေါက်"

"ဟင်"

ပြတင်းပေါက်ကနေ ခဲလုံးတစ်လုံး ဝင်လာသောကြောင့် လန့်ပြီး ရှောင်လိုက်မိသည်။

ဝင်လာသော ခဲလုံးမှာ ခဲလုံးသေးလေးဖြစ်ပြီး နံရံကို မှန်ကာ တစ်နေရာတွင် ရပ်သွား၏။ ဘယ်သူပစ်လိုက်တာလဲ။

ချက်ချင်းပင် ထပြီး ပြတင်းပေါက်ကနေ အောက်သို့ လှမ်းကြည့်လိုက်သည်။ လူတစ်ယောက် ပြေးထွက်သွားတာကို မသဲမကွဲ တွေ့လိုက်ရသည်။

ဒါဆို လေတိုက်ပြီး လွင့်လာတဲ့ ခဲလုံးတော့ မဟုတ်။ ထိုလူပစ်လိုက်သည့် ခဲလုံးဆိုတာ သေချာသည်။

တံခါးကို မြန်မြန်ဖွင့်ပြီး တည်းခိုခန်းအောက်ထပ်ကို ပြေးဆင်းလိုက်သည်။ ကောင်တာတွင် ဦးဘမြိုင်ကို မတွေ့ရသောကြောင့် တည်းခိုခန်းရှေ့ကို ခပ်မြန်မြန် ပြေးထွက်ပြီး ခုနကလူကို လှမ်းကြည့်



လိုက်သည်။

ခပ်ဝေးဝေးကို ရောက်နေပြီဖြစ်သည်။ ဘယ်သူဘယ်ဝါမှန်း မသဲကွဲချေ။ ဘာဖြစ်လို့ ငါ့အခန်းထဲကို ခဲလုံးနဲ့ ပစ်သွားရတာလဲ။

တည်းခိုခန်းရှေ့တွင် ခုနက သူရပ်ထားသော စက်ဘီးကို တွေ့လိုက်ရသည်။ ထို့ကြောင့် ထိုသူပြေးသွားသည့် နောက်သို့ လိုက်ကြည့်ရန် စက်ဘီးကိုတက်ခွကာ ခပ်မြန်မြန်လေး နင်းလိုက်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၁)

တော်တော်ကြာသည်အထိ ထိုလူ၏ အရိပ်အယောင် မတွေ့ရချေ။ စက်ဘီးစီးရင်းနဲ့ လူရှုပ်သော လမ်းပေါ်သို့ ရောက် သွားသောကြောင့် နီးစပ်ရာ လူရှင်းသော လမ်းတစ်ခုကို ချိုးကွေ့ လိုက်သည်။

ဆက်နင်းလာရင်းနှင့်ပင် ဒီလမ်းသည် သူ့အဘိုးစက်ရုံ ရှိရာသို့ သွားသည့်လမ်းမှန်း မှတ်မိလာသည်။

ထို့ကြောင့် သူ့အဘိုးစက်ရုံဘက်က ဖြတ်ပြီး တစ်ဖက်လမ်း ချိုးလေးမှ ကွေ့ကာ တည်းခိုခန်း ပြန်မည်ဟု ဆုံးဖြတ်လိုက်သည်။

စက်ဘီးနင်းလာရင်း မကြာခင်မှာပင် အဘိုးစက်ရုံရှေ့သို့ ရောက်လာသောကြောင့် ဘာရယ်မဟုတ် စက်ဘီးကို အရှိန်လျှော့ ရင်း စက်ရုံကို ငေးကြည့်လိုက်သည်။

စက်ရုံသည် သူ မနက်က လာသလို မဟုတ်တော့ဘဲ တံခါး



စေ့ထားတာကို တွေ့ရသည်။

လေတိုက်လို့ ပိတ်သွားတာ ဖြစ်ပေလိမ့်မည်။ ထို့နောက် စက်ရုံကိုကျော်ပြီး စက်ဘီး ဆက်နင်းသွားရာ ခပ်လှမ်းလှမ်းသို့ ရောက်သောအခါတွင် တစ်စုံတစ်ခုကို သတိရသွားပြီး စက်ဘီးကို ရပ်လိုက်သည်။

စက်ဘီးပေါ်မှနေ၍ နောက်ကို စောင်းငဲ့ကြည့်ရာ မနက် တုန်းက စက်ဘီးမှီထောင်ခဲ့သော ဖုန်းရုံအဟောင်းကို တွေ့ရသည်။

သူ ဒီရောက်ကတည်းက သူ့မြို့မှာ ကျန်ခဲ့သော သူ့သူငယ် ချင်းများဖြစ်သည့် ထွန်းမြင့်နှင့် ကျော်ဟန်ကို အခြေအနေ အကျိုး အကြောင်း ဖုန်းဆက်မပြောရသေးတာကို သတိရသောကြောင့် ဖြစ်သည်။

သူတို့ကလည်း ဖုန်းဆက်ရန် တဖွဖွ မှာလိုက်သောကြောင့် မိမိတွေ့နေရသော ဖုန်းရုံထဲရှိ ဖုန်းနှင့် ဆက်ကြည့်ရန်အတွက် စက်ဘီးကို ပြန်လှည့်လိုက်၏။

ဖုန်းရုံနားသို့ရောက်သောအခါ စက်ဘီးကို အပြင်ဘက်တွင် ထောင်ထားလိုက်ပြီး ဖုန်းရုံတံခါးကိုဖွင့်ကာ အထဲသို့ဝင်လိုက်၏။

ဖုန်းရုံတံခါးရှိ မှန်များမှာ ကွဲနေပြီး အထဲတွင်လည်း ပင့်ကူမျှင်များနှင့် ရှုပ်ယှက်ခတ်နေ၏။

တော်တော်ဟောင်းနေပြီဖြစ်သည့် ဖုန်းရုံပင်ဖြစ်သည်။

"ဆက်လို့ရပါ့မလား မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့ရှိ ဖုန်းကို တစ်ချက်ကြည့်လိုက်သောအခါ ဖုန်းမှာ ရှေးခေတ်က အသုံးပြုသည့် ဖုန်းပုံစံဖြစ်ပြီး ဖုန်းခွက်ကို အပေါ်တွင် ချိတ်ထားသည်။

ဖုန်းဆက်ရန်အတွက် ပိုက်ဆံအကြွေစေ့ထည့်ရန် ဘေးတွင် အပေါက်လေးတစ်ပေါက်လည်း ပါသည်။

"တော်တော်ခေတ်အောက်နေပြီပဲ. . . ဘာပဲဖြစ်ဖြစ်၊ ငါ့မှာလည်း မနက်က ရထားတဲ့အကြွေစေ့ ရှိနေတာနဲ့ အတော်ပဲ ဆက်ကြည့်တာပေါ့"

တစ်ယောက်တည်းပြောရင်း မနက်က ရခဲ့သည့် အကြွေစေ့များကို အိတ်ထဲကစမ်းရမ်း အကြွေစေ့တစ်စေ့ကို ထုတ်လိုက်သည်။

အကြွေစေ့ထည့်ရန် အပေါက်ထဲသို့ အကြွေစေ့ ထည့်လိုက်ပြီး ဖုန်းခွက်ကို မလိုက်သည်။

"ဟာ. . . သွားပါပြီ"

ဖုန်းခွက်နှင့် ဖုန်းအိမ်ကို ဆက်ထားသော ဖုန်းကြိုးမှာ ပြတ်နေသည်ကို တွေ့ရသည်။

ထို့ကြောင့် စိတ်ပျက်သွားပြီး ဖုန်းခွက်ကို ပြန်ချိတ်ကာ အကြွေစေ့ ပြန်ရလိုရငြား အပေါက်ထဲကို နှိုက်ကြည့်လိုက်သည်။

မတွေ့တော့။ အကြွေစေ့က အထဲဝင်သွားပြီ ဖြစ်သည်။

ထို့နောက် ဖုန်းရုံတံခါးကို ပြန်ဖွင့်ပြီး အပြင်ကို ထွက်လိုက်သည်။



ထိုစဉ်မှာပဲ ဖုန်းရုံထဲမှ ဖုန်းမြည်လာ၏။

"ကလင်. . . ကလင်. . . ကလင်. . . ကလင်"

"ဟင်"

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၂)

ရုတ်တရက် ထိတ်လန့်သွားပြီး အသံမြည်နေတဲ့ဖုန်းကို ကြောင်ပြီး ကြည့်နေမိသည်။

ကြိုးပြတ်နေတဲ့ဖုန်းက အသံထမြည်တယ်ဆိုတော့ ကျေးသာမှာ လန့်လည်း လန့်သွားသည်။

"ကလင်. . . ကလင်. . . ကလင်"

ဖုန်းသံမှာ အဆက်မပြတ် မြည်နေလေသည်။

ဘာလုပ်ရမလဲ။ ကိုင်လိုက်ရင် ကောင်းမလား။

နောက်ဆုံးတွင် ကြောက်ကြောက်လန့်လန့်နဲ့ပဲ ဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဟယ်လို"

"ဟယ်လို. . . စာကြည့်တိုက်ကပါ။ မှာထားတဲ့ စာအုပ်လေး ရပြီဆိုတာ အကြောင်းလှမ်းကြားတာပါ။ စာအုပ်က ဟောင်းနေ



တော့ စာကြည့်တိုက်စည်းမျဉ်းအရ အိမ်ကို ငှားလို့တော့ မရပါဘူး"

"ဟုတ်. . . ဟုတ်ကဲ့. . . စာကြည့်တိုက်ကို လာခဲ့ပါ့မယ်"

ထိုသို့ပြောပြီး တစ်ဖက်မှ ဖုန်းချသွားလေသည်။

ကျေးသာမှာ ပြတ်နေသော ဖုန်းခွက်ကြီးကိုကိုင်ပြီး ကြောင်တောင်တောင်နဲ့ ရပ်နေမိသည်။

ပြတ်နေတဲ့ ဖုန်းနဲ့ စကားပြောလို့ရတယ်ဆိုတော့ အိပ်မက်လေလား၊ ဘာလေလားဆိုပြီး ခေါင်းရှုပ်သွားသည်။

တကယ် ဟုတ်မဟုတ် သိရအောင် စာကြည့်တိုက်ကို သွားကြည့်မှ သေချာသိရမည်။

ထို့ကြောင့် စက်ဘီးကို ခပ်မြန်မြန်လေးနင်းရင်း လမ်းမှာ တွေ့တဲ့ လူတစ်ယောက်ကို "စာကြည့်တိုက် ဘယ်နားမှာလဲဗျ" ဟုမေးကာ ထိုလူညွှန်တဲ့အတိုင်း နင်းလာခဲ့၏။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၇)

စာကြည့်တိုက်ရောက်တော့ ကောင်တာတွင် တော်တော် အသက်ကြီးနေပြီဖြစ်သော အဘိုးကြီးတစ်ယောက်ကို တွေ့ရသည်။

ထို့နောက် ကောင်တာကို တန်းသွားလိုက်ပြီး-

"အဘိုး. . . ခုနက စာအုပ်ရပြီဆိုပြီး ဖုန်းဆက်ထားလို့ပါ"

အဘိုးကြီးက မျက်စိတော်တော်မှုန်နေပြီ ဖြစ်သည်။

သူက အထက်ပါအတိုင်း မေးလိုက်သောအခါတွင် သူ့ကိုပင် မကြည့်ဘဲ အနောက်ဘက်ထဲသို့ ဝင်သွား၏။

ထို့နောက် ခဏကြာသောအခါ ဗန်းလေးပေါ်တွင် လွန်စွာ ဟောင်းနွမ်းနေပြီဖြစ်သော စာအုပ်လေးတစ်အုပ်ကိုတင်ပြီး ပြန်ထွက်လာ၏။

"စာအုပ်က ဟောင်းနေတော့ အိမ်ကိုငှားလို့တော့ မရဘူး။ ဒီမှာပဲ ကြည့်လို့ရမယ်၊ ရော့. . . ဒါက လက်အိတ်၊ လက်အိတ်



စွပ်ပြီး စာရွက်တွေ တစ်ခုချင်းစီကြည့်၊ ဟုတ်ပြီလား. . . ပြီးရင် ဒီမှာ လက်မှတ်ထိုးခဲ့"

မှာထားသော စာအုပ်များစာရင်းဆိုသည့် စာအုပ်ကို ထိုးပြသည်။

သူ့ကိုပင် တစ်ချက်မှ မကြည့်ချေ။

"အဘိုး စာအုပ်က မှာထားတာ ကြာပြီထင်တယ်နော်"

သူက အဘိုးကြီးကို နည်းနည်းပါးပါး အစ်အောက်ကြည့်သည်။

"ဟုတ်တယ်. . . ပေးထားတဲ့ ဖုန်းနံပါတ်ကို နေ့တိုင်း ဆက်ကြည့်တယ်. . . မရဘူး၊ ဒီနေ့မှပဲ ဖုန်းဝင်သွားတာ၊ အဘိုးက ဒီမှာလုပ်တာ ကြာပြီလေ၊ ဒီလိုပဲ စာရွက်အပိုင်းအစလေးပေါ်မှာ စာအုပ်နာမည်နဲ့ ဆက်သွယ်ဖို့ ဖုန်းနံပါတ်ရေးပြီး စာအုပ် မှာသွားကြတာပဲ၊ နေ့တိုင်း ဆက်လို့မရင် တစ်နေ့နှစ်ခေါက်တော့ ပုံမှန် ဆက်ဖြစ်တာပါပဲ၊ သူတို့က မလိုတော့ဘူးလို့ အကြောင်းပြန်မှသာ မှာထားတဲ့ စာရွက်ကို ဖြုတ်တာပါ"

ထိုသို့ပြောပြီးပြီးချင်း အနောက်ဘက်သို့ ပြန်ဝင်သွားပြန်၏။

သူ့ရှေ့တွင်တော့ စာအုပ်လေးတစ်အုပ်ပဲ ကျန်ခဲ့လေသည်။

ဘယ်သူများ သူ့ရှေ့က စာအုပ်ကို မှာသွားခဲ့တာလဲ။

ပြီးတော့ ဖုန်းက ဘာဖြစ်လို့ ဒီနေ့မှ ဆက်လို့ရတာလဲ။

အတွေးတွေက ဖြောင်းဆန်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် သူ့ရှေ့တွင်ရှိနေသော စာအုပ်က ဘာစာအုပ်လဲဆိုတာကိုတော့ အရင်ဖတ်ကြည့်ရမည်။

စာအုပ်ဖတ်ကြည့်ရန် လက်အိတ်ကို အရင်စွပ်လိုက်၏။ ဗန်းထဲက စာအုပ်ကို ဖွဖွလေး ကိုင်လိုက်သည်။

စာအုပ်မှာ လွန်စွာဟောင်းနေပြီး ကြွေကျလုဆဲဆဲ အခြေအနေဟု ဆိုရပေမည်။

အဖုံးက စာသားများကို ဖတ်ကြည့်လိုက်၏။ သဲသဲကွဲကွဲ မမြင်ရပေ။ ဒီမြို့နာမည်ကို တွေ့ရပြီး အောက်တွင်လည်း ဓာတ်ပုံမှတ်တမ်းဆိုတာကိုသာ ရေးသားထား၏။

အခြား ထူးထူးခြားခြား ဘာမှ မတွေ့ရချေ။ ထို့ကြောင့် စာအုပ်ကို ဖြည်းဖြည်းချင်း စလှန်လိုက်သည်။ ဓာတ်ပုံတစ်ပုံကို စတွေ့ရသည်။

ဓာတ်ပုံ (၁)

လမ်းမကြီးပုံတစ်ခုကို တွေ့ရသည်။ လမ်းပေါ်တွင်လည်း ကားတစ်စီးကို တွေ့ရပြီး ကားမှာ ရှေးခေတ်ပုံစံ ကားတစ်စီး ဖြစ်သည်။ ထို့ပြင် လမ်းပေါ်တွင် မြင်းရထားနှစ်စီး၊ ဆိုင်ကယ်သုံးစီး၊ ဦးထုပ်ဆောင်းထားကြတဲ့ ယောကျ်ားလေးများနှင့် ရှေးခေတ်ပုံစံ ဝတ်စားထားသော အမျိုးသမီးများ သွားလာနေကြတာကို တွေ့ရသည်။



ကျေးသာသည် ထိုပုံကို သေချာကြည့်ရင်းနှင့်ပင် ထိုလမ်းကို မြင်ဖူးသလို ခံစားလိုက်ရသည်။ ဤတွင် ဓာတ်ပုံ၏ ထောင့်နားလေးတွင် အနီရောင် တယ်လီဖုန်းရုံတစ်ခြမ်းပါနေသည်ကို တွေ့လိုက်ရလေသည်။

“ဒါ. . . ငါ. . . ငါ ဝင်ဆက်ခဲ့တဲ့ ဖုန်းရုံပဲ”

အံ့ဩလွန်းသောကြောင့် ဖုန်းရုံကိုကြည့်ပြီး ငိုင်သွားမိသည်။

ဖုန်းရုံထဲတွင်လည်း လူတစ်ယောက် ဖုန်းဝင်ဆက်နေတာကို ဓာတ်ပုံထဲတွင် တွေ့ရ၏။

ကျေးသာသည် ဓာတ်ပုံကိုကြည့်ရင်း တစ်ဦးတစ်ယောက်က တစ်ခုခုကို ပြောနေသလိုမျိုး ခံစားလာရသည်။

သို့သော် ဘာကို ပြောနေမှန်းကို အခုထိ မရိပ်မိသေးချေ။ ဒီစာအုပ်ကို သူ့အဘိုးက စာကြည့်တိုက်မှာ လာမှာသွားတာလား။

ပြီးတော့ သူထားခဲ့တဲ့ အကြွေစေ့လေးကို ဖုန်းထဲထည့်လိုက်လို့ နှင်းတ ဆက်လို့ရတာလား။

ဒီစာအုပ်က ငါ့အဘိုးမှာထားတဲ့ စာအုပ်ဆိုရင် အဘိုးက ဘာကို ဆိုလိုခဲ့တာလဲ။

မေးခွန်းပေါင်းများစွာ ရှုပ်ထွေးသွားသည်။ ထို့သို့ဖြင့် စာအုပ်ထဲရှိ ဒုတိယဓာတ်ပုံကို လှန်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဓာတ်ပုံ (၂)

မီးရထား ပလက်ဖောင်းပါသည့် ဘူတာရုံအတွင်းပိုင်းပုံ ဖြစ်သည်။ ဓာတ်ပုံထဲရှိ မီးရထားပလက်ဖောင်းပေါ်တွင် လူအများ ကြိတ်ကြိတ်တိုး သွားလာနေကြသည်။

တချို့က ရထားသံလမ်းပေါ်တွင် ရပ်ထားသော ရေနွေး စက်ခေါင်း ရထားပေါ်သို့ တက်နေကြ၏။ အချို့က ထိုရထားပေါ် ကနေ ဆင်းလာနေကြခြင်းဖြစ်သည်။

ရထားဘူတာရုံ၏ စင်္ကြံနံရံတစ်ခုတွင် ပေါင်ချိန်သည့် စက်ကြီးတစ်ခုကို တွေ့ရသည်။ ထိုစက်ဘေးတွင် ဘောင်းဘီ ပွယောင်းယောင်းနဲ့ လက်ရှည်အင်္ကျီကို ဝတ်ဆင်ထားသည့် လူ တစ်ယောက် မတ်တတ်ရပ်နေတာကို တွေ့ရသည်။

မျက်နှာက နည်းနည်းဝါးနေပြီး ကြည်ကြည်လင်လင် မတွေ့ရ။ သို့သော် သူ့မျက်နှာက ကင်မရာရိုက်နေသည့်နေရာကို သိသည့်အလား လှမ်းကြည့်နေပုံပေါက်သည်။

ထို့နောက် နောက်ထပ်ဓာတ်ပုံတစ်ခုကို ကြည့်လိုက်၏။

## ဓာတ်ပုံ (၃)

ရေကူးကန် အကြီးကြီးတစ်ခုကို တွေ့ရသည်။ ကန်ထဲမှာရေ… ကန်ဘောင်ပေါ်မှာပါ ယောကျာ်းလေး၊ မိန်းကလေးများကို ရေကူ… ဝတ်စုံများနှင့် တွေ့ရ၏။



ဤတွင် ဓာတ်ပုံ (၂)ထဲက ပေါင်ချိန်သည့် စက်ဘေးနား တွင် ရပ်နေသောသူကို ဓာတ်ပုံ (၃)ထဲတွင် ပြန်တွေ့ရပြန်သည်။

မည်သို့ဆိုသော် ခုနက ဓာတ်ပုံထဲကလို ဘောင်းဘီ ပွယောင်းယောင်းနဲ့ လက်ရှည်အင်္ကျီကိုပဲ ဝတ်ထားသောကြောင့် ဖြစ်သည်။

ရေကူးကန်နားတွင် မတ်တတ်ရပ်နေပြီး နှာခေါင်းကို သက်နှင့်ပိတ်ကာ ရေကန်ထဲသို့ခုန်ချမည့်ဟန် ဖြစ်နေခြင်းဖြစ်သည်။

BURMESE CLASSIC .com

သေချာသည်။ တစ်ဦးတစ်ယောက်က ဓာတ်ပုံထဲကနေ တစ်ခုခု ပြောနေသလိုမျိုး ခံစားလာရသည်။ ဘာတွေလဲ။ သူက ဘာကိုပြောချင်တာလဲ။

နောက်ထပ်ကျန်ရှိသော ဓာတ်ပုံများကို တစ်ခုချင်းစီ လှန် ကြည့်မိပြန်သည်။

## ဓာတ်ပုံ (၄)

ရုပ်ရှင်ရုံ ပုံတစ်ပုံဖြစ်သည်။ ထိုလူ၏ ပုံကိုပဲ လူအများကြား ထဲတွင် ခပ်ဝါးဝါး ထပ်တွေ့ရပြန်၏။

## ဓာတ်ပုံ (၅)

ဒီပုံကတော့ ကလေးကစားကွင်းတစ်ခုပုံကို ရိုက်ထားခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံ (၆)

စင်မြင့်ဆောက်ထားသည့်ပုံဖြစ်ပြီး ထိုအပေါ်တွင် တူရိယာ ပစ္စည်းများကို တွေ့ရ၏။ အောက်တွင်လည်း ကြည့်ရှုနေသူများကို တွေ့ရသည်။

ကြည့်ရှုခဲ့သည့် ပုံတိုင်းလိုလိုတွင် ခုနကလူသည် တစ်နေရာ မဟုတ် တစ်နေရာတွင်ပါ၏။ ပုံတိုင်းတွင်လည်း အင်္ကျီအဝတ်အစား အတူတူပင်ဖြစ်သည်။

ဓာတ်ပုံစာအုပ်ကို နောက်တစ်ခေါက် သေချာပြန်ကြည့် သောအခါတွင် ဓာတ်ပုံ (၅)နှင့် (၆) ပုံ နှစ်ပုံကြားတွင် ဓာတ်ပုံ တစ်ပုံ ပြုတ်နေသည့်ပုံစံကို တွေ့လိုက်ရသည်။

"အဘိုး. . . အဘိုး"

ခပ်လှမ်းလှမ်းတွင် ရှိနေသော အဘိုးကြီးကို လှမ်းခေါ် လိုက်သည်။

"ပြီးပြီလား. . . ကောင်လေး"

"ဟုတ်ကဲ့. . . ဒါပေမယ့် အဘိုး ဒီမှာ ဓာတ်ပုံတစ်ပုံ ကျန်နေသေးတယ် ထင်တယ်"

အဘိုးကြီးက သူပြသော ဓာတ်ပုံတစ်ပုံနေရာလွတ်ကို ကြည့်ပြီး-

"အင်း. . . ဟုတ်တယ်၊ စာအုပ်ထားတဲ့နေရာမှာ ကျကျန် နေတာ ဖြစ်လိမ့်မယ်၊ အဘိုး ရှာထားလိုက်မယ်၊ တွေ့ရင် ဖုန်းဆက် လိုက်မယ်လေ"



"ဟုတ်ကဲ့. . . အဘိုး၊ ဪ. . . ဆက်ရမယ့်ဖုန်းက ပြောင်းသွားပြီ. . . ဒီကိုဆက်ပေးပါ"

တည်းခိုခန်းက ဖုန်းနံပါတ်ကို ပေးလိုက်သည်။

"နေပါဦး ကောင်လေး၊ မင်းကို ငါ ဒီမြို့မှာ မတွေ့ဖူး ပါဘူး"

"ဟုတ်ကဲ့ အဘိုး. . . ကျွန်တော်က အခုမှ ဒီမြို့ကို ရောက်တာပါ"

အဘိုးကြီးက သူ့ကို မော့ကြည့်ရုံမှတစ်ပါး ဘာမှ မမေး တော့ဘဲ စာအုပ်ကို ပြန်ယူကာ အထဲသို့ ဝင်သွားလေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၄)

စာကြည့်တိုက် အပြန်လမ်းတွင် စက်ဘီးကို ဖြေးဖြေး နင်းရင်း အတွေးတို့က ခေါင်းထဲတွင် ထောင်သောင်းချီနေသည်။

လမ်းတွင် တွေ့ရသော လူသွားလူလာများကိုရှောင်ရင်း စက်ဘီးကို ဦးတည်ရာမဲ့ နင်းလာခဲ့ရာ ဆိုင်တစ်ဆိုင်ရှေ့ ရောက်မှ သာ တည်းခိုခန်းသို့ ပြန်တဲ့လမ်း မဟုတ်ဘဲ လမ်းမှားနေတာကို သိသောကြောင့် စက်ဘီးကို ရပ်လိုက်သည်။

ဘယ်ကို ရောက်နေမှန်း မသိ။ တစ်ဖက်ကို လှမ်းကြည့် လိုက်သောအခါ ဒီမြို့ကို သူစဝင်လာတုန်းက ထိုင်ခဲ့တဲ့ လက်ဖက် ရည်ဆိုင်ကို တွေ့ရသည်။

ထို့ကြောင့် လက်ဖက်ရည်လေးဘာလေး သောက်ဦးမှဟု တွေးကာ စက်ဘီးပေါ်မှ ဆင်းပြီး ဆိုင်ရှေ့ကို စက်ဘီး တွန်းသွား လိုက်သည်။

စက်ဘီးကို ဆိုင်ရှေ့တွင် ထောင်ထားလိုက်ပြီး ဆိုင်ထဲသို့ ဝင်လိုက်သောအခါ သူစဝင်လာတုန်းကလိုပင် လူပြည့်နေသည်ကို တွေ့ရသည်။

ဆိုင်ထဲကလူတွေက သူဝင်လာတာကိုကြည့်ပြီး ပြုံးပြကြ၏။ သူကလည်း ပြန်ပြုံးပြလိုက်သည်။

တချို့က လှမ်းနှုတ်ဆက်၏။ 'ဦးအေးသာမြေးလေး နေကောင်းလား'ဟူ၍ ဖြစ်၏။

တချို့တော့ 'တွေ့ပြီလား'ဟုဆိုပြီး မေးမြန်းကြ၏။ ထိုအခါ ချိန်တွင် သူက-

"မတွေ့ပါဘူးဗျာ"

ဟုပြောကာ ခုံလွတ်တစ်ခုတွင် ဝင်ထိုင်လိုက်သည်။

သချာတာကတော့ သူ ဒီမြို့ကို ရောက်စကလို ပြူး ကြောင်ကြောင်နဲ့ ကြည့်မနေကြတော့ဘဲ အားလုံးက ဖော်ဖော် ရွေရွေနဲ့ နှုတ်ဆက်ကြခြင်းဖြစ်သည်။

"ကောင်လေး ဘာသောက်မလဲ"

ကောင်တာတွင် ထိုင်နေသော အဘိုးကြီးက သူ့ကို လှမ်း မေးခြင်းဖြစ်သည်။

ကောင်တာနှင့် သူဝင်ထိုင်လိုက်သည့်ခုံသည် နီးနေသော ကြောင့် ဆိုင်ပိုင်ရှင် ဖြစ်ပုံရသော အဘိုးကြီးကပင် လှမ်းမေးခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့. . . လက်ဖက်ရည်ပဲ. . . ချိုပေါ့"

"ချိုပေါ့ဟေ့. . . မုန့်ချပေး"

ခပ်လှမ်းလှမ်းရှိ သူ့ကောင်လေးကို လှမ်းအော်ပြောလိုက်သည်။

"မင်းအဖေ ဆုံးသွားတာ ငါတကယ် စိတ်မကောင်းဘူးကွာ"

အဘိုးကြီးက သူ့ကို စိတ်မကောင်းစွာနှင့် ပြောနေလေ၏။

"ငါ့ကိုတော့ ဒီကလူတွေ ခေါ်တဲ့အတိုင်း ဘကြီးမိုးလို့ မှတ်ထား. . . ဒါနဲ့ မင်းနာမည်က ကျေးသာမှတ်လား"

"ဟုတ်ပါတယ်. . . ဘကြီးမိုး"

"အေး. . . အေး၊ မင်း အခု မင်းအဘိုးအမွေတွေ ရှာ ဆုံးဖြတ်လိုက်ပြီလား"

"မသိသေးပါဘူး ဘကြီးမိုးရာ အဘိုးဟာက ဟုတ်ရေ ဟုတ်ပါ့မလား မသိပါဘူး"

သူနဲ့ ဘကြီးမိုးတို့ ပြောစကားကို တော်တော်များများထ နားထောင်နေကြတာကို တွေ့လိုက်ရ၏။

"ဖြစ်နိုင်တယ် ကောင်လေး၊ ဖြစ်နိုင်တယ်။ မင်းအဖေ ဒီက မထွက်သွားခင် ငါနဲ့ နောက်ဆုံးတွေ့တော့ ငါက သူ့ကို မေး ဖူးတယ်"

"ဘာများလဲ. . . ဘကြီးမိုး"

"ဌေးသာ မင်းအဖေက မင်းကို အမွေတွေ ထားသွားတာ



ယုံရဲ့လားလို့ မေးဖူးတယ်"

"အဲဒီတော့ အဖေက ဘာဖြေလဲ"

အဖေ့အကြောင်း ရှားရှားပါးပါး ကြားလိုက်ရ၍ သိချင်စိတ် ကြီးသွား၏။

"မင်းအဖေက ငါ့ကို ခေါင်းညိတ်တယ်. . . သူယုံတယ်တဲ့၊ သူ့အဖေက စကားတစ်ခုကို လွယ်လွယ်ပြောလေ့ မရှိဘူးတဲ့၊ ဒီတော့ အမွေတွေရှိတယ်ဆိုတာကိုတော့ မင်းအဖေက ယုံခဲ့တယ်၊ ယုံလို့လည်း မင်းကို ဒီအထိ လွှတ်လိုက်တာပေါ့၊ ဒါပေမယ့် သူရှာမတွေ့ခဲ့ဘူး"

ဘကြီးမိုးက ရှေးဟောင်းနှောင်းဖြစ် ပြောလိုက်၍ တော်တော်လေး ကျေနပ်သွားဟန်ရှိသည်။

"ဘကြီးမိုး. . . ဦးအေးသာက တော်တော်လေး ချမ်းသာလားဗျ"

ဆိုင်ထဲရှိ သူ့လိုပဲ လူရွယ်တစ်ယောက်က ဘကြီးမိုးကို လှမ်းမေးလိုက်ခြင်း ဖြစ်သည်။

သူက ဒီမြို့ရဲ့နာမည်ကျော် ပုံပြင်ကိုသာသိပြီး ထိုပုံပြင်ထဲရှိ ဇာတ်ကောင်တွေရဲ့ခေတ်ကို မမီခဲ့သောကြောင့် လှမ်းမေးခြင်း ဖြစ်ပုံရသည်။

"ငါ မင်းကို မေးမယ်၊ ဒီမြို့မှာ ဘယ်သူ အချမ်းသာဆုံးလဲ"

"မြို့မျက်နှာဖုံး သူဌေးကြီး ဦးသိန်းစံက အချမ်းသာဆုံး"

www.burmeseclassic.com

www.burmeseclassic.com



"အေး. . . သူတောင် ဦးအေးသာကို မမီဘူး"

"ဟာ. . . ဒါဆို တော်တော်ချမ်းသာတာပဲ"

ကျေးသာစိတ်ထဲတွင် ဒဏ္ဍာရီတစ်ခုကို လူကြီးများက လူငယ်များကို လက်ဆင့်ကမ်း ပြောပြနေသည်နှင့် တူနေတော့သည်။

လက်ဖက်ရည် လာချ၏။ တစ်ငုံသောက်ကြည့်ရင်း ဆိုင်ထဲသို့ တစ်ချက်ကြည့်လိုက်ရာ သူ၏ မျက်လုံးများသည် စားပွဲဝိုင်းတစ်ခုတွင် ရပ်သွား၏။

"ဟင်"

စိတ်ထဲမှာ ဒိုင်းဖြစ်သွားသည်။

မည်သို့ဆိုသော် စားပွဲဝိုင်းတစ်ခုတွင် ကောင်မလေး တစ်ယောက်ကို လှမ်းမြင်လိုက်ရသောကြောင့် ဖြစ်သည်။ ထို့ပြင် ထိုကောင်မလေးသည် သူ့အိပ်ခန်းထဲသို့ ခဲလုံးပစ်သွားသော သူ၏ အင်္ကျီပုံစံနှင့် တူနေသောကြောင့် ဖြစ်သည်။

ခဲလုံးပစ်ထည့်သွားသောသူသည် ယောကျ်ားလေးလား၊ မိန်းကလေးလား သူ မသိချေ။

သို့သော် အင်္ကျီအရောင်နှင့် ပုံစံကတော့ သူ့အရှေ့က တွေ့နေရသော ကောင်မလေး၏ အင်္ကျီအရောင်ပုံစံဆိုတာကိုတော့ သေချာမှတ်မိနေသည်။

ကောင်မလေးသည် တစ်ချက်တစ်ချက် သူ့ကို လှမ်းကြည့်



နေတာကို တွေ့လိုက်ရ၏။

သို့သော် မသေချာသောကြောင့် သွားမမေးရဲချေ။ ခဏအကြာတွင် ကောင်မလေးသည် ပိုက်ဆံရှင်းပြီး ဆိုင်ထဲက ထွက်သွားလေ၏။

သူမှာသာ ဝေခွဲမရသည့် အရာများနှင့် ကျန်ခဲ့ရသည်။

■

www.burmeseclassic.com

www.burmeseclassic.com

ရက်အနည်းငယ်တော့
စောင့်ကြည့်ဦး အဖေ။
မသေချာ ပေမယ့်
သေချာတယ်လို့ ယုံကြည်ခဲ့တဲ့
အဖေ့အတွက်
တစ်ခုခုတော့ ထူးမှာပါ။
အဘိုးအိမ်ကို ရောက်ခဲ့တယ်
အဲ့ဒီအချိန်တွေမှာ
အဖေ ဘယ်လိုများ နေခဲ့သလဲဆိုတာ တွေးရင်း
သား. . . စိတ်မကောင်းပါဘူး။
အဖေ မရခဲ့တဲ့
စက်ရုံကိုလည်း
သားတွေ့ခဲ့တယ်။



ဝမ်းမနည်းပါနဲ့ အဖေ
အဖေဟာ ကိုယ့်ခြေထောက်ပေါ် ရပ်ရင်း
ဘဝကို ဖြတ်သန်းသွားတာကိုက
ဂုဏ်ယူစရာပါ။
အဘိုးကိုတော့
စိတ်မဆိုးပါဘူး
ဒါပေမယ့်
အဘိုးကြောင့်
အဖေရှုန်းကန်ခဲ့တာတွေ ပျောက်ဖို့
ရက်အနည်းငယ်တော့
စောင့်ကြည့်ဦး အဖေ။

www.burmeseclassic.com

www.burmeseclassic.com

## (၂၅)

မနက်စာစားပြီး တည်းခိုခန်းကနေ စက်ဘီးတစ်စီးနဲ့ ထွက်လာခဲ့သည်။ မထွက်ခင် ဦးဘမြိုင်က-

"ကောင်လေး"

"ဗျာ"

"ဘယ်သွားမလို့တုံး"

"သွားစရာဆိုလို့ အဘိုးစက်ရုံနားပဲရှိတာ"

"လိုက်ရှာနေတာပေါ့"

ထိုစကားကိုတော့ ဟုတ်တယ်ဟု ဝန်မခံလိုက်ပါ။ တကယ်လည်း ရှာရမယ်ဆိုပါက ဘယ်ကဘယ်လို ရှာရမှန်း မသိသောကြောင့်ပင်။

"ဒါနဲ့. . . ဦးဘမြိုင်"

"အေး. . . ဘာလဲ"



"အဘိုးတို့စက်ရုံရှေ့က ဖုန်းရုံကိုသိလား"

"သိတာပေါ့. . . ဘာဖြစ်လို့လဲ"

"အဲ့ဒီဖုန်းကြီးက ဆက်လို့ရသေးလား"

"ဘယ်ကသာ ဆက်လို့ရမှာလဲ ကြိုးပြတ်နေပြီ၊ အဲ့ဒါ အရင်တုန်းက မင်းအဘိုး စက်ရုံကပိုင်တဲ့ ဖုန်းလေ၊ ဆက်ချင်တဲ့လူ ဆက်လို့ရအောင် တပ်ပေးထားတာ၊ အခုတော့ ဖုန်းတွေက တော်တော်များလာပြီဆိုတော့ အဟောင်းကြီးကို ဘယ်သူမှ မပြင်တော့ဘူးလေ"

"သြော်"

ကျွန်တော်ကတော့ အဲ့ဒီဖုန်းနဲ့ ဖုန်းပြောခဲ့သေးတယ်ဗျာဟု ဆိုပါက ရူးနေပြီဟု ပြန်ပြောမှာစိုးသောကြောင့် မပြောခဲ့တော့ချေ။

အဲ့ဒီလိုနဲ့ အဘိုးတို့စက်ရုံနား ရောက်ခဲ့ပြန်သည်။ ဒီတစ်ခါသူ၏ ဦးတည်ချက်သည် အဘိုးရဲ့ စက်ရုံမဟုတ်ဘဲ စက်ရုံရှေ့တွင်ရှိနေသော ဖုန်းရုံအဟောင်းပင်ဖြစ်သည်။

စက်ဘီးကို ထုံးစံအတိုင်း ဖုန်းရုံကိုမှီပြီး ထောင်ထားလိုက်သည်။ တံခါးကို ဖွင့်ဝင်ပြီး ပြတ်နေသော ဖုန်းခွက်ကို မလိုက်သည်။ ပြီးနောက် အိတ်ထဲရှိ ကျန်ရှိနေသော အကြွေစေ့နှစ်စေ့ထဲမှ တစ်စေ့ကိုယူကာ အကြွေစေ့ထည့်ရန် အပေါက်ထဲသို့ ထည့်လိုက်၏။

"ဂလောက်"

အကြွေစေ့ကျသံကို တစ်ဆင့်ခြင်းကြားရပြီး ဖုန်း၏

www.burmeseclassic.com

www.burmeseclassic.com



အောက်ဖက်တွင်ခံထားသော ခွက်လေးထဲသို့ ထည့်လိုက်သည့် အကြွေစေ့က ပြန်ကျလာ၏။

"ဟင်. . . ထည့်လို့ မရပါလား"

နောက်တစ်ခေါက် ပြန်ပြီးလုပ်ကြည့်သည်။

ပထမအခေါက် လုပ်တုန်းကလို အကြွေစေ့က အထဲမှာ ကျန်မနေဘဲ ဖုန်း၏အောက်ဖက်မှ ပြန်ထွက်လာ၏။

ဒါနဲ့ နောက်ထပ်ကျန်နေသော အကြွေစေ့တစ်စေ့နဲ့ စမ်းသပ်ကြည့်ပြန်သည်။

အရင်အကြွေစေ့လိုပင် အောက်ဘက်က ပြန်ထွက်လာ၏။ မထူးခြားနားသော အခြေအနေကြောင့် လက်ထဲက ကိုင်ထားသော ဖုန်းခွက်ကို ပြန်ချလိုက်သည်။

ဖုန်းများ မြည်လာဦးမလားဆိုပြီး ခဏရပ်ကြည့်လိုက်သေးသည်။ အတော်ကြာသည်အထိ မနေ့ကလို ဖုန်းမြည်မလာတော့ပေ။

ဖုန်းရုံတံခါးကို ပြန်ပိတ်လိုက်သည်။ မျက်နှာချင်းဆိုင် ရှေ့တည့်တည့်တွင်ရှိနေသော အဘိုးရဲ့ စက်ရုံအဟောင်းကို တစ်ချက်ကြည့်လိုက်၏။

ပြီးနောက် လမ်းဘက်ကို တစ်ချက်ကြည့်မိပြန်သည်။ စာကြည့်တိုက်ထဲမှာ တွေ့ခဲ့သော ပထမဓာတ်ပုံကို ပြန်သတိရလိုက်၏။

ဓာတ်ပုံထဲကလမ်းသည် ပိုဟောင်းနေသော်လည်း သေချာ



ဘာကတော့ ယခု မိမိ ရပ်နေသောနေရာသည် ပထမဓာတ်ပုံထဲက နေရာဆိုတာ ကျိန်းသေပြောလို့ရသည်။

ဒါဆို. . .

စက်ဘီးကို တက်ခွပြီး လမ်းတစ်လျှောက် ခပ်မှန်မှန် ဆက်နင်းနေလိုက်၏။

■

www.burmeseclassic.com

www.burmeseclassic.com

(၂၆)

လူနည်းနည်းရှုပ်နေသော လမ်းတစ်ခုကို ရောက်သွား၏။ တစ်ဖက်တစ်ချက်ဆီကိုကြည့်ရင်း စက်ဘီးကို ပုံမှန်လေး နင်းလာ... သည်။

ရှေ့တွင် ပန်းခြံတစ်ခုကို တွေ့ရသည်။ စိမ်းလန်းသော မြက်ခင်းပြင်ပေါ်မှာ ဆော့ကစားနေသော ကလေးများ၊ လူကြီး... ကို တွေ့ရ၏။

ထိုမြက်ခင်းပြင်နှင့် ခပ်လှမ်းလှမ်းတွင် ဟောင်းနေပြီ... သော စင်မြင့်တစ်ခုကို တွေ့ရသည်။ တစ်နေရာတွင် တွေ့ဖူးသ... စင်မြင့်တစ်ခုနဲ့ တူနေလေသည်။

စက်ဘီးကို ဘရိတ်ဖမ်းပြီး အလျင်စလို ရပ်လိုက်သ... အကြည့်က သူ့ရဲ့ ညာဘက်ဆီသို့ ရောက်သွားနေသည်။

လူတန်းကြီးတစ်ခုက ရုပ်ရှင်ရုံအဟောင်းထဲသို့ တန်းစီ...



နေခြင်းဖြစ်သည်။ ထိုရုပ်ရှင်ရုံဟောင်းကလည်း သူ့စိတ်ထဲမှာ ရင်းရင်းနှီးနှီး သိနေသလို ခံစားနေရသည်။

ထိုစဉ် ခပ်လှမ်းလှမ်းရှိ ရထားဘူတာရုံအဟောင်းတစ်ခုကို တွေ့လိုက်ရမှပင် သူမြင်နေသော နေရာများသည် စာကြည့်တိုက် ဓာတ်ပုံ စာအုပ်ထဲက နေရာတွေပဲဆိုတာ ပြန်မှတ်မိလာ၏။

ဓာတ်ပုံထဲက ဟောင်းနွမ်းနေပြီး အပြင်က အရာတွေက ဆစ်နေတာပဲ ကွာသည်။ နေရာကတော့ အတူတူပင်ဖြစ်သည်။

စိတ်ထဲတွင် ကြက်သီးထသွားပြီး ထူးဆန်းသလိုလည်း ခံစားလာရ၏။

တစ်ယောက်ယောက်က သူ့ကို တစ်ခုခု သတိပေးနေသလို လည်း ထင်ရသည်။

ဘာကို သတိပေးနေသလဲဆိုတာသာ အခုထိ မရိပ်မိ...

ဘူတာရုံအဟောင်းရှေ့တွင် စက်ဘီးများ တန်းစီရပ်ထား သည်ကို တွေ့ရသောကြောင့် စက်ဘီးပေါ်မှ ဆင်းတွန်းသွားတာ ...တ်နေသောနေရာတစ်ခုတွင် စက်ဘီးကို ထိုးထားလိုက်၏။

ထို့နောက် ရထားရုံထဲသို့ ဝင်ပေါက်ကို တွေ့ရသောကြောင့် ...ချက်မော့ကြည့်လိုက်၏။

--------------မြို့ ရထားဘူတာရုံ

www.burmeseclassic.com

www.burmeseclassic.com



ဟု ရေးထားသည်။

ဘေးတွင်လည်း အသိပေး ဆိုင်းဘုတ်တစ်ခု ချိတ်ဆွဲထား၏။

## အန္တရာယ်ရှိသည်

ရထားဘူတာရုံမှာ ဟောင်းနေသောကြောင့် ပြန်ပြင်နေပုံရသည်။ ထို့ကြောင့် မြားဖြင့် လမ်းညွှန်ထားသည့်အတိုင်း လက်မှတ်ရုံဘေးနားကနေ အထဲကို ဝင်လိုက်၏။

အထဲတွင် ရထားရုံကို အတွင်းပိုင်း ပြန်ပြုပြင်နေသောသူများကို တွေ့ရသည်။

သစ်သားများကို ချောနေသူနဲ့ ဖြတ်နေသူများကလည်းလွှများ၊ ဓောက်များနှင့် အလုပ်ရှုပ်နေလေသည်။

တစ်ဖက်တွင်တော့ လမ်းသွားလမ်းလာ ပြည်သူများထံ တောင်းပန်စာ ဆိုင်းဘုတ် ရေးထားတာကို တွေ့ရသည်။

### တောင်းပန်ခြင်း

ဤရထားရုံသည် နှစ်ပေါင်း ၁၅၀ ခန့် ကြာပြီဖြစ်သည့် ရထားဘူတာရုံတစ်ခု ဖြစ်သောကြောင့် ယခုအခါတွင် အချို့နေရာ



များ၌ ပြင်ဆင်ခြင်း၊ သန့်ရှင်းခြင်း၊ အလှပြင်ဆင်ခြင်းများ မဖြစ်မနေ လိုအပ်နေပါသောကြောင့် မိမိတို့ ပြင်ဆင်နေချိန်အတွင်း ခရီးသွား ပြည်သူများ စိတ်အနှောင့်အယှက် ဖြစ်ပေါ်ပါက အနူးအညွတ် တောင်းပန်အပ်ပါသည်။

ရထားဘူတာရုံ အုပ်ချုပ်ရေးအဖွဲ့

နှစ်ပေါင်း ၁၅၀ အတွင်းမှာ အခုမှ ပြန်ပြင်ဆင်နေခြင်းဖြစ်ပုံရသည်။ အုတ်များကို ပြန်သန့်နေသူများ၊ တချို့နေရာတွင် အလှဆင်နေသူများကို တွေ့ရသည်။

ထိုစဉ် ကျေးသာ၏ မျက်လုံးများသည် လူတစ်ယောက် မတ်တတ်ရပ်နေသည့်နေရာကို ရောက်သွားလေ၏။

ထိုလူသည် သူ့လက်ထဲရှိ ဆေးပုံးကို မွှေနေခြင်းဖြစ်သည်။ သို့သော် ထိုသူ မတ်တတ်ရပ်နေသည့် နံရံတစ်ခုလုံးသည် ဟောင်းပြီး ညစ်ပတ်နေသော နံရံတစ်ခုဖြစ်သော်လည်း ထိုနံရံရှိ အောက်ဘက်တစ်နေရာသည် ကွက်ပြီး သန့်နေ၏။ အုတ်နံရံအသစ်လို ဖြစ်နေသည်။

သေချာပြောရလျှင် လေးထောင့်ရှည်အကွက်ကြီးပုံစံ ဖြစ်နေ၏။ ပစ္စည်းတစ်ခုခုကို နှစ်ပေါင်းများစွာ ကပ်ထားပြီး ဖယ်လိုက်သောအခါ ထိုနေရာတစ်ခုမှာ ကွက်ပြီး ကျန်ခဲ့သလို ဖြစ်နေသည်။

ထိုနေရာကို ချက်ချင်းပင် မှတ်မိလိုက်သည်။ အရင်တုန်းက

www.burmeseclassic.com

www.burmeseclassic.com



ပေါင်ချိန်သည့်စက်ကို ကပ်ထားသည့် နံရံဖြစ်ပေလိမ့်မည်။ ထို့ကြောင့် ပေါင်ချိန်သည့်စက်၏ အကွက်ကြီးသည် နံရံပေါ်တွင် ထင်ကျန်ခဲ့ခြင်း ဖြစ်သည်။

ဓာတ်ပုံထဲတွင် လူတစ်ဦးသည် ပေါင်ချိန်စက်နားတွင် ရပ်နေသည့်ပုံကို မျက်လုံးထဲ ပြန်မြင်ကြည့်မိသည်။

သေချာသည်။ ယခု သူရပ်နေသော နေရာသည် အရင်တုန်းက ပေါင်ချိန်သည့် စက်ထားသောနေရာ ဖြစ်သည်။

သို့သော် ယခု ထိုပေါင်ချိန်စက် မရှိတော့ပေ။ ရထားဘူတာရုံကို ပြန်ပြင်မည်ဖြစ်သောကြောင့် တစ်နေရာရာကို ရွှေ့ထားခြင်း ဖြစ်ပေလိမ့်မည်။

ဒါဆို ပေါင်ချိန်တဲ့စက်က ဘယ်ရောက်သွားလဲ။

ဘေးပတ်ဝန်းကျင်ကို လျှောက်ကြည့်သောအခါ ပေါင်ချိန်စက်ကို အရိပ်အယောင်ပင် မတွေ့ရချေ။

ရထားရုံရှေ့ နည်းနည်းဆက်လျှောက်ကြည့်သောအခါတွင် 'အပြင်လူမဝင်ရ'ဆိုသည့် ဆိုင်းဘုတ် တပ်ထားသည့် ဝင်ပေါက်တစ်ခုကို တွေ့ရပြန်သည်။

ထိုအထဲမှာပဲ ရှိလိုရှိငြား ဝင်ကြည့်မလို့ ပြင်လိုက်သောအခါ-

"ဟေ့လူ. . . ဘာဝင်လုပ်မလို့လဲ"

ခပ်လှမ်းလှမ်းရှိ အစောင့်တစ်ယောက်က လှမ်းအော်



သလေ၏။

"ဟို. . . "

ဘာမှပြန်ပြောစရာ မရှိသောကြောင့် အစောင့်ကို ပြန်ပြုံးပြပြီး ရှေ့ဆက်လျှောက်လာခဲ့ရသည်။

အစောင့် မမြင်ရလောက်သောနေရာ ရောက်သောအခါတွင် ခဏရပ်လိုက်၏။ အစောင့်ကို ပြန်ကြည့်လိုက်သောအခါ စာအုပ်တစ်အုပ် ဖတ်နေသည်ကို တွေ့ရသည်။

သူ့စိတ်ထဲမှာတော့ ပေါင်ချိန်သည့်စက်သည် ထိုအထဲတွင် ရှိပေလိမ့်မည်ဟု ထင်မိသည်။

ပေါင်ချိန်စက်ကို ဘာကြောင့်တွေ့ချင်နေမှန်း မသိသော်လည်း ဓာတ်ပုံထဲရှိ လူသည် ပေါင်ချိန်သည့်စက်ပေါ်ကို ခြေထောက်တစ်ဖက်တင်ထားပြီး ဓာတ်ပုံရိုက်ခံနေသည့် ထိုပေါင်ချိန် စက်တွင် ဘာတွေများ ရှိမလဲ၊ ဘယ်လို ပေါင်ချိန်စက်လဲဆိုတာ သိလိုခြင်းပင် ဖြစ်သည်။

ခဏကြာသောအခါ ထိုင်နေသည့် အစောင့်ကို ခပ်လှမ်းလှမ်းရှိ လူတစ်ယောက်က လှမ်းခေါ်သံကို ကြားလိုက်ရသည်။

အစောင့်က စာအုပ်ကို ခဏချလိုက်ပြီး ထိုသူဆီသို့ ခဏသွားပြီး စကားပြောနေချိန်တွင် ကျေးသာလည်း ခပ်မြန်မြန် သုပ်ရှားလိုက်သည်။

'အပြင်လူမဝင်ရ'ဆိုတဲ့ ဝင်ပေါက်ကို ပြေးသွားကာ

www.burmeseclassic.com

www.burmeseclassic.com



အထဲသို့ အလျှင်အမြန် ဝင်လိုက်၏။

အထဲကိုရောက်သောအခါ အခြားဘယ်သူမှ မတွေ့ရဘဲ ရထားရုံဟောင်းအတွင်းရှိ ပစ္စည်းဟောင်းများကို စုပုံထားသည့်နေရာ ဖြစ်တာကို တွေ့လိုက်ရသည်။

များပြားလှသော ပစ္စည်းများကြားထဲကနေ ခပ်မြန်မြန် လိုက်ရှာကြည့်သောအခါ ဟောင်းနွမ်းနေပြီဖြစ်သော်လည်း မှတ်မိ နေဆဲဖြစ်သည့် ခါတ်ပုံထဲက ပေါင်ချိန်စက်ကို ထောင့်တစ်ခုတွင် ထင်ထင်ရှားရှားပင် မြင်တွေ့လိုက်ရ၏။

ပေါင်ချိန်စက်သည် သူမြင်ဖူးနေကျ ပေါင်ချိန်သည့်စက် မဟုတ်ပေ။ လူတက်ပြီး မတ်တတ်ရပ်သည့် နေရာပါသည်။

ဂဏန်းများ ပြသည့်နေရာကိုတော့ ဒိုင်ခွက်ပုံစံ လုပ်ထား၏။ ဒစ်ဂျစ်တယ်ပုံစံလို ပေါင်ချိန်စက်ဖြစ်သည်။

ဤတွင် ပေါင်ချိန်စက်၏ တစ်နေရာရှိ စာတန်းကြောင့် ပို၍ ရင်ခုန်သွားရလေသည်။ အင်္ဂလိပ်လို ရေးထားသည့် စာတန်း ဖြစ်သည်။

| Aye Thar's Miraculous Mechamisms<br>Commercial weighing |
|---|



သူ့အဘိုးစက်ရုံကထုတ်သည့် ပစ္စည်းတစ်ခု ဖြစ်နေတာကို တွေ့ရသည်။ အောက်တွင်လည်း စာတန်းတစ်တန်း ထပ်တွေ့ရပြန်၏။

**Place coin in slot and stand on Platform for a weight Reading of Guaranteed Accuracy.**

သင့်ကိုယ်အလေးချိန်ကို သိရန်အတွက် အကြွေစေ့တစ်စေ့ ထည့်ပြီး စက်ပေါ်တက်ပါ

ဟု အဓိပ္ပာယ်ရသည့် စာကန်းပင်ဖြစ်သည်။

ကျေးသာသည် တုံ့ဆိုင်းမနေတော့ဘဲ စက်ပေါ်ကို တက် လိုက်၏။ ထို့နောက် အိတ်ထဲတွင် ကျန်ရှိနေသော အကြွေစေ့နှစ်စေ့ ထဲမှ တစ်စေ့ကို ထုတ်ယူပြီး အကြွေစေ့ထည့်ရန် အပေါက်ထဲသို့ ထည့်လိုက်၏။

"ဂလောက်"

အကြွေစေ့ ဝင်သွားသည့် အသံကို ဖြည်းဖြည်းချင်း ကြား လိုက်ရသည်။

"တွိ"

ထို့နောက် အသံတစ်သံထွက်လာပြီး ဒိုင်ခွက်တွင် ဂဏန်း တစ်ခု ပေါ်လာ၏။

၅၂

www.burmeseclassic.com

www.burmeseclassic.com

“ဟင်”

ငါ့ကိုယ်အလေးချိန်က ၅၂ ပေါင်ဆိုတာ မဖြစ်နိုင်ပါဘူး။

ဂဏန်းကို သေချာကြည့်လိုက်သောအခါ ဂဏန်း၏အပေါ်တွင် အင်္ဂလိပ်စာတန်းလေးတစ်ခု ပေါ်လာလိုက်၊ ပျောက်သွားလိုက် နှင့် ခုန်ပြေးနေ၏။

**GRAVEST FLATE**

စိတ်လှုပ်ရှားသွားသည်။ ဒီစာတန်းသည် သူ့ကို တစ်ခုခု ညွှန်ပြနေသည်ဟု ထင်မိ၏။

လက်ထဲတွင် နောက်ဆုံးကျန်သည့် အကြွေစေ့ကို ကြည့်လိုက်သည်။

ပထမအကြွေစေ့သည် သူ့ကို စာကြည့်တိုက်ရှိ စာအုပ်အား ညွှန်ပြခဲ့၏။ ဒုတိယအကြွေစေ့သည် မိမိရှေ့ရှိ ယခုစာတန်းလေးကို ညွှန်ပြနေပြန်သည်။ စာတန်းက ဘာအဓိပ္ပာယ်လဲ၊ ဘာကို ဆိုလို တာလဲ။

**GRAVEST FLATE . 52**

■

(၂၉)

တည်းခိုခန်း ပြန်ရောက်ရောက်ခြင်း ဦးဘမြိုင်ဆီကနေ အင်္ဂလိပ်ဒေရှင်နရီ စာအုပ်ယူပြီး အပေါ်ထပ်ရှိ မိမိအခန်းထဲသို့ ခပ်မြန်မြန် ပြေးတက်လိုက်သည်။

အခန်းထဲ ရောက်သောအခါ စာရွက်အလွတ်ကိုယူပြီး ခုနက တွေ့လာသည့် စာတန်းကို ချရေးလိုက်သည်။

GRAVEST FLATE . 52

ဦးဘမြိုင်ဆီက ယူလာသော ဒေရှင်နရီကို ဖွင့်ပြီး GRAVEST ဆိုသည့် စကားလုံးကို ရှာလိုက်သည်။

‘ကျေးဇူးသိတတ်ဆုံး’ဆိုသည့် အဓိပ္ပာယ် ထွက်လေ၏။ ဘာကို ဆိုလိုပါလိမ့်။ ဒါနဲ့ FLATE ဆိုတာကို ရှာကြည့်ပြန်သည်။

ဒေရှင်နရီထဲတွင် ထိုစာလုံး၏ အဓိပ္ပာယ် မရှိချေ။ [illegible]များ ကျော်သွားလားဆိုပြီး ထပ်ရှာကြည့်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



FLATE ဆိုသည့် စကားလုံးမှာ ဒေရှင်နရီထဲတွင် လုံးဝ မရှိချေ။

'ကျေးဇူးသိတတ်ဆုံး' FLATE 52

စာအုပ်ကို ပိတ်လိုက်ပြီး ခေါင်းကို ခါယမ်းလိုက်သည်။ သူတွေ့ထားသည့် စာလုံးများသည် အဓိပ္ပာယ်တစ်ခုနှင့်တစ်ခု ဆက်စပ်၍ မရချေ။

ဒါမှမဟုတ် ဒိုင်ခွက်ပေါ်မှာ အဲ့ဒီစာလုံးတွေက ပြေးနေပြီး ခုန်ဆွခုန်ဆွနဲ့ ပေါ်လာလိုက်၊ ပျောက်သွားလိုက်ဖြစ်နေတော့ အဓိပ္ပာယ်ပေါ်မယ့် စကားလုံးကို ရွေ့ခိုင်းကြည့်တာများလား။

ချက်ချင်းပဲ ခဲတံတစ်ချောင်းကိုယူပြီး စကားလုံးများကို ရွှေ့ကြည့်သည်။

LARGE

အကြီးဆုံး. . .။ ဘာအဓိပ္ပာယ်မှ မရှိချေ။

LARGE FAT VEST

ကြီးပြီး ဝဖြိုးသော အဝတ်အစား

ခေါင်းခါလိုက်သည်။ ထိုစကားလုံး မမှန်ဘူးလို့လည်း ခံစားရသည်။

ဒါနဲ့ တစ်နာရီအတွင်းမှာ ခေါင်းထဲပေါ်လာသမျှ စာတန်းများကို ချရေးလိုက်၏။

A FLAG REST VET



ARAFT VET GELS

STAGE FLAT REV

FALTER GAS VET

LARVA FEST GET

နောက်ဆုံးတွင် သူစဉ်းစားသမျှဟာ ဘာအဓိပ္ပာယ်မှ မရှိဟု ခံစားရသောကြောင့် ခဲတံကို ပစ်ချလိုက်ပြီး မတ်တတ်ရပ်ကာ အခန်းထဲတွင် ဟိုလျှောက်လိုက် ဒီလျှောက်လိုက် လုပ်နေမိသည်။

ကြာလာတော့ ဘာတစ်ခုမှ စဉ်းစားလို့မရသောကြောင့် ဦးဘမြိုင် ဒေရှင်နရီကို ပြန်ပေးရန်အတွက် အောက်ထပ်ကို ဆင်းလာခဲ့သည်။

ကောင်တာတွင် ဦးဘမြိုင်ကို မတွေ့သောကြောင့် စာအုပ်ကို ကောင်တာပေါ်တွင် တင်ထားလိုက်ပြီး အပေါ်ပြန်တက်မလို့ ပြင်စဉ် ကောင်တာနောက်နံရံတွင် ကပ်ထားသော မြေပုံကို အမှတ်မထင် ကြည့်မိလိုက်သည်။

## City Old Map

ဒီမြို့ရဲ့ ရှေးဟောင်းမြေပုံဟု ရေးထားသော်လည်း အခုအခြေအနေနှင့် သိပ်မကွာသော မြေပုံတစ်ခု ဖြစ်ပုံရသည်။

မနက်ဖြန်ကျရင် ဒီမြို့ရဲ့ ရှေးဟောင်းပြတိုက်ကို သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



သူ့အဘိုးရဲ့စာကို သွားကြည့်ရမည်ကို သတိရသွားသောကြောင့် ဘယ်ကို သွားရမလဲဆိုတာကို မြေပုံထဲတွင် ကြည့်ထားရန် ကောင်တာနောက်ဘက်သို့ ဝင်ကာ မြေပုံကို ကြည့်လိုက်၏။

မြေပုံထဲရှိ အမှတ်အသားများမှာ အင်္ဂလိပ်လို ရေးထား၏။ ထို့ကြောင့် ဈေးဟောင်းပြတိုက်၊ ဈေးဟောင်းပြတိုက်ဟု နှုတ်က ရေရွတ်ရင်း မြေပုံပေါ်တွင် လက်ထောက်ကာ တရွေ့ရွေ့ ရှာနေမိသည်။

တော်တော်နဲ့ ရှာမတွေ့ဘဲ ဖြစ်နေသောကြောင့် ထပ်ရှာကြည့်ပြန်သည်။ မိမိတည်းနေသော တည်းခိုခန်းအမည်ကို အင်္ဂလိပ်လို တွေ့ရသည်။

အဘိုးရဲ့စက်ရုံ၊ စက်ရုံဘေးနားက ချိုးကွေ့ခဲ့တဲ့ လမ်းကိုလည်း တွေ့ရသည်။

သူမသိသော လမ်းများနှင့် နေရာများကို တွေ့ရ၏။ ရှာရင်းရှာရင်းနဲ့ပင် တစ်နေရာအရောက်တွင် ရင်းနှီးသလို ခံစားရသော စကားလုံးကို တွေ့လိုက်ရသောကြောင့် လက်ကို နောက်ပြန်ရွေ့လိုက်ပြီး ထိုစကားလုံးနားတွင် ရပ်လိုက်သည်။

"ဟင်"

လမ်းတစ်ခုနာမည် ဖြစ်သည်။ အင်္ဂလိပ်လို လမ်းနာမည်ကို ST. (Street) ဟု အတိုကောက် သုံးထား၏။

GRAVE ST.



(သင်္ချိုင်းမြေလမ်း)

ဟင်း. . . ဒါ. . . ဒါဆို GRAVEST ဆို GRAVE ST လမ်းကိုဆိုလိုတာ ထင်တယ်။

ထိုစဉ် ဦးဘမြိုင် ဝင်လာ၏။

"ကောင်လေး ဘာတွေ ရှာနေတာလဲ"

■

www.burmeseclassic.com

www.burmeseclassic.com

(၂၈)

"ဟုတ်တယ် သင်္ချိုင်းမြေလမ်းဆိုတာ အရင်တုန်းက နာမည်၊ အခုတော့ နာမည်ပြောင်းလိုက်ပြီ"

"သြော်. . . ဒါဆို အဲ့ဒီနေရာက အရင်တုန်းက သင်္ချိုင်းကြီးပေါ့"

"မဟုတ်ဘူး၊ အရင်ကတည်းက လူတွေနေတဲ့လမ်းပါ။ ဒါပေမယ့် သင်္ချိုင်းကို သွားချင်ရင် အဲ့ဒီလမ်းက ဖြတ်သွားရတယ်လေ၊ ဒါကြောင့် သင်္ချိုင်းမြေလမ်းလို့ခေါ်တာ၊ အဲ့ဒါ မိခင်ဘာသာစကားနဲ့ ခေါ်ပြောရင် နားဝင်ဆိုးတာကြောင့် Grave St. ဆိုပြီး အခြားဘာသာစကားနာမည်နဲ့ပဲ ခေါ်ကြတာများတယ်၊ အခုတော့ ပြောင်းလိုက်ပါပြီ"

ပေါင်ချိန်စက်တွင် တွေ့ခဲ့သော စကားလုံးများ၏ အဓိပ္ပာယ်ကို ချက်ချင်းပင် နားလည်လိုက်၏။



52 GRAVE ST. FLAT E

52 သည် အိမ်နံပါတ်ခုဖြစ်ပုံရပြီး (E) သည် အိမ်ရဲ့ အထပ် (သို့) (A) (B) (C) (D) (E) စသည်တို့ ခွဲထားသည့်အိမ်ဖြစ်ပေမည်။ ထို့ကြောင့် အိမ်နံပါတ် 52, E၊ သင်္ချိုင်းမြေလမ်း။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၉)

လမ်းထဲကို ဝင်လိုက်သောအခါ နီးစပ်ရာ လူတစ်ယောက်၏ ညွှန်ပြမှုဖြင့် အိမ်နံပါတ် (၅၂)ကို အလွယ်တကူ ရှာတွေ့လေသည်။

ထင်သည့်အတိုင်းပင် ထိုအိမ်နံပါတ်တွင် A, B, C, D, E ဆိုပြီး အိမ်ငါးလုံး ကပ်ရပ်ဆောက်ထားသည်ကို တွေ့ရသည်။

စက်ဘီးကို ခြံရှေ့တွင် ရပ်လိုက်သည်။ ခြံတံခါးသည် အိမ်ငါးလုံးပေါင်းမှ တစ်ခုတည်းဖြစ်သောကြောင့် သော့မခတ်ထားဘဲ အလွယ်တကူ ဝင်လို့ရလေ၏။

ခြံထဲတွင် သူ့အိမ်ရှေ့နှင့်သူ ပန်းမျိုးစုံ စိုက်ထား၏။ အိမ်ငါးလုံး၏ပုံစံမှာ ပုံစံတူဟု ဆိုရမည်ဖြစ်သော်လည်း အရောင်မတူပေ။

ပြင်ဆင်ဖွဲ့စည်းထားပုံအချို့လည်း နည်းနည်းကွဲသည်ဟု ထင်ရသည်။ E ဆိုသည့် ဆိုင်းဘုတ်တပ်ထားသော အိမ်တံခါးပေါက်



ရှေ့တွင် ရပ်လိုက်သည်။

"ဒေါက်. . . ဒေါက်"

တံခါးကို နှစ်ချက်သုံးချက် ခေါက်လိုက်သည်။

အထဲက ခြေသံအချို့ ကြားရသည်ဟု ထင်မိသော်လည်း တံခါးပွင့်မလာသောကြောင့် နောက်ထပ် ထပ်ခေါက်လိုက်ပြန်၏။

"ဒေါက်. . . ဒေါက်"

"အိမ်ရှင်တို့. . ."

အထဲကို လှမ်းကြည့်စရာ ပြတင်းပေါက်လည်း မရှိသောကြောင့် အထဲမှာ လူရှိမရှိ မသိရဘဲ ဖြစ်နေသည်။

ထို့ကြောင့် တံခါးကို အဆက်မပြတ် ခေါက်နေလိုက်သည်။

ခဏကြာသည်အထိ ထူးခြားမလာသောကြောင့် ဘေးအိမ်ဖြစ်သည့် D ဘက်သို့ ကူးသွားလိုက်သည်။

"ဒေါက်. . . ဒေါက်"

တံခါးခေါက်လိုက်သည်။

"ဘယ်သူလဲ"

အထဲက လှမ်းအော်သံနှင့်အတူ အဘိုးကြီးတစ်ယောက်က တံခါးဖွင့်ပြီး ထွက်လာလေ၏။

တံခါးပေါက်ဝတွင် ရပ်နေသော သူ့ကို တစ်ချက်ကြည့်ပြီး-

"မင်း. . . အေးသာမြေး မှတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် အဘိုး"

"ဘာလာလုပ်တာတုံး၊ အဘိုးအိမ်ကို လာလည်တာလား"

"မ. . . မဟုတ်ပါဘူး အဘိုး၊ ကျွန်တော်က ဟိုဘက်အိမ်ကို လာတာပါ။ အဲ့ဒါ တံခါးခေါက်တာ ဘယ်သူမှ ထွက်မလာတာနဲ့ လူတွေများ မနေတော့ဘူးလားဆိုပြီး ဒီဘက်အိမ်ကို လာမေးကြည့်တာပါ"

"နေပါတယ်၊ ခုနကလေးတင် သူတို့အသံတွေ ကြားနေရပါသေးတယ်"

"ဒါနဲ့ အဘိုး၊ အဲ့ဒီဘက်အိမ်မှာ ဘယ်သူတွေ နေတာလဲ"

"ဟင်. . . မင်းက သိလို့လာတာ မဟုတ်ဘူးလား"

"ဟို. . ."

ဘယ်လိုဖြေလို့ ဖြေရမှန်းမသိ ဖြစ်သွားလေသည်။

သို့သော် အဘိုးကြီးကပဲ ဆက်ဖြေသွားသောကြောင့် သူဘာမှ မဖြေလိုက်ရချေ။

"အေးလေ. . . မင်းက ဘယ်သိမှာလဲ၊ အဲ့ဒီဘက်အိမ်မှာ ဒီမြို့က မျက်လှည့်အဖွဲ့တစ်ဖွဲ့ရဲ့ နေတဲ့အိမ်လေ၊ မင်းအဘိုး ရှိတုန်းကတော့ မင်းအဘိုးရဲ့ တပည့်တစ်ယောက်ပေါ့၊ အဲ. . . ဒါပေမယ့် မင်းအဘိုး ရှိစဉ်တုန်းကပဲ သူက အပြစ်တစ်ခု လုပ်မိလို့ ထွက်သွားရတာ၊ အဲ့ဒီတည်းက တစ်စင်ထောင်နေတဲ့ တစ်ဖွဲ့ဆိုပါတော့"

"ဪ"



ထိုစကားကို ကြားလိုက်ရသောအခါတွင် သူ နည်းနည်းတော့ အံ့သြသွားလေသည်။

သူထင်ထားတာက ထူးထူးဆန်းဆန်းတစ်ခု ရှိမည်ဟု ထင်ထားခြင်းဖြစ်သည်။

ယခုတော့ ထိုသို့မဟုတ်ဘဲ အဘိုးတပည့်ဟောင်းရဲ့ အိမ်ဖြစ်နေလေသည်။

ဘာကြောင့် အဘိုးရဲ့စက်က ဒီအိမ်နံပါတ်ကို ညွှန်ပြနေရတာလဲ။ ထို့နောက် ပြောပြပေးသော အဘိုးကြီးကို ကျေးဇူးတင်ကြောင်း ပြောပြီး (E) ဘက်အိမ်သို့ ပြန်ကူးလိုက်ပြန်သည်။

"ဒေါက်. . . ဒေါက်"

အထဲက ခြေသံအချို့ကို ကြားရပြန်သည်။

သို့သော် ဘယ်သူမှ ထွက်မလာချေ။ ထပ်ခေါက်လိုက်ပြန်၏၊

"ဒေါက်. . . ဒေါက်"

ခြေသံလည်း မကြားရ။ လူလည်း ထွက်မလာ ဖြစ်နေသောကြောင့် အထဲမှာ လူရှိရဲ့သားနဲ့ တံခါး လာဖွင့်မပေးတာလားဆိုပြီး သံသယဖြစ်လာသည်။

အဘိုးကြီးရဲ့ ပြောစကားအရဆိုရင် လူတွေတော့ နေသေးသည်။ သို့သော် အပြင် ထွက်သွားကြလို့လား။

ဒါမှမဟုတ် ငါ့ကို သိလို့များ တံခါးမဖွင့်ပေးတာလား။

www.burmeseclassic.com

www.burmeseclassic.com

တံခါးမှာ တပ်ထားသော အထဲကနေ အပြင်ကို ကြည့်လို့ရတဲ့ အပေါက်ကလေး ပါသောကြောင့် အထဲမှာ လူရှိမည်ဆိုပါက တံခါးခေါက်သောသူ ဘယ်သူလဲဆိုတာ သိနိုင်သည်။

ခဏကြာသည်အထိ တံခါးခေါက်ကြည့်လိုက်သောအခါ အခြေအနေ ထူးခြားမလာသောကြောင့် စိတ်ပျက်သွားလေသည်။

နောက်နေ့မှ တစ်ခေါက် လာကြည့်မယ်ဟု ဆုံးဖြတ်ပြီး ခြံထဲမှ ပြန်ထွက်လိုက်သည်။ ခြံရှေ့တွင် မှီပြီးရပ်ထားသော စက်ဘီးကိုယူကာ ဖြည်းဖြည်းချင်း တွန်းသွားပြီး ခဏကြာသောအခါတွင် ခပ်လှမ်းလှမ်းမှလာနေသော ကောင်မလေးတစ်ယောက်ကို တွေ့လိုက်ရ၏။

"ဟင်. . ."

ဟိုတစ်နေ့က သူ့အခန်းထဲကို ခဲလုံးနဲ့ ပေါက်သွားတဲ့သူဟု ထင်ထားသည့် ကောင်မလေးဖြစ်နေသည်။

သူ့ကို မမြင်သေးသောကြောင့် စက်ဘီးကို ခပ်မြန်မြန်တွန်းပြီး နီးစပ်ရာ သစ်ပင်ကြီးတစ်ပင်နောက်သို့ ဝင်ပုန်းနေလိုက်၏။

ကောင်မလေးသည် ဆွဲခြင်းတစ်ခြင်းကို ကိုင်ထားပြီး အကြည့်က လမ်းမပေါ်ကိုပဲကြည့်ပြီး ပုံမှန် လမ်းလျှောက်လာနေ၏။

ဈေးကနေ ပြန်လာပုံရသည်။

ကောင်မလေးသည် သူရှိတဲ့သစ်ပင်ကို ဖြတ်သွားပြီး တဖြည်းဖြည်း လျှောက်သွားနေသည်ကို လိုက်ကြည့်နေမိသည်။



ခဏအကြာတွင် အိမ်တစ်အိမ်ရှေ့တွင် ရပ်လိုက်ပြီး ခြံတံခါးကို တွန်းဖွင့်လိုက်လေ၏။ ထို့နောက် ခြံတံခါးကို သေချာပိတ်ပြီး အိမ်ရှိရာဆီသို့ ရှောက်သွားကာ တံခါးကို ခေါက်လိုက်လေ၏၊

ထိုစဉ် တံခါးသည် ပွင့်သွားပြီး အထဲက လက်တစ်စုံသည် ကောင်မလေးကို အထဲသို့ ခပ်မြန်မြန် ဆွဲသွင်းသွားကာ တံခါးကို အလျင်အမြန် ပိတ်လိုက်၏။

ကျေးသာမှာ သစ်ပင်နောက်တွင် စက်ဘီးကိုကိုင်ပြီး တအံ့တဩဖြစ်သွားလေသည်။

မည်သို့ဆိုသော် ကောင်မလေးဝင်သွားသောအိမ်သည် ခြံအမှတ် (၅၂)၊ E ဖြစ်နေသောကြောင့် ဖြစ်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

(၃၀)

တံခါးသည် ထင်ထားတာထက် ပို၍ မြန်မြန်ပွင့်သွားပြီး အထဲကနေ သူ့ကို ဆောင့်ဆွဲလိုက်လေ၏။

"ဒုန်း"

တံခါးကိုလည်း ခပ်မြန်မြန် ပိတ်လိုက်သည်။

"ဦးလေးကလည်း ဖြည်းဖြည်းဆွဲတာ မဟုတ်ဘူး"

လက်က အတော်လေး နာသွားသည်။

"ဟိုကောင်. . . ဟိုကောင် ငါတို့တံခါးကို လာခေါက်တယ်"

"ဘယ်ကောင်လဲ ဦးလေးရဲ့"

"ကျေးသာ. . . ကျေးသာလေ"

"ဟင်. . . သူက ဘာဖြစ်လို့ ဒီကို လာတာလဲ"

"အဲ့ဒါ ငါက နင့်ကို မေးရမှာ၊ နင့်ကို ငါက သူ့နောက်ကို



စောင့်ကြည့်ခိုင်းထားတာလေ"

ကောင်မလေးသည် မျက်နှာလေး ညှိုးသွားလေ၏။

"သူ ဘာကြောင့် လာတာလဲ သမီးမှ မသိဘဲ"

"အေး. . . နင့်ကို မေးလိုက်ရင် ဒီလိုပဲ၊ ဟိုဟာမသိ ဒီဟာ မသိနဲ့. . . သွား. . . ထမင်းမြန်မြန်ချက်၊ ပြီးရင် ကျေးသာ ဘာလုပ်လဲ တစ်ခုမကျန် ငါ့ကို ပြန်ပြော၊ မပြောလို့ကတော့ တွေ့မယ်"

"ဟုတ်. . . ဟုတ်ကဲ့ဦးလေး"

ကောင်မလေးသည် ဈေးဆွဲခြင်းတောင်းကို ကျုံ့ကျုံ့လေး ကိုင်ပြီး နောက်ဖေးသို့ ဝင်သွားလေ၏။

"ကျေးသာ. . . ငါ့ဆီကို ဘာလာလုပ်တာလဲ၊ ဘာလိုချင်လို့လဲ၊ သူ့အဘိုးအကြောင်း သိချင်လို့လား၊ အင်း. . . သူ ဟိုနေ့က စာကြည့်တိုက်သွားတယ်လို့လည်း ပြောတယ်၊ သူဘာတွေများ ရှာတွေ့နေပြီလဲ"

ခေါင်းကို ခါယမ်းပြီးနောက် ခပ်လှမ်းလှမ်းရှိ သူ့တာပည့်များကိုကြည့်ကာ-

"ကဲ. . . ပြန်လေ့ကျင့်ကြမယ်ဟေ့၊ အခုပြမယ့်အကွက်က အရေးကြီးတယ်"

■

www.burmeseclassic.com

www.burmeseclassic.com

(၁၁)

## ပြတိုက်

ဒီမြို့လေး၏ မကြီးလွန်း၊ မသေးလွန်းသော ရှေးဟောင်းပြတိုက်လေးတစ်ခုဖြစ်သည်။ အဆောက်အဦပုံစံမှာ ရှေးခေတ်က ဆောက်ထားသော အဆောက်အဦပုံစံနှင့် တူလေသည်။

ဂိတ်တံခါးဝကိုဖြတ်ပြီး အဆောက်အဦထဲသို့ ဝင်သောအခါ ဝင်ကြေးကောက်သည့် ကောင်တာတွင် တန်းစီပြီး ဝင်နေသော လူတန်းကြီးကို တွေ့ရသည်။

သူလည်း လူတစ်ယောက်နောက်ကနေ ရပ်ပြီး တန်းစီလိုက်သည်။

**မနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ။**



ဖွင့်လှစ်သည့်အချိန် ဆိုင်းဘုတ်ကို တွေ့ရသည်။ သူ့ဘေးတွင်လည်း သတိပေး ဆိုင်းဘုတ်ကို တွေ့ရပြန်၏။

### သတိပေးချက်

ပြတိုက်အတွင်းရှိ ပစ္စည်းများမှာ ရှားပါးသော ပစ္စည်းများ၊ တန်ဖိုးထားသင့်သော ပစ္စည်းများ ဖြစ်ပါသောကြောင့် မိမိကြောင့် ပျက်စီးခြင်း၊ တစ်ခုခုဖြစ်ခြင်း၊ ခိုးယူသွားခြင်း၊ ပျောက်သွားခြင်းတို့ ဖြစ်ပေါ်က အုပ်ချုပ်ရေးအဖွဲ့မှ ချမှတ်ထားသည့် ထောင်ဒဏ်ကို ကျခံရမည် ဖြစ်ပါသည်။

**အုပ်ချုပ်ရေးအဖွဲ့**

ခဏကြာသောအခါ မိမိအလှည့် ရောက်လာသောကြောင့် ကျသင့်ငွေပေးပြီး ပြတိုက်ထဲကို ဝင်လာခဲ့၏။

ရှေးဦးစွာတွေ့သော ပြတိုက်အခန်းမှာ 'လူပုဂ္ဂိုလ်များ'ဟု ခေါင်းစဉ်တပ်ထား၏။

ဒီမြို့တွင် ခေတ်အဆက်ဆက် အုပ်ချုပ်ခဲ့သော မြို့အုပ်ချုပ်ရေး အဖွဲ့ဝင်များရဲ့ ပုံများကို တွေ့ရသည်။ သူတို့၏ အတ္ထုပ္ပတ္တိများကိုလည်း တလေးတစား ရေးသားထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဒီမြို့လေးက ထင်ရှားခဲ့သော ပုဂ္ဂိုလ်များနှင့် ထူးချွန်ခဲ့သော ပုဂ္ဂိုလ်များ၏ ပုံများကို တွေ့ရသည်။

သူ့အဘိုးပုံကို လိုက်ရှာကြည့်သောအခါ တစ်နေရာတွင် ခန့်ခန့်ငြားငြား ချိတ်ဆွဲထားသော ဓာတ်ပုံကို တွေ့ရ၏။

ဤနေရာတွင် သူ့အဘိုးပုံကို တွေ့လိုက်ရသောကြောင့် ဂုဏ်ယူသလိုလိုပင် ဖြစ်သွားသည်။

ရှေ့ဆက်လျှောက်လာသောအခါ ‘ယဉ်ကျေးမှု’ဆိုသည့် အခန်းကို တွေ့ရပြန်သည်။ ဒီမြို့လေး၏ ယဉ်ကျေးမှု၊ အခြားမြို့များ၏ ယဉ်ကျေးမှု စသည်တို့ကို စုံလင်စွာ တွေ့ရလေသည်။

နောင်လာနောက်သားများကို လက်ဆင့်ကမ်းတတ်သော ဒီမြို့လေး၏ စိတ်ထားကို သဘောကျသွားလေသည်။ ဒီအခန်းတွင် ပြတင်းပေါက်မှန်လေး ကွဲနေတာကို တွေ့ရသောကြောင့် ရှေးဟောင်း ပြတိုက်နဲ့တူအောင် ဘယ်သူမှ မပြင်ဘူးလားဆိုပြီး တွေးမိခဲ့သေးသည်။

ပြတိုက်တွင် ခေါင်းစဉ်တစ်ခုချင်းစီ တပ်ထားသော အခန်းပေါင်းများစွာ ရှိလေသည်။

မိမိကြည့်လိုသော အခန်းကို ခေါင်းစဉ်ရှာပြီး ဝင်ကြည့်ရုံပင် ဖြစ်သည်။

တစ်နေရာအရောက်တွင် ရှေးဟောင်းပစ္စည်းများဆိုသည့် အခန်းကို တွေ့ရသောကြောင့် ဝင်ကြည့်ဖြစ်သည်။ ဒီမြို့လေးရှိ



ရှေးဟောင်းပစ္စည်းများကို ကဏ္ဍခွဲပြီး ပြသထားခြင်းဖြစ်သည်။

‘လက်မှု’၊ ‘စက်မှု’၊ ‘ဘာသာရေး’ စသည်ဖြင့် အမျိုးစုံလင်ပြီး ‘ဒင်္ဂါးအတတ်ပညာ’ဆိုသည့် ကဏ္ဍအရောက်တွင် ဒင်္ဂါးမျိုးစုံ၊ အကြွေစေ့မျိုးစုံကို ပြသထား၏။

ထိုအထဲတွင် သူ့မှာရှိနေသော အကြွေစေ့နှင့် ပုံစံတူ အကြွေစေ့သုံးခုကို ပြသထားတာကိုလည်း တွေ့ရ၏။

အောက်ဖက်၌လည်း အဘိုးစက်ရုံနာမည်ကို ရေးသားထားလေ၏။ အဘိုးကိုယ်တိုင် ပြတိုက်ထဲတွင် လာရောက်လှူဒါန်းထားသည်ဟုလည်း ရေးသားထားလေ၏။

ထို့ကြောင့် အကြွေစေ့ကို အနီးကပ် ကြည့်မိသည်။ မိမိလက်ထဲတွင်ရှိသော အကြွေစေ့နှင့် ချွတ်စွတ်တူပြီး ထောင့်နားတွင် ခြစ်ရာလေးရှိတာကအစ တူနေလေ၏။

ဤတွင် ‘ရှေးဟောင်းပစ္စည်းများ’ဆိုသည့် အခန်းနှင့် တပ်ရပ်တွင် ‘ရှေးဟောင်းစာရွက်စာတမ်းများ’ဆိုသည့် အခန်းကို တွေ့ရလေ၏။

“ဒီအခန်းထဲမှာ အဘိုးရဲ့ အမွေလွှဲစာချုပ် ရှိမယ် ထင်တယ်”

ချင်ချင်းဆိုသလိုပင် ထိုအခန်းထဲသို့ ဝင်လိုက်၏။

ဒီအခန်းသည် မြို့လေး၏ တန်းဖိုးမဖြတ်နိုင်သော စာရွက်စာတမ်းများ ပြသထားသည့်အခန်းဖြစ်သည်။

ပထမဆုံးရေးထားသည့် ဥပဒေများကို လက်ရေးမူများဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသည်။ သေချာသိမ်းဆည်းထားပြီး မှန်ဘောင်ထဲတွင် ပြသထား၏။

ဟောင်းတော့ဟောင်းနေပြီဖြစ်သည်။ ဒီမြို့နှင့် အခြားမြို့များချုပ်သော စာချုပ်များ၊ စာရွက်စာတမ်းများ၊ အရေးကြီး အမိန့်များ စသည်တို့ကို တွေ့ရသည်။

ခေတ်အဆက်ဆက် သေသေချာချာ သိမ်းဆည်းထားတာကိုက အံ့သြဖို့ကောင်းနေပြီဖြစ်သည်။

တစ်နေရာအရောက်တွင် သူ့အဘိုး၏စာချုပ်ကို တွေ့ရလေသည်။ မဖတ်ကြည့်ခင်မှာ ရင်သည် အနည်းငယ်လှုပ်ရှားနေကြောင်း ခံစားလိုက်ရသည်။ စာအောက်ရှိ အညွှန်းကို အရင်ဖတ်ကြည့်မိသည်။

## မျက်လှည့်ဆရာကြီး ဦးအေးသာ၏ အမွေလွှဲစာချုပ်မူရင်း

ဥပဒေအရေးအသားတွေမှလွဲ၍ မြို့အုပ်ချုပ်ရေးက သူ့ကိုပြောပြသည့် အချက်တွေပင်ဖြစ်သည်။

အဘိုးစာကို ဖတ်ကြည့်နေရင်းမှပင် ဘာကြောင့်မှန်းမသိ ကြက်သီး တဖြန်းဖြန်း ထလာမိသည်။

ဤတွင် တစ်စုံတစ်ယောက်သည် မိမိကို ချောင်းကြည့်နေသည်ဟု ခံစားလိုက်ရသောကြောင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်



သည်။

အခန်းတစ်ခုထဲသို့ ခတ်သုတ်သုတ် ပြေးဝင်သွားသောလူတစ်ယောက်ကို တွေ့လိုက်ရသည်။

သေချာသည်၊ ထိုလူသည် ဟိုတစ်နေ့က သူတွေ့ခဲ့သော ကောင်မလေးပင်ဖြစ်သည်။

ဒီတစ်ခါတော့ ထိုကောင်မလေးကို အလွတ်ပေးလို့ မရတော့ချေ။

■

www.burmeseclassic.com

www.burmeseclassic.com

## (၃၂)

နီးစပ်ရာ အခန်းတစ်ခုကို လှမ်းဝင်လိုက်၏။ ခုနက ကောင်မလေးပါလာသည်ကို တွေ့ရသည်။

ဒါနဲ့ ဟိုကြည့်ဒီကြည့် လိုက်ကြည့်နေရသော်လည်း တစ်ချက်တစ်ချက် နောက်ဘက်ကိုသာ စိတ်ရောက်နေတော့သည်။

ဒီကောင်မလေး ငါ့နောက်ကို ဘာကြောင့် လိုက်နေရတာလဲ၊ ပြီးတော့ ဟိုတစ်နေ့က ငါသွားကြည့်တဲ့ အိမ်နဲ့လည်း ဘယ်လိုမျိုး ပတ်သက်နေတာလဲ။

တွေးရင်းနှင့်ပင် စိတ်ကူးပေါ်လာသောကြောင့် အခန်းတစ်ခန်းသို့ အလျင်အမြန် ပြေးဝင်လိုက်ပြီး လူ မမြင်နိုင်သောထောင့်တစ်နေရာသို့ ပြေးကပ်လိုက်၏။

ရုတ်တရက်ဆိုတော့ နောက်က ကောင်မလေးလည်း ကြောင်အမ်းအမ်းဖြစ်သွားပြီး သူဝင်သည့်အခန်းထဲသို့ ခပ်မြန်မြန်



ဝင်လာတာကို တွေ့လိုက်ရသည်။

သို့သော် အခန်းထဲရောက်သောအခါ သူ့ကို မတွေ့ရသောကြောင့် ဟိုလျှောက်ကြည့် ဒီလျှောက်ကြည့်နဲ့ လိုက်ရှာနေသည်ကို ချောင်းကြည့်နေသော ကျေးသာက လှမ်းမြင်နေရ၏။

ထိုကောင်မလေး သူ့နောက်လိုက်ပြီး ချောင်းကြည့်နေတာတာတော့ သေချာသွားပြီဖြစ်သည်။

ထိုကောင်မလေးသည် သူ့ကို ရှာမတွေ့သောကြောင့် အခန်းအပြင် ပြန်ထွက်သွားလေ၏။

ထို့နောက် ပြန်ဝင်လာပြန်သည်။ သူ့ကို မတွေ့တော့သောကြောင့် စိတ်ညစ်သွားပုံလည်းပေါ်သည်။

ကောင်မလေး၏ မျက်နှာသည် ရှင်းလင်းနေပြီး ချစ်စရာကောင်းသည့် အသွင်အပြင်ရှိသည်။

စိတ်ညစ်နေသည့်ပုံစံက တစ်မျိုးတစ်မည် ကြည့်ကောင်းနေသည်ဟု ထင်မိ၏။

ဤတွင် ကျေးသာသည် ပုန်းအောင်းနေရာမှ ရုတ်တရက်ထွက်လိုက်ပြီး ထိုကောင်မလေးရှိရာသို့ လျှောက်သွားလိုက်သည်။

ကောင်မလေးသည် သူ့ကို ကျောပေးပြီး အခြားနေရာများကို လိုက်ရှာနေသောကြောင့် သူ လျှောက်လာနေတာကို မတွေ့ရချေ။

ထို့ကြောင့် သူမပခုံးကို လက်လှမ်းတို့လိုက်ပြီး-

"ဒီမှာ. . . ဒီမှာ ကျွန်တော့်ကို ရှာနေတာလား"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်ရာ ကောင်မလေးသည် အနောက်ဘက်ကို ရှုတ်တရက် လှည့်ကြည့်ပြီး-

"အမလေး"

ဟုဆိုကာ လန့်သွားလေ၏။

■

## (၃၃)

"ခင်ဗျား... ကျွန်တော့်နောက်ကို ဘာလိုက်လုပ်နေတာလဲ"

"ဟို..."

ကောင်မလေးသည် သူ့ကိုကြည့်ပြီး ကြောက်လန့်နေပုံရသည်။

ရုတ်တရက်ကြီး တွေ့လိမ့်မယ်လို့ မမျှော်လင့်ထားသောကြောင့် ဘာဖြေလို့ ဖြေရမှန်းမသိ ဖြစ်နေပုံရသည်။

ဤတွင် ကောင်မလေးသည် သူ မထင်ထားသော ကိစ္စတစ်ခုကို လုပ်လိုက်လေ၏။ ထိုကိစ္စမှာ ငိုချလိုက်ခြင်းပင်ဖြစ်သည်။

"ဟာ... ဟေ့ ဘာဖြစ်လို့ ငိုရတာလဲ"

သူလည်း ထိတ်ထိတ်ပြာပြာ ဖြစ်သွားပြီး အခန်းထဲကို ကြည့်လိုက်သောအခါ ဘယ်သူမှ မတွေ့ရသောကြောင့် စိတ်သက်သာရာ ရသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါက သူ့ကို တစ်မျိုးထင်သွားနိုင်သည်။

“ခင်ဗျားကပဲ ကျွန်တော့်နောက်ကနေ လိုက်လာပြီး မေး ပြန်တော့လည်း ငိုသေးတယ်. . . မဟုတ်သေးပါဘူး”

“မ. . . မဟုတ်ပါဘူးရှင်၊ ရှင်နဲ့ ဒီလိုမျိုးကြီး မေးခံရ တယ်၊ သိသွားတယ်လို့ ဦးလေးသိရင် ကျွန်မ ဆူခံရမှာတွေးပြီး ငိုမိတာပါ”

ကောင်မလေးသည် တရှုံ့ရှုံ့ ငိုနေပြန်သည်။

မိန်းကလေးတစ်ယောက် သူ့ရှေ့မှာ ငိုနေတာကို မကြုံဘူး သော ကျေးသာမှာလည်း ဘာလုပ်လို့ လုပ်ရမှန်းမသိ ဖြစ်နေလေ သည်။

“ဟာ. . . ကျွန်တော်က ဘာမှ မလုပ်ပါဘူး၊ မငိုနဲ့ တော့. . . မျက်ရည်တွေ သုတ်လိုက်ဦး၊ တော်ကြာ တခြားလူတွေ တွေ့ရင် ကျွန်တော့်ကို တစ်မျိုးထင်နေဦးမယ်”

ကောင်မလေးသည် မျက်ရည်များကို လက်နဲ့ပွတ်ပြီး သုတ်လိုက်၏။

“ခင်ဗျားက ကျွန်တော့်နောက်ကို ဘာလိုက်လုပ်တာလဲ”

လေသံကို နည်းနည်းလျှော့ပြီး မေးရသည်။

“ဦး. . . ဦးလေး လိုက်ခိုင်းလို့ပါ”

“ဘယ်က ဦးလေးလဲ”

“ကျွန်မရဲ့ ဦးလေးပါ. . . ဟို. . . ဦး. . . ဦးအေးသာရဲ့



အရင်တုန်းက တပည့်ပါ”

“ဘာ. . .”

သူမ လန့်သွားလေသည်။

“ဒါဆို ကျွန်တော့်အခန်းထဲကို ခဲလုံးနဲ့ ပစ်သွားတာလည်း ခင်ဗျားပဲပေါ့”

“ဟို. . . ကျွန်မ. . . ကျွန်မက ရှင့်ကို သတိပေးချင်လို့ပါ”

“ဟင်. . . သတိပေးတာလည်း ပြောသေးတယ်၊ ခဲလုံးနဲ့ ပစ်ပြီး ထွက်ပြေးသွားတယ်”

“ကျွန်မက စာကို ခဲလုံးနဲ့လိပ်ပြီး ပစ်လိုက်တာ မတွေ့ ဘူးလား”

“မတွေ့ဘူး”

“ကျွန်မ တကယ်ပစ်လိုက်တာပါရှင်”

ခဲလုံးနဲ့ တကွဲတပြားစီ ဖြစ်သွားပုံရသည်။

“ဘာလဲ. . . ခင်ဗျားဦးလေးက သတိပေးခိုင်းလိုက်တာလား”

“မ. . . မဟုတ်ရပါဘူးရှင်၊ ကျွန်. . . ကျွန်မဘာသာ ရှင့်ကို စိုးရိမ်လို့ သတိပေးတာပါ”

တုန်တုန်ချိချိ ပြောနေသော သူ့ပုံစံလေးကိုကြည့်ပြီး ကျေးသာမှာ ငိုင်သွားလေ၏။

သူမမျက်ဝန်းက ပကတိရိုးသားနေလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကလည်း ဆရာ့တူမလေးကို စောင့်ကြည့်ခိုင်းထား တာပဲ. . . သူပြောပြမှာပေါ့"

"အဲ့ဒီကောင်မကလည်း ယုံရတာ မဟုတ်ဘူး၊ ခိုင်းလိုက်ရင် အကုန်ပြန်ပြောပြတာ မဟုတ်ဘူး"

"မပူပါနဲ့ ဆရာရဲ့၊ ဆရာပဲ ပြောထားတယ်လေ. . . ကျေးသာကို ထပ်ပြီး စောင့်ကြည့်ဖို့ လူလွှတ်ခိုင်းထားတာလေ"

"အေး. . . ဟုတ်သားပဲ၊ သူ ပြန်မပြောလည်း သိရမှာပဲ"

ဦးမြရွှေသည် သူ၏ အစီအမံကို အတော်လေး ကျေနပ် သွားလေသည်။

"ဆရာ. . . ကျွန်တော် တစ်ခုလောက် မေးချင်တယ်"

"ဘာလဲ"

"ဒီကောင်က ဦးအေးသာရဲ့ အမွေတွေကို အရင်ရှာတွေ့ သွားရင် ဘယ်လိုလုပ်မလဲ"

"မတွေ့နိုင်ပါဘူးကွာ၊ ငါတောင် နှစ်ပေါင်းအကြာကြီး ရှာလာတာ၊ တွေ့တော့လည်း ငါတို့နဲ့ပြိုင်ပြီး ရှာခဲ့တဲ့အဖွဲ့တွေလို လုပ်ရမှာပေါ့၊ ဟုတ်ဘူးလား . . . ဟား. . . ဟား. . . ဟား"

ဦးမြရွှေသည် သူ့စကားကို သူ့ဘာသာသူ သဘောကျနေ လေသည်။

သို့သော် စိတ်ထဲတွင်တော့ ကျေးသာသည် တစ်ခုခုတော့ သိနေလောက်ပြီဆိုပြီး စိတ်တထင့်ထင့် ဖြစ်နေလေ၏။

www.burmeseclassic.com

## (၃၄)

ထိုအချိန်တွင် ဦးမြရွှေသည် သူ၏ တပည့်နှစ်ယောက်နှင့် အတူ စာကြည့်တိုက်ထဲကနေ ထွက်လာလေ၏။ မျက်နှာမှာလည်း ခက်ထန်နေပြီး တစ်ခုခုကို မကျေမနပ်ဖြစ်ပြီး ထွက်လာကြောင်း သိသာနေ၏။

"ဒီကောင်က ရောက်တာတောင် မကြာသေးဘူး၊ ငါ့ဆရာ အရင်တုန်းက မှာထားတဲ့စာအုပ်ကို ဘယ်လိုလုပ် သိသွားတာလဲ"

"သူ တစ်ခုခုတော့ ရှာတွေ့ထားပြီ ထင်တယ်ဆရာ"

သူ့တပည့်တစ်ယောက်က ဝင်ပြော၏။

"အေး. . . ဟုတ်တယ်၊ ငါ အနှစ် ၂၀ လုံးလုံး ရှာတာ ဘာမှ မတွေ့ခဲ့ဘူး၊ သင်းက ဘာတွေများ ရှာတွေ့ထားလို့လဲ၊ ငါ့ဆရာ မှာထားတဲ့စာအုပ်ကို သူက ဘာဖြစ်လို့ လာကြည့်သွားရ တာလဲ"

www.burmeseclassic.com



"ကျွန်တော် အခုမှ သတိရတယ် ဆရာ"

"ဘာလဲ"

"ဆရာ့ဆီ သူလာတယ်ဆိုတာ အလကား မဖြစ်နိုင်ဘူး ဆရာ"

"ဘာဖြစ်လို့လဲ"

"ဆရာ့တူမက မပြောပေမယ့် ကျွန်တော်တို့ လွတ်ထားတဲ့ သူ ပြောတာကတော့ ဆရာ့ဆီ မလာခင်မှာ ကျေးသာက ဘုတာရုံ အဟောင်းမှာရှိတဲ့ ပေါင်ချိန်တဲ့စက်ပေါ်ကို တက်ရပ်တယ်၊ ပြီးတော့ ပေါင်ချိန်တဲ့ ဒိုင်ခွက်ကို ကြည့်ပြီး မှတ်နေတာ တွေ့တယ်တဲ့"

"ဘယ်. . . ဘယ်က ပေါင်ချိန်တဲ့စက်"

"ရထားဘူတာရုံအဟောင်းမှာရှိတဲ့ ပေါင်ချိန်တဲ့စက်ပါ"

"ဟင်. . . အဲ့ဒါ ငါ့ဆရာရဲ့ စက်ရုံကလုပ်တဲ့ စက်ပဲ၊ ဒီ. . . ဒီကောင် ဘာသွားလုပ်တာလဲ"

"အဲဒါတော့ မသိဘူးဆရာ"

"လာကွာ. . . ဘူတာရုံအဟောင်းကို သွားရအောင်"

■

(၃၅)

"အဲ့ဒီမကောင်းတဲ့ ဦးလေးဆီမှာ ဘာဖြစ်လို့ နေနေရ တာလဲ"

"ကျွန်မမှာ သွားစရာမှ မရှိတာ၊ အဖေသေတော့ ဦးလေးက ရောက်လာပြီး စောင့်ရှောက်ထားတာ"

ကျေးသာမှာ ကောင်မလေးကိုကြည့်ပြီး သနားသလို ဖြစ်သွားလေသည်။

"ကျွန်တော့်အဘိုးက မင်းဦးလေးကို ဘာကြောင့် ထုတ်ပစ် လိုက်လဲဆိုတာ သိလား"

"အသေးစိတ်တော့ မသိပါဘူး၊ ဒါပေမယ့် ထင်တာကတော့ ဦးလေးက ဦးအေးသာနဲ့ ကတောက်ကဆဖြစ်ခဲ့ပုံရတယ်၊ ပြီးတော့ ဦးလေးက လောဘနည်းနည်းကြီးတော့ ပညာတွေကိုလည်း သူ တစ်ယောက်တည်း ပိုင်စိုးချင်ပုံရတယ်၊ အဲ့ဒီအချိန်တုန်းက

www.burmeseclassic.com

www.burmeseclassic.com

ဦးဗွေးသာကလည်း ဆိုးသွမ်းတဲ့အချိန်ဆိုတော့ ဦးလေးက တော်တော်လေး အားကိုးလို့ရတဲ့ တပည့်တစ်ယောက် ဖြစ်ခဲ့တယ်တဲ့၊ ဒါကို အခွင့်ကောင်းယူပြီး ဦးလေးကလည်း တောင်းဆိုမှုတွေ များခဲ့တယ်လို့ ပြောတယ်"

ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ဒါနဲ့ မင်းနာမည် ဘယ်လိုခေါ်လဲ"

"အားလုံးကတော့ ယျလေးလို့ ခေါ်ပါတယ်"

ထိုစဉ် ယျလေး သူ၏ နောက်ကျောဘက်ကိုကြည့်ပြီး မျက်နှာပျက်သွားသောကြောင့် ကျေးသာလည်း သူ့နောက်ကို လှည့်ကြည့်မိသည်။

လူတစ်ယောက်သည် ကမန်းကတန်း ပုန်းလိုက်တာကို တွေ့ရ၏။

"ဘယ်သူလဲ"

"ဦးလေးဆီက"

"ဟင်"

နောက်တစ်ခေါက် ပြန်ကြည့်လိုက်သောအခါတွင် ထိုလူမှာ မရှိတော့။ အခန်းထဲကနေ ထွက်သွားပြီဖြစ်သည်။

"ဒုက္ခပဲ"

ဆောက်တည်ရာမရဖြစ်နေသော ကောင်မလေး၏ ပုံစံကြောင့်-



"ဘာဖြစ်လို့လဲ"

ဟု မေးလိုက်၏။

"ဘာဖြစ်ရမှာလဲ. . . ဦးလေးက ရှင့်နောက်ကို လိုက်ကြည့်ဖို့ပဲ ပြောထားတာ၊ စကားပြောတာတို့ ဘာတို့ မလုပ်ရဘူးတဲ့၊ အဲ့ဒါကြောင့် ရှင့်ကို သတိပေးတာတောင် ခဲလုံးနဲ့ပစ်ပြီး ထွက်ပြေးသွားရတာ. . . ဒုက္ခပါပဲ"

ကောင်မလေး၏ပုံစံမှာ တကယ်ပဲ စိတ်ညစ်နေသည့်ပုံစံ ဖြစ်နေလေ၏။

"ဒီလိုလုပ်ဗျာ"

"အင်း. . . ဘယ်လိုလုပ်ရမလဲ"

"မင်းက နယ်ခံဆိုတော့ ကျွန်တော့်ကို တစ်ခုလောက် ကူညီပေးဗျာ၊ အဲ့ဒီလို ကူညီရင် မင်းလည်း အဆင်ပြေအောင် ပြန်ကူညီပေးမယ်၊ ဘယ်လိုလဲ"

"ကျွန်မက ဘယ်လိုကူညီရမှာလဲ"

■

www.burmeseclassic.com

www.burmeseclassic.com

# (၃၆)

သူသည် အဘိုးရဲ့ အမွေကိစ္စကို အချိန်ကြာကြာဆွဲလို့ မရတော့ချေ။ သူရှာတွေ့ထားသည့်ကိစ္စများကို စာရွက်အလွတ်တစ်ခုတွင် ချရေးလိုက်၏။

၁။ စက်ရုံရှိသည့်လမ်း
ဖုန်းရုံအဟောင်းကိုတွေ့ရ
စာကြည့်တိုက်ကို လမ်းညွှန်

၂။ ဘူတာရုံအဟောင်းတစ်ခု
ပေါင်ချိန်သည့်စက်ကိုတွေ့ရ
ဦးမြရွှေအိမ်ကို လမ်းညွှန်

၃။ ရေကူးကန်ကြီး

၄။ ရုပ်ရှင်ရုံ



၅။ ကလေးကစားကွင်း

၆။ စင်မြင့်အဟောင်းတစ်ခု

၇။ ပျောက်ဆုံးနေသောဓာတ်ပုံ

သူသည် ရေးထားသော စာရွက်ကို ကောင်မလေးအား ထိုးပေးလိုက်၏။ ကောင်မလေးသည် ထိုစာကိုဖတ်ပြီးနောက်-

"ဘာတွေလဲ"

ဟု ပြန်မေးသည်။

သူသည် ကောင်မလေးအား အကုန်ဖွင့်ပြောသင့်၊ မပြောသင့် ချိန်လိုက်သည်။ သူ့ဦးလေးဆိုသည့် သူကလည်း ရှိနေသေးသည်။

သို့သော် ကောင်မလေးပုံစံက ယုံကြည်ဖို့ ကောင်းနေသောကြောင့် အကုန်လုံး ဖွင့်ပြောရန် ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် ဖုန်းရုံကနေစပြီး ဦးမြရွှေအိမ်အထိ ဖြစ်သမျှကိစ္စများကို မချွင်းမချန် ပြောပြလိုက်၏။

ကောင်မလေးမှာ သူ့ကိစ္စကို မျက်လုံးအပြူးသားနဲ့ နားထောင်နေလေသည်။

"ကျွန်မလေး ဦးလေးဆီကို ဦးအေးသာက ညွှန်ခဲ့တယ်ဟုတ်လား"

"ဟုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးဆီမှာ ဘာရှိလို့လဲ"

"အဲဒါတော့ မသိဘူး"

ကောင်မလေးသည် မျက်လုံးကလေး ကလယ်ကလယ်လုပ်ရင်း စဉ်းစားနေလေ၏။

အခု သူတို့နှစ်ယောက်သည် ပြတိုက်ထဲကနေ အပြင်ထွက်ကာ ခပ်လှမ်းလှမ်းရှိ သစ်ပင်အောက်တွင် စကားပြောနေကြခြင်း ဖြစ်သည်။

"အဲ့ဒါ ခဏထားဦး ကျွန်တော်ရေးထားတဲ့ အထဲက ရုပ်ရှင်ရုံ ကလေးကစားကွင်း၊ စင်မြင့်အဟောင်းတစ်ခု စတာတွေကိုတော့ တွေ့ပြီးသွားပြီ၊ ဒီနေရာတွေမှာ ထူးခြားတာတွေတော့ မရှာရသေးဘူး၊ ပြီးတော့ ဓာတ်ပုံထဲမှာတွေ့ရတဲ့ ရေကူးကန်ကြီးကိုလည်း ရှာလို့မတွေ့ဘူး၊ အဲ့ဒါ ဘယ်နားမှာလဲ"

"ရေကူးကန်ကြီး ဟုတ်လား"

"အင်း"

"ဒီမြို့မှာတော့ အများကူးလို့ရတဲ့ ရေကူးကန်တော့ မရှိဘူး"

"စဉ်းစားပါဦး၊ ဓာတ်ပုံထဲမှာတော့ လူတွေအများကြီး ရေကူးနေကြတာပဲ"

ကောင်မလေးက အများပြည်သူကူးတဲ့ ရေကူးကန် မရှိဘူးချည်းပဲ ငြင်းနေသောကြောင့် ကျေးသာမှာ အူလည်လည် ဖြစ်နေ၏။



"ရေကူးကန်ဓာတ်ပုံထဲမှာရော အခြားမှတ်မိတာတွေ ရှိသေးလား"

"ရေကူးကန်နဲ့ တစ်ဆက်တည်းက မြက်ခင်းပြင်ပဲ မှတ်မိတယ်"

"နေဦး. . . တစ်ခုတော့ရှိတယ်"

"ဘာများလဲ"

"ဟုတ်. . . မဟုတ်တော့ မသိဘူးနော်"

"အင်း. . . ပြောကြည့်ပါဦး"

"ကလေးကစားကွင်းနဲ့ စင်မြင့်အဟောင်းက ကပ်ရပ်မှတ်လား"

"အင်း"

"အဲ့ဒီဘေးနားမှာ ဝင်ပေါက်တစ်ခုရှိတယ်"

"အာ. . . မရှိပါဘူး"

ကလေးကစားကွင်းနဲ့ စင်မြင့်အဟောင်းနေရာကို ကြည့်တုန်းက သူမပြောသည့် ဝင်ပေါက်ကို မတွေ့ပေ။

"ရှိတယ်. . . သိပ်အသုံးမပြုတော့ဘူး"

"ဘယ်ကိုသွားတဲ့ ဝင်ပေါက်လဲ"

"အဲ့ဒီဝင်ပေါက်က အရင်တုန်းက ငှက်ပစ်သွားတဲ့လူတွေ၊ ငှက်ကြည့်တဲ့လူတွေ သွားတာ၊ အခုတော့ ငှက်ကြည့်တဲ့လူတွေ သိပ်မရှိတော့တာနဲ့ အဲ့ဒီဝင်ပေါက်လည်း မပြုပြင်ဘဲထားတော့ မရှိ

www.burmeseclassic.com

www.burmeseclassic.com



သလိုဖြစ်နေတယ်”

“အဲ့ဒါနဲ့ ရေကန်ကြီးနဲ့ ဘာဆိုင်လဲ”

“မဟုတ်ဘူးရှင့်. . . အဲ့ဒီအပေါက်ကနေဝင်ပြီး သိပ်မကြာခင်မှာ ရေကန်အဟောင်းကြီးတစ်ခု ရှိတယ်လို့ ကျွန်မ ကြားဖူးတယ်”

“ဟင်. . . တကယ်လား”

“ကျွန်မသူငယ်ချင်းတစ်ယောက် ပြောဖူးတာပဲ”

“လာဗျာ. . . သွားကြည့်ရအောင်”

“ကျွန်. . . ကျွန်မ ဦးလေးတွေ့သွားရင် ဘယ်လိုလုပ်မလဲ”

“ခပ်မြန်မြန်သွားမယ်လေ၊ သူတို့ မတွေ့နိုင်လောက်ပါဘူးလာ. . . စက်ဘီးပေါ် မြန်မြန်တက်”

■

အိမ်ဖြူဖို့ ၁ ရက်နှင့် ၈ နာရီခန့်အလို. . .

www.burmeseclassic.com

www.burmeseclassic.com

## (၃၇)

ကောင်မလေး ပြောသည့်အတိုင်းပင် ဝင်ပေါက်အပေါက်အဟောင်းတစ်ခုကိုတွေ့ရ၏။

ကောင်မလေးက မပြောဘူးလားဆိုပြီး မေးငေါ့ပြနေသေးသည်။ ထို့ကြောင့် စက်ဘီးကို အဝင်အဝရှိ သစ်ပင်အောက်တွင် လှဲထားလိုက်ပြီး အထဲကို လမ်းလျှောက်ဝင်လိုက်သည်။

ကောင်မလေးကလည်း သူ့နောက်ကနေ ပါလာ၏။ တောအုပ်ကလေးတစ်ခုပုံစံ ဖြစ်သည်။ လူသိပ်မလာသောကြောင့် အပင်များကလည်း ရှင်းမယ့်လူမရှိဘဲ ဖြစ်နေသည်။

ငှက်တွေကတော့ တစ်ခါတစ်ခါ တွေ့ရ၏။ စုံစုံလင်လင်တော့ မတွေ့ရချေ။ မြက်ပင်တွေကလည်း ထူထပ်စွာပေါက်နေပြီး ထိုမြက်ပင်များကြားကနေ ဖြတ်သန်းသွားရသည်။

"ဝေးသေးလား"



"မသိဘူးလေ. . . တစ်ခါမှ မရောက်ဖူးဘူး"

အကျယ်အဝန်းကလည်း သိပ်မကျယ်သောကြောင့် ဝေးမယ့်ပုံတော့ မပေါ်ချေ။

ဖုန်တက်ပြီး ဆေးသားပျက်နေသော သတိပေးဆိုင်းဘုတ်များကိုလည်း တွေ့ရ၏။

သတိ. . . အမှိုက်မပစ်ရ၊ မီးမဆော့ရဆိုတဲ့ စာတန်းမျိုးတွေဖြစ်၏။ မုန့်ဆိုင်အဟောင်းတွေကိုလည်း တွေ့ရ၏။

"ဘာဖြစ်လို့ ပြန်မပြင်ကြတာလဲ"

"မသိဘူးလ၊ ဘယ်သူမှ စိတ်ဝင်စားမယ့်သူ မရှိတော့ ပြင်မယ့်လူလည်း မရှိဘူး ဖြစ်မှာပေါ့"

ကောင်မလေးက နွံ့များကို ကျော်ခွရင်း ပြန်ဖြေသည်။

သူကတော့ နွံ့ဗွက်တစ်ခုကို နင်းဖြစ်အောင် နင်းမိလိုက်သေးသည်။

"ဟို. . . ဟိုဟာထင်တယ်"

ကောင်မလေး လက်ညှိုးညွှန်ပြရာနေရာကို ကြည့်လိုက်သောအခါတွင်-

**ရေကူးကန်**

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ဆိုင်းဘုတ်အဟောင်းတစ်ခုကို တွေ့ရလေ၏။

"ဟုတ်မယ်ထင်တယ်၊ လာ. . . ဝင်ကြည့်ရအောင်"

ရှေ့ကနေ ခပ်သုတ်သုတ်သွားရင်း အထဲကို ဝင်လိုက်၏။

"ဟာ. . ."

ဘယ်သူမှ အသုံးမပြုတော့သော ရေကန်အဟောင်းကြီးကို တွေ့ရလေသည်။

ရေညှိများ၊ အမှိုက်များနှင့် ရှုတ်ရှက်ခတ်နေပြီး ရေကန်ထဲရှိ ရေမှာလည်း ဖင်ကပ်သာသာရှိတော့သည်။

အနည်များနှင့် အမှိုက်များကလည်း မြင်မကောင်းအောင်ဖြစ်နေ၏။ သို့သော် ဓာတ်ပုံထဲက ရေကန်ဆိုတာကတော့ သေချာသည်။

မည်သို့ဆိုသော် ရေကန်၏ ထောင့်တစ်နေရာတွင် ဓာတ်ပုံထဲက တွေ့ရသော အသိပေး ဆိုင်းဘုတ်တစ်ခုကို တွေ့ရသောကြောင့် ဖြစ်သည်။

"ဒီရေကန်လား"

ကောင်မလေးက သူ့နောက်ကနေရပ်ပြီး ရေကန်ကို တစ်ချက်ကြည့်ကာ မေးလေ၏။

"ဟုတ်တယ် ဓာတ်ပုံထဲက ရေကန်ပဲ"

"အဲ့ဒီတော့ ဘာဆက်လုပ်ရမလဲ၊ ရွံ့ဗွက်တွေနဲ့ ကျွန်မနေတတ်တော့ဘူး"



"ခဏလေး. . . ခဏလေး၊ ကျွန်တော် စဉ်းစားလိုက်ဦးမယ်"

ဘာများ ထူးခြားချက်တွေ့မလဲဆိုပြီး ရေကန်ပတ်လည်ကို လျှောက်ကြည့်လိုက်၏။

ကောင်မလေးကလည်း သူ့လိုပင် ဟိုကြည့်ဒီကြည့်နှင့် လျှောက်ကြည့်၏။

"ဘာမှလဲ မတွေ့ဘူး"

"နေပါဦး တစ်ခုခုတော့ ရှိမှာပေါ့"

သူကသာ စိတ်ရှည်လက်ရှည် ရှာနေသော်လည်း ကောင်မလေးက စိတ်မရှည်တော့ဘဲ ရေကန်၏ဘေးနားတွင် ငုတ်တုတ် ထိုင်ချလိုက်သည်။

"ညောင်းတယ်. . . ရှင့်ဘာသာရှင် ရှာတော့"

ဟုဆိုပြီး အမှိုက်များနှင့် ရှုပ်ပွနေသော ရေကန်ကိုသာ ကြည့်နေလိုက်သည်။

ဤတွင် ရေကန်ထဲတွင် ဆိုင်းဘုတ်တစ်ခု မျှောနေတာကို တွေ့ရသောကြောင့် အနီးရှိ တုတ်ချောင်းလေးနှင့် လှမ်းဆွဲယူလိုက်ပြီး အပေါ်က စာကို ဖတ်ကြည့်လိုက်သည်။

"အံမယ်. . . ဒီလို ရေကန်ကို ပိုက်ဆံပေးပြီး ကူးရတယ်ဆိုတော့ ဟုတ်သေးပါဘူး"

သူမ၏ ရေရွှတ်သံကြောင့် ကျေးသာသည် စိတ်ခန့်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သွားပြီး-

"ဘာပြောလိုက်တာလဲ"

"ဒီမှာလေ. . . အခကြေးငွေ ထည့်ပြီးမှသာ ဝင်ကူးကြပါ ရန်တဲ့. . . ရေကန်ထဲမှာ မျောနေတဲ့ ဆိုင်းဘုတ်ကို လာကြည့် ပါလား"

ကျေးသာသည် သူမရှိရာသို့ သွားလိုက်ပြီး ဆိုင်းဘုတ်ပေါ်က စာကို ဖတ်ကြည့်လိုက်၏။

"ဒါဆို ပိုက်ဆံထည့်တဲ့ တစ်ခုခုရှိရမယ်၊ ဒီနားမှာပဲ ဖြစ် မယ်"

ခုနက ရေကူးကန်ဆိုသည့် ဆိုင်းဘုတ်တပ်ထားသည့် နေရာကို သွားလိုက်ပြီး ထိုပတ်လည်တစ်လျှောက်ကို ရှာကြည့်သော အခါတွင် ရှည်ရှည်မျောမျောပုံစံ စက်အပေါင်းတစ်ခုကို တွေ့လိုက် ရ၏။

"ဟာ. . . တွေ့ပြီ"

ဝမ်းသာအားရဖြစ်သွားပြီး စက်ကို သေချာကြည့်ရာ သူ့ အဘိုးစက်ရုံက ထုတ်သည့်စက်ဖြစ်နေကြောင်း တွေ့ရ၏။

"ဘာ. . . ဘာလုပ်မလို့လဲ"

အိတ်ကပ်ထဲက လက်ကျန်အကြွေစေ့ ထုတ်နေသော သူ့ကိုကြည့်ပြီး ကောင်မလေးက မေးလေသည်။

"ဒီစက်ထဲကို အရင်စက်တွေလိုပဲ အကြွေစေ့ထည့်ကြည့် ရမယ်လေ"



"စက်က ဟောင်းနေပြီပဲ၊ အလုပ်လုပ်ပါ့မလား"

ကောင်မလေး ပြောလည်း ပြောချင်စရာပင်။ စက်က အတော်ကြီးကို ဟောင်းနေပြီး အနောက်က အဖုံးကလည်း ပြုတ်ကျ နေ၏။

"ဒီလာတာ ဒီစက်ကို လာရှာတာဆိုတော့ စမ်းကြည့်ရမှာ ပေါ့"

ဟုဆိုကာ ဘောင်းဘီအိတ်ထဲတွင် ကျန်နေသော နောက်ဆုံး အကြွေစေ့ကို အပေါက်ထဲသို့ ထည့်လိုက်၏။

"ဂလောက်"

■

www.burmeseclassic.com

www.burmeseclassic.com

## (၃၈)

ထိုအချိန်တွင် ဦးမြရွှေသည် ရထားဘူတာရုံအဟောင်းရှိ 'ပေါင်ချိန်စက်' ရှေ့တွင် မတ်တတ်ရပ်ကာ ဒိုင်ခွက်တွင် ပေါ်နေသော စာသားများကို လိုက်ကြည့်နေလေ၏။

GRAVEST FLATE 52

"အဲ့ဒါ ဘာတွေလဲ ဆရာ"

သူ့တပည့်တစ်ယောက်က ဝင်မေးသောကြောင့် သူက လက်ကာပြလိုက်ပြီး-

"နေဦး. . . သူက ဒီကအပြီးမှာ တည်းခိုခန်းသွားတယ်၊ ပြီးတော့ ငါ့အိမ်ကိုလာတယ်ဆိုတော့ ငါနဲ့များ ပတ်သက်နေမလား မသိဘူး"

တစ်ခေါက် ထပ်ကြည့်ပြန်သည်။

ချက်ချင်းဆိုသလိုပင် 52 နံပါတ်ကို ကြည့်မိသွားပြီး-



"ငါ့အိမ်နံပါတ်ပဲ"

ဟု ရေရွတ်မိသည်။

"အရင်တုန်းက ငါ့အိမ်ရဲ့လမ်းကလည်း သင်္ချိုင်းမြေလမ်း ဆိုတော့. ."

ဦးမြရွှေသည် မျက်လုံးပြူးသွားပြီး တအံ့တသြ ဖြစ်သွားလေ၏။

"ငါ့အိမ်လိပ်စာပဲ"

"ဟုတ်လို့လားဆရာ"

"ဟုတ်တယ်. . . ငါ့အိမ်လိပ်စာပဲ၊ ဒီကောင် တစ်ခုခု တွေ့ထားတာတော့ သေချာပြီ၊ ဒါနဲ့ ဆရာက ဘာဖြစ်လို့ ငါ့အိမ် လိပ်စာကို သဲလွန်စထဲ ချန်ခဲ့ရတာလဲ"

ဆရာနဲ့သူသည် ဇာတ်လမ်း ပြတ်ခဲ့ပြီးဖြစ်သည်။

ပေါင်ချိန်စက်ကို ကျေးသာက ဘယ်လိုလုပ်လိုက်မှန်း မသိဘဲ ပေါ်လာသောစာသားများက သူ့အိမ်လိပ်စာ ဖြစ်နေသည်။

ပြီးတော့ ကောင်လေးက သူ့အိမ်လာသည်။ ဆက်စပ် တွေးလို့ မရချေ။

"ဆရာ. . . ဆရာ"

ဤတွင် သူ့တပည့်တစ်ယောက် ပြေးဝင်လာလေ၏။

"ဟေ့ကောင်. . . ဘာဖြစ်လာတာလဲ"

"ဆရာတို့ ဒီဘက်ကို ထွက်လာတယ်ဆိုလို့ ပြေးလာရတာ

www.burmeseclassic.com

www.burmeseclassic.com



ဆရာ"

"အေး. . . ဘာထူးလို့လဲ"

"ထူးတယ်ဆရာ၊ ထူးတယ်"

"အေး. . . မြန်မြန် ပြောစမ်းပါ"

"ဆရာ့တူမနဲ့ ဟိုကောင်နဲ့ အတူတူထွက်သွားတာကို တွေ့လိုက်ရတယ်ဆရာ"

"ဘာ. . ."

ထိုစကားကို ကြားလိုက်ရသောအခါတွင် ဦးမြရွှေသည် ဒေါသထွက်သွားလေ၏။

ထိုအကောင် မရိပ်မိအောင် နောက်ကနေ လိုက်ခိုင်းခဲ့တာ အခုတော့ သင်းက အတူတူပင် သွားနေသည်ဆိုတော့-

"သင်းတို့နှစ်ယောက်က ဘယ်ထွက်သွားတာလဲ"

"ကလေးတွေ ကစားကွင်းနားကို သွားတဲ့အထိတော့ မြင်လိုက်ရတယ်ဆရာ"

"ဟိုကောင် ကျေးသာ တစ်ခုခုတော့ လှုပ်ရှားနေတာ သေချာတယ်၊ အဲ့ဒီကို သွားရအောင်"

■

(၃၉)

"ဂလောက်"

အကြွေစေ့ တစ်ဆင့်ချင်းစီ ပြုတ်ကျသံကို အရင်စက်များအတိုင်း ကြားလိုက်ရ၏။

သူပြောပြထား၍ ကောင်မလေးကလည်း တစ်ခုခု ထူးခြားလာလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်ဖြင့် စက်ကို မမှိတ်မသုန် ကြည့်နေလေ၏။

သို့သော် ခဏကြာသည်အထိ စက်ထဲက ဘာမှ ထွက်မလာချေ။

"ဘာမှလည်း မထူးခြားပါလား"

"အရင်စက်တွေတုန်းကတော့ အကြွေစေ့ထည့်ပြီးတာနဲ့ တစ်ခုခု ထူးခြားတာပဲ"

"စက်များ ပျက်နေလို့လား မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူး ထင်တယ်"

နောက်ထပ် အကြွေစေ့ထည့်ကြည့်ဖို့ကလည်း သူ့မှာ အကြွေစေ့ မရှိတော့သောကြောင့် မဖြစ်နိုင်တော့ပေ။

"ဘယ်လိုလုပ်မလဲ"

ကောင်မလေး၏အမေးကို သူ မဖြေနိုင်သေးဘဲ စက်ကို လှည့်ပတ်ကြည့်လိုက်သည်။

တံဆိပ်ကို ကြည့်ခြင်းအားဖြင့် သူ့အဘိုးစက်ရုံမှထုတ်သော စက်ဖြစ်သည်။ အခြားစက်တွေများ ရှိလိုရှိငြား ရှာကြည့်သော်လည်း ယခု သူတို့ရှေ့က စက်မှလွဲ၍ အခြားစက် မရှိပေ။

ထိုစဉ် ကောင်မလေးသည်-

"စက်က ကြာပြီဆိုတော့ ကြပ်ချင်ကြပ်နေမှာ"

ဆိုပြီး စက်ကို ခပ်ကြမ်းကြမ်း ထုလိုက်လေ၏။

ဤတွင် သူက 'ဟေ့. . . ဟေ့'ဟု တားလိုက်သော်လည်း အချိန်မမီတော့ချေ။

"ဂျလောက်"

တစ်စုံတစ်ခု ပြုတ်ကျလာသည့်အသံကို နှစ်ယောက်လုံး ကြားလိုက်ရသည်။

အသံမှာ အတော်ကျယ်သောကြောင့် နှစ်ယောက်စလုံးပင် လန့်သွားလေ၏။

"ဘာကြီးလဲ မသိဘူး"



ကောင်မလေးက ကြောက်ကြောက်လန့်လန့်နဲ့ပြောရင်း နောက်ဆုတ်သွားလေသည်။

သူကသာ ရှေ့ကိုတိုးပြီး စက်၏အောက်ဘက်ရှိ ပစ္စည်းများ ကျလာသည့်နေရာသို့ လက်နှိုက်ကာ ထုတ်ယူလိုက်၏။

"ဟင်"

ရှေးခေတ်ပုံစံ သော့တစ်ချောင်း ပါလာသည်ကို တွေ့ရလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၄၀)

သူတို့နှစ်ယောက်သည် ဂိတ်ပေါက်ဝဆီမှ ပြန်ထွက်လာသောအခါတွင် တစ်ဦးနှင့်တစ်ဦး စိတ်လှုပ်ရှားနေကြောင်း သတိထားမိလေသည်။

ဒီမြို့၏ ဒဏ္ဍာရီဆန်ဆန် ပုံပြင်တစ်ခုကို တော်တော်လေး ချဉ်းကပ်မိနေပြီဖြစ်ကြောင်းလည်း ရိပ်မိလိုက်ကြသည်။

"ဒီသော့က ဘာကို ဖွင့်ဖို့လဲ မသိဘူး"

ကောင်မလေးသည်သူ့လက်ထဲတွင် ကိုင်ထားသော သော့ကို တစ်ချက်ကြည့်ပြီး မေးလေ၏။

"မသိဘူးလေ"

"ဦးအေးသာရဲ့ အိမ်ထဲက တစ်ခုခုကိုဖွင့်ဖို့ သော့များလား"

"မဖြစ်နိုင်ဘူး ထင်တယ်၊ အဘိုးရဲ့ အိမ်မှာရှိတဲ့ ပစ္စည်းတွေကို အဖေက အကုန်ဖွင့်ပြီးလောက်ပြီ၊ သော့မရှိလည်း ရိုက်ဖွင့်



မှာပေါ့၊ ဟုတ်ဘူးလား"

"အင်း. . . အဲ့ဒါလည်း ဟုတ်တာပဲ"

"စက်ရုံထဲမှာကလည်း ဘာမှမရှိတော့ စက်ရုံထဲက ပစ္စည်းတစ်ခုခုကို ဖွင့်တဲ့သော့လည်း မဖြစ်နိုင်ပြန်ဘူး"

စဉ်းစားရင်း လမ်းလျှောက်လာခဲ့ကြရာ ခပ်လှမ်းလှမ်းတွင် စင်မြင့်အဟောင်းကို တွေ့လိုက်ရသောကြောင့် နှစ်ဦးသား ခြေလှမ်းများ ရပ်သွားကြလေသည်။

အခု သူတို့ ဓာတ်ပုံထဲအတိုင်း သွားကြည့်ရမည့်နေရာသည် သုံးနေရာနှင့် ဘာမှန်းမသိသည့် ဓာတ်ပုံတစ်ပုံသာ ရှိတော့သည်။

(၁) စင်မြင့်အဟောင်း

(၂) ရုပ်ရှင်ရုံ

(၃) ကလေးကစားကွင်း

(၄) ပျောက်နေတဲ့ဓာတ်ပုံ

ကောင်မလေးကလည်း သူ့လက်ထဲက မှတ်ထားသည့် စာရွက်ကိုယူပြီး တစ်ချက်ကြည့်လိုက်၏။

"စင်မြင့်ရုံအဟောင်းကတော့ ကျွန်မတို့ရှေ့မှာ တွေ့နေတဲ့ စင်မြင့်ပဲ၊ ဒါနဲ့ ရှင်တွေ့ခဲ့တဲ့ ဓာတ်ပုံထဲက စင်မြင့်အဟောင်းပုံစံနဲ့ ဘေးက အရာတွေကို မှတ်မိလား"

"ခဏလေး. . . ခဏလေး"

သူ မျက်လုံးမှိတ်ပြီး ပြန်စဉ်းစားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုတွေ့နေသော နေရာနှင့် ဓာတ်ပုံထဲကနေရာသည် တူညီသော်လည်း ဓာတ်ပုံထဲကပါသည့် အလုံးစုံတော့ အပြင်မှာ ရှိမနေပါ။

"ဓာတ်ပုံထဲမှာက စင်မြင့်ပေါ်မှာ တီးဝိုင်းအဖွဲ့တစ်ဖွဲ့က တီးခတ်နေတဲ့ပုံ၊ ပြီးတော့ အောက်မှာလည်း ပွဲကြည့်ပရိသတ် ရှိတယ်၊ အင်း. . . ပုံထဲမှာ မြင်နေကျလူက စင်မြင့်ရဲ့ ဘေးထောင့်မှာ မတ်တတ်ရပ်နေတယ်"

"ဘယ်ထောင့်လဲ"

"ညာဘက်ထောင့်"

ဓာတ်ပုံထဲကလူ ရပ်ကြည့်ခဲ့သောနေရာကို သွားကြည့်သော်လည်း ထူးထူးခြားခြား မတွေ့ရပေ။

"စဉ်းစားပါဦး၊ ရှင်တွေ့ခဲ့တာ တစ်ခုခုများ ကျန်ခဲ့လား"

ကောင်မလေးပုံစံက အားမလို အားမရပုံစံ ဖြစ်လာလေသည်။

သူလည်း ကျိတ်မှိတ်ပြီး စဉ်းစားရပြန်သည်။

"ဒီဇာတ်စင်ကြီးကတော့ ဒီနေရာမှာပဲ ရှိနေတာ၊ ပြီးတော့ ဇာတ်စင်ရဲ့ အပေါ်ပိုင်းမှာ စာရေးထားတယ်"

"ဘာရေးထားလဲ"

"တနင်္ဂနွေ ဖျော်ဖြေပွဲဆိုပြီး ရေးထားတာ"

"ဟင်"



ကောင်မလေး၏ အံ့ဩသွားတဲ့ ဟန်ပန်အမူအရာကြောင့် ကျေးသာက-

"ဘာ. . . ဘာဖြစ်လို့လဲ"

"ဒီစင်မြင့်မှာက တနင်္ဂနွေနေ့တိုင်း ဖျော်ဖြေပွဲ ရှိတယ်လေ"

"အခုထိ လုပ်တုန်းလား"

"ဟုတ်တယ်၊ အားလပ်ရက်ဆိုတော့ လူတွေလည်း လာကြည့်ကြတယ်"

"ဒီနေ့က ဘာနေ့လဲ"

"စနေနေ့"

"ဒါဆို မနက်ဖြန်ပေါ့"

"ဟုတ်တယ်"

"အဲ့ဒီပွဲမှာများ တစ်ခုခု ထူးခြားမလား။ ရှာကြည့်မှ ရမယ် ထင်တယ်"

"အင်း. . . အဲ့ဒီလိုပဲ မျှော်ရမှာပဲ၊ ကဲ. . . သွားမယ်"

သူမက တက်တက်ကြွကြွ ပြောနေသောကြောင့်-

"ဘယ်သွားမလို့လဲ"

ဟု မေးလိုက်ရသည်။

"ဘယ်ရှိမလဲ. . . ရှေ့ကို နည်းနည်းလျှောက်သွားရင် ချပ်ရှင်ရုံရောက်ပြီ၊ ဓာတ်ပုံထဲမှာပါတဲ့ တစ်နေရာပေါ့"

■

www.burmeseclassic.com

www.burmeseclassic.com

## (၄၁)

ရုပ်ရှင်ရုံထဲကို သူမက ဦးဆောင်ပြီး ဝင်သွားလေသည်။ လူရှင်းချိန်ဖြစ်သောကြောင့် ရုပ်ရှင်ရုံထဲတွင် လူတစ်ယောက် နှစ်ယောက်ကလွဲ၍ ဘယ်သူမှ မတွေ့ရချေ။

"ဟ. . . နေပါဦး. . . ခဏစောင့်ပါဦး၊ ဘယ်သွားနေတာလဲ"

ရှေ့ကနေ ခပ်မြန်မြန်သွားနေသောကြောင့် မနည်း တားလိုက်ရသည်။

သူလှမ်းတားလိုက်သောကြောင့် ကောင်မလေးက နောက်ပြန်လှည့်ပြီး-

"ဒီနေရာက ကျွန်မ အမြဲတမ်းရောက်နေတဲ့ နေရာရှင့်၊ ဘယ်နေရာမှာ ဘာရှိတယ်ဆိုတာကအစ သိတယ်"

"ဟုတ်ပါပြီ၊ အခု ဒီကိုလာပြီး ဘာကိုလာရှာတာလဲ"



"ရှင် ပြောခဲ့ပုံအရဆိုရင် ဒီနေရာမှာလည်း ရှင့်အဘိုးရဲ့ စက်ရုံကထုတ်တဲ့ စက်တစ်ခုခုရှိရမယ်၊ ကျွန်မ တွေ့ဖူးတဲ့ စက်အဟောင်းတစ်လုံးရှိတယ်၊ အဲ့ဒီစက်က ရှင့်အဘိုးစက်ရုံက လုပ်တဲ့ စက်ပဲ ဖြစ်ရမယ်"

"ဘာစက်လဲ. . . ဘယ်နားမှာ ရှိတာလဲ"

"မုန့်ရောင်းတဲ့နေရာမှာ သကြားလုံးရောင်းတဲ့စက်"

"ဘယ်လို"

သူမက ထိုနေရာကို လမ်းလျှောက်သွားရင်း ရှင်းပြနေလေသည်။

"အဲ့ဒီစက်ကလည်း အကြွေစေ့ ထည့်ရတာပဲ၊ အကြွေစေ့ ထည့်ပြီးရင် သကြားလုံး ထွက်ကျလာရော၊ အခုခေတ်မှာတော့ အကြွေစေ့မရှိတော့ ကောင်တာမှာ ငွေလဲပြီး အကြွေစေ့ ထည့်ရတဲ့ စက်ပေါ့ရှင်"

သိပ်မကြာခင်မှာပဲ ထိုစက်ရှေ့ကို ရောက်လာခဲ့သည်။

စက်မှာ ဟောင်းနေပြီဖြစ်ပြီး တံဆိပ်ကို ကြည့်လိုက်သောအခါ အဘိုးစက်ရုံမှထုတ်သည့် စက်ဖြစ်နေကြောင်း တွေ့ရလေသည်။

"ဟုတ်တယ် မှတ်လား၊ ကျွန်မပြောတာ"

"ဟုတ်တော့ ဟုတ်ပါတယ်"

"အဲ့ဒီတော့ အရင်တစ်ခေါက်ကလို ရှင် စမ်းကြည့်ဦးလေ"

"မရတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ဘာဖြစ်လို့လဲ"

"ကျွန်တော့်မှာ ဒီစက်ထဲကို ထည့်ဖို့ အကြွေစေ့မှ မရှိတော့ဘဲ"

"အာ. . . ရှင့်မှာ အကြွေစေ့တွေ အများကြီး မရှိဘူးလား"

"သုံးခုတည်းရှိတာ"

"ဒါဆို ဘယ်လိုလုပ်ကြမလဲ. . . အကြွေစေ့လဲတဲ့ ကောင်တာကို သွားကြည့်ရင်ရော"

"ဟာ. . . ဘယ်လိုလုပ်ရမှာလဲ၊ ကျွန်တော့်အကြွေစေ့က အဲ့ဒါတွေနဲ့ တူချင်မှ တူမှာပေါ့၊ တူရင်လည်း သီးသန့်ပစ္စည်းက သူများတွေ ရပြီးနေလောက်ပြီ"

"ဟုတ်တော့ဟုတ်တယ်၊ ခုနက ရှင်ကိုင်ပြီး ထည့်လိုက်တဲ့ အကြွေစေ့က ကျွန်မတို့ လဲပြီးထည့်ရတဲ့ အကြွေစေ့နဲ့တော့ မတူဘူး"

ခေါင်းနည်းနည်းတော့ ရှုပ်သွားသည်။

စက်ကိုတော့ တွေ့နေပြီဖြစ်သည်။ အကြွေစေ့မရှိဘဲနဲ့ ဘယ်လို လုပ်ရမလဲ။ ဒါမှမဟုတ် အကြွေစေ့ မထည့်ရဘဲနဲ့များ တစ်ခုခု ထူးခြားတဲ့စက်များလား။

သကြားလုံးစက်ကို လှည့်ပတ်ကြည့်မိသည်။ လှုပ်ကြည့်သည်။ မကြွေစေ့ထည့်တဲ့ အပေါက်ထဲကို တစ်ခုခုနဲ့ ထိုးကြည့်သည်။



ထိုသို့ သူတို့လုပ်နေတာကို ခပ်လှမ်းလှမ်းရှိ ကောင်တာမှ တွေ့ပြီး လှမ်းအော်လေ၏။

သကြားလုံး အချောင်လိုချင်တဲ့ လူတွေဆိုပြီး ထင်သွားပုံရသည်။ ထို့ကြောင့် စက်ကို မထိရဲ မကိုင်ရဲတော့ဘဲ ဟိုလျှောက်ကြည့် ဒီလျှောက်ကြည့်လုပ်ရင်း ဘာလုပ်ရမလဲ စဉ်းစားနေကြရသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၄၂)

"နေဦးကွ"

ဦးမြရွှေ၏အပြောကြောင့် အားလုံး၏ ခြေလှမ်းများ ရပ် သွားလေသည်။

"ဘာ. . . ဘာဖြစ်လို့လဲဆရာ"

"ဒီကောင်သွားနေတဲ့နေရာတွေက စာကြည့်တိုက်မှာ တွေ့ တဲ့ စာအုပ်ထဲက နေရာတွေပဲ"

ဦးမြရွှေသည် ကျေးသာသွားနေတဲ့ နေရာများကို ထ ဖြည်းဖြည်းနဲ့ ရိပ်မိလာလေ၏။

တစ်ခုခုကိုလည်း စိုးရိမ်ပူပန်သွားလေသည်။

"ငါတို့မသိတဲ့ သူ့အဘိုးရဲ့ လျှို့ဝှက်ချက်တစ်ခုခုကို ဒီ ကောင်များ သိနေလို့လား"

"ဟုတ်တယ် ဆရာ၊ ဆရာပြောမှ သတိထားမိတယ်



ဒီကောင်က စာအုပ်ထဲကနေရာတွေကို သွားနေတာပဲ"

ဦးမြရွှေသည် ချက်ချင်းဆိုသလိုပင် စာတ်ပုံထဲက နေရာ များကို ပြန်မှတ်မိအောင် ကြိုးစားလိုက်၏။

လမ်းမကြီးတစ်ခု. . .။

ရုပ်ရှင်ရုံအဟောင်း. . .။

ကလေးကစားကွင်း. . .။

မှိတ်ထားသော မျက်လုံးကို ဖွင့်လိုက်၏။ တွေ့လိုက်ရသော မြင်ကွင်းကြောင့် ရင်တဒိန်းဒိန်း ခုန်သွားလေသည်။

မည်သို့ဆိုသော် သူ့ရှေ့ခပ်လှမ်းလှမ်းတွင် ဓာတ်ပုံထဲမှာ တွေ့ခဲ့ရသော ကစားကွင်းကို မြင်နေရသောကြောင့် ဖြစ်သည်။

သူ့တပည့်များကိုခေါ်ပြီး ကလေးအားကစားကွင်းသို့ ခပ်မြန်မြန် ဝင်လိုက်သည်။

ကလေးကစားကွင်းဆိုသည့်အတိုင်း ကလေးများအတွက် ကစားစရာအရုပ်များ ဆော့ကစားစရာ ဂိမ်းစက်များ၊ အရုပ်ပစ် ခြင်း၊ ဘဲကလေးများ ရေကူးဆော့ကစားသည့် ကစားစရာများ စသည်တို့ အစုံအလင်ရှိပေသည်။

ဦးမြရွှေသည် ကလေးကစားကွင်းအလယ်တွင် ရပ်လိုက် ၏။ မျက်လုံးကို မှိတ်လိုက်ကာ ဓာတ်ပုံထဲက အကြောင်းအရာအချို့ တို့ အသေးစိတ် မှတ်မိအောင် ပြန်စဉ်းစားနေရသည်။

ဓာတ်ပုံထဲတွင်လည်း ကလေးတော်တော်များများ ကစား

www.burmeseclassic.com

www.burmeseclassic.com



နေကြသည်။ ပုံတိုင်းတွင် တွေ့ရသော လူက ကစားစရာစက်တစ်ခု ရှေ့တွင် ရပ်နေသည်။

ဘာစက်ပါလိမ့်။

မျက်လုံးကို ပြန်ဖွင့်လိုက်သည်။ ဓာတ်ပုံထဲက မြင်ကွင်း အချို့ ပျောက်ကွယ်သွားပြီး လက်ရှိမြင်ကွင်းများ ဝင်လာသည်။

ထိုလူရပ်နေတဲ့ ဘေးနားက ဘာစက်ပါလိမ့်။ မျက်လုံးတို့ ထပ်မှိတ်လိုက်ပြန်သည်။

ဓာတ်ပုံထဲက မြင်ကွင်းများ ပြန်ပေါ်လာပြီး ထိုလူရပ်နေသည့် ဘေးနားက စက်ရှိရာသို့ အာရုံကို စူးစိုက်လိုက်သည်။

စက်ပေါ်တွင် ကပ်ထားသော မှုန်ဝါးဝါး စာသားတစ်ခုကို ပြန်သတိရလိုက်သည်။

သူငယ်ငယ်တုန်းက ကစားခဲ့သော စက်တစ်ခုဖြစ်ကြောင်း ပြန်အမှတ်ရလိုက်၏။

ပြီးနောက် ထိုစက်သည် သူ့ဆရာစက်ရုံကထုတ်သော စက်လည်း ဖြစ်နေသည်။

အကြွေစေ့ ထည့်သည်။ ပြီးရင် ကစားမည့်ကလေးက ဘေးနားတွင်ရှိသောတူကို စက်ပေါ်ရှိ အဝိုင်းပြားအား အားနဲ့ မာန်နဲ့ ထုလိုက်ရင် ကလေးထုနိုင်သည့်အားနဲ့အညီ မြားတံက အပေါ်သို့ မြောက်တက်သွားပြီး ဘယ်နှပေ အကွာအဝေးထိ ထုနိုင် သည်ဟု သတ်မှတ်ပေးသည့်စက် ဖြစ်သည်။



"ဟော့ကောင်တွေ"

"ဗျာ. . . ဆရာ"

"ဒီကလေးကစားကွင်းထဲမှာ ငါ့ဆရာ စက်ရုံကထုတ်တဲ့ စက်တစ်ခုရှာရမယ်၊ စက်မှာတော့ **ခွန်အားစမ်းမယ်**ဆိုပြီး စာရေး ထားတယ်"

■

www.burmeseclassic.com

www.burmeseclassic.com

(၄၃)

"ဒီနားမှာ ဖုန်းဆက်လို့ရတာ ရှိလား"

"ဟင်. . . ရှင်ကလည်း ဒီသကြားလုံးစက်ကို ဘာလုပ်ရမလဲ စဉ်းစားနေတာ ဘယ်သူ့ကို ဖုန်းဆက်မလို့လဲ"

သကြားလုံးစက်နှင့် ခပ်လှမ်းလှမ်းတွင် ဟိုလျှောက်ဒီလျှောက် လုပ်ရင်း စဉ်းစားနေတာ အတော်လေးကို ကြာနေပြီဖြစ်သည်။

ထို့ကြောင့်လည်း ကောင်မလေးက သူ့ကိုပြောခြင်းဖြစ်၏။

"စာကြည့်တိုက်ကို ဖုန်းဆက်ကြည့်မလို့ ကျွန်တော် ကြည့်ခဲ့တဲ့ စာအုပ်က မှတ်ပုံတစ်ခု လိုနေတယ်၊ အဲ့ဒီမှတ်ပုံက ဘာလဲ ဆိုတာ ကြည့်ရဦးမှာ၊ မနက်ဖြန် တနင်္ဂနွေနေ့ဆိုတော့ စာကြည့် တိုက်က ပိတ်တယ်လေ၊ အဲ့ဒါ မေ့နေတာ၊ နောက်ပြီး တနင်္လာနေ့ ဆိုရင် အဘိုးစက်ရုံနဲ့ အိမ်က ဖျက်ခံရတော့မှာ"

"ဆက်တာတော့ ဟုတ်ပါပြီ၊ စာကြည့်တိုက် ဖုန်းနံပါတ်တို့



ရှင်က သိလို့လား"

"ဟာ. . . ဟုတ်သားပဲ၊ မသိဘူး"

သူ့ဖုန်းနံပါတ်သာပေးပြီး စာကြည့်တိုက်ဖုန်းနံပါတ်ကို တော့ မယူလာခဲ့မိပေ။

"ဒါပေမယ့် ကိစ္စမရှိဘူး"

"ဘာဖြစ်လို့လဲ"

"ကျွန်တော်တည်းတဲ့ တည်းခိုခန်း ဖုန်းနံပါတ်တော့ သိ တယ်၊ အဲဒီကို ဖုန်းဆက်ပြီး စာကြည့်တိုက်က ဖုန်းဆက်ထား၊ မထား မေးလို့ရတယ်"

"ဒါဆို မြန်မြန်ဆက်၊ စာကြည့်တိုက်က ငါးနာရီဆိုရင် ပိတ်တော့မှာ"

နာရီကို တစ်ချက်ကြည့်လိုက်သည်။

လေးနာရီခွဲနေပြီဖြစ်သည်။

"ဖုန်းက ဘယ်မှာလဲ"

"ဟိုကောင်တာမှာ ဆက်လို့ရတယ်"

■

www.burmeseclassic.com

www.burmeseclassic.com

## (၄၄)

"မတွေ့ဘူးဆရာ၊ ကစားကွင်းတစ်ခုလုံး နှံ့နေပြီ"

ဦးမြရွှေကိုယ်တိုင် လိုက်ရှာသော်လည်း သူ့ဆရာ စက်ရုံက ထုတ်သည့် စက်တစ်ခုမှ မတွေ့ရချေ။

"ဆရာ"

"အေး. . . ဘာလဲ"

"ဆရာ့ရဲ့ ဆရာစက်ရုံကပစ္စည်းက ကြာပြီမှတ်လား"

"အေးပေါ့ကွ၊ နှစ်ပေါင်း ဘယ်နည်းမလဲ"

"ဒီတော့ အဲဒီစက်က ထုပြီးဆော့ရတဲ့စက်လည်း ဖြစ်နေတော့ ပျက်သွားပြီထင်တယ်"

သူ့တပည့်ပြောတာ ဖြစ်နိုင်ချေရှိသောကြောင့် ခေါင်းတဆတ်ဆတ်ညိတ်မိလိုက်သည်။

"ဒါဆို အဲဒီစက်အဟောင်းတွေတော့ ရှိမှာပေါ့"

ဦးမြရွှေသည် ခပ်လှမ်းလှမ်းတွင်ရှိသော ကစားကွင်း



တာဝန်ရှိသူရုံးခန်းထဲသို့ ဝင်လိုက်၏။

တာဝန်ခံမှာ သူ့သူငယ်ချင်းတစ်ဦး ဖြစ်သည်။

"ဟာ. . . မြရွှေ. . . ဘာလာလုပ်တာလဲ၊ ကလေးတွေ ဆော့တာ လာဆော့တာလား"

ဟု နောက်ပြောင်လေ၏။

"မဟုတ်ပါဘူးကွာ၊ သိချင်စရာလေး တစ်ခုရှိလို့"

"ဘာများလဲ"

"ငါ့ဆရာစက်ရုံကထွက်တဲ့ ကစားစရာပစ္စည်းတွေ ရှိသေးလား"

"မရှိတော့ဘူးလေ၊ နှစ်ကြာတော့ ပျက်ပြီပေါ့"

"မဟုတ်ဘူးလေ. . . စက်အဟောင်းတော့ ရှိဦးမှာပေါ့"

"အာ. . . ဒါတော့ ရှိတာပေါ့၊ စတိုထဲမှာ သိမ်းထားတယ်"

"အဲဒီထဲကမှကွာ ဟို ခွန်အားစမ်းမယ်ဆိုတဲ့စက် ရှိသေးတယ်မှတ်လား"

"ဟာ. . . ရှိတာပေါ့၊ အဲဒီစက်က သိပ်ခံတာ၊ နောက်ဆုံးမှပျက်တာ၊ မှတ်မိသေးတယ်၊ အင်း. . . ဘာလုပ်မလို့လဲ"

"ငါ အဲဒီစက်ကို ခဏကြည့်ချင်လို့"

"အေး. . . အဲဒါဆို ခဏလေး၊ ငါတော့ မအားဘူး၊ ငါ့တပည့်တစ်ယောက် ထည့်ပေးလိုက်မယ်"

■

www.burmeseclassic.com

www.burmeseclassic.com

## (၄၅)

"ဟယ်လို. . . ဦးဘမြိုင်လား"

"ဟုတ်ကဲ့. . . ဘယ်သူလဲ"

"ကျွန်တော်. . . ကျေးသာပါ"

"ဟာ. . . ဟော့ကောင် ပြန်မလာသေးဘူးလား၊ ပြီးတော့ မင်းကိုလည်း လူတွေက လာရှာကြသေးတယ်"

"ဘယ်သူတွေလဲ"

"ဦးမြရွှေတပည့်တွေက တစ်ခါလာတယ်ကွ၊ ပြီးတော့ မြို့အုပ်ချုပ်ရေး လူကြီးတွေက တစ်ခါလာတယ်"

"မြို့အုပ်ချုပ်ရေးလူကြီးတွေက ဘာလာလုပ်တာလဲ"

"ဩော်. . . တနင်္လာနေ့ မင်းအဘိုးရဲ့ စက်ရုံနဲ့အိမ်ကို ဖျက်မှာဆိုတော့ ဘာအခြေအနေ ထူးသေးလဲ လာမေးတာပါကွာ"

"ဒါနဲ့ ဦးဘမြိုင်၊ ကျွန်တော့်ဆီလာတဲ့ ဖုန်းများ ဝင်သေးလား"



"မင်းဆီလာတဲ့. . . ဩော်. . . စာကြည့်တိုက်ကတော့ လာတယ်၊ မင်းမှာထားတဲ့စာအုပ်က ကျန်တဲ့ခေတ်ပုံတစ်ပုံ တွေ့ပြီတဲ့"

"ကျေး. . . ကျေးဇူးပါပဲဗျာ"

"ဟေ့. . . ဟေ့"

တစ်ဖက်က စကားဆက်နေသော်လည်း သူ့ဘက်က အရေးကြီးသောကြောင့် ဖုန်းကို ခပ်မြန်မြန်ချလိုက်သည်။

"ဘာ. . . ဘာတဲ့လဲ"

"ဆက်တယ်. . . ကျန်နေတဲ့ ခေတ်ပုံတစ်ပုံ တွေ့ပြီတဲ့"

"ဟင်"

■

www.burmeseclassic.com

www.burmeseclassic.com

(၄၆)

သူ့ရှေ့က တွေ့ရသော စက်ပစ္စည်းမှာ သာမန်ကလေး ကစားစရာ စက်တစ်ခုသာဖြစ်သည်။

ဘယ်လိုပဲကြည့်ကြည့် ထူးမခြားနားသော စက်ဖြစ်သည်။ ပျက်နေသော်လည်း ကစားလို့မရတော့လောက်အောင် စုတ်ပြတ်နေသော စက်မဟုတ်ချေ။

ဟောင်းနွမ်းပြီး မလှမပဖြစ်နေသောကြောင့် အခြားစက်ရုံက စက်နှင့် လဲလှယ်ထားတာဟု လိုက်ပို့သော ကောင်လေးက ပြောသည်။

"ဒီစက်ကို ဘယ်သူ လာရှာသေးလဲ"

"မရှာပါဘူး၊ ဒီစက်နဲ့ ပတ်သက်လို့ ဦးလေးတစ်ယောက်ပဲ လာသေးတာ"



သူတို့ ပြောပုံအရဆိုရင် ကျေးသာသည် ကစားကွင်းကို ရောက်လာတဲ့ပုံ မပေါ်ပေ။

ဒီစက်ကို သူက အရင်တွေ့ပုံရသည်။ စက်ကို နောက်တစ်ခေါက်ကြည့်လိုက်သည်။

ထူးခြားသော အမှတ်အသားများ၊ လျှို့ဝှက်ချက်များ၊ အခြား မထင်မရှားအရာများပါမကျန် အကုန်လုံး စစ်ဆေးကြည့်သည်။

ဘာတစ်ခုမှ မသင်္ကာတာ မတွေ့ရချေ။ ထိုစဉ် ဦးမြရွှေ၏ လက်က အကြွေစေ့ထည့်သည့်အပေါက်ကို သွားစမ်းမိ၏။

"အကြွေစေ့များ ထည့်ရတာလား"

ချက်ချင်းပေါ်လာသော သူ့အတွေးကို ဖျောက်ဖျက်ပစ်လိုက်ရသည်။

လူတိုင်း အကြွေစေ့ထည့်ပြီး ဆော့နေမှတော့ ဘယ်လိုလုပ် ထူးခြားမှုတွေ ပေါ်လာမှာလဲ။

အချိန်ကြာလာတဲ့အထိ ထူးခြားချက် မတွေ့ရသောကြောင့် ဦးမြရွှေသည် စိတ်ပျက်သွားပြီး-

"ကဲ... နောက်တစ်နေရာ သွားရအောင်၊ ကျေးဇူးပဲ သား"

လိုက်ပို့သောကောင်လေးကို ကျေးဇူးတင်စကားပြောပြီး ပြန်လွှတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့တပည့်တစ်ယောက်ကိုတော့ ဒီစက်ရှိတဲ့နေရာကို မသိမသာ စောင့်ကြည့်ရန် မှာထားခဲ့ရသည်။

အကယ်၍ ကျေးသာ ရောက်လာခဲ့ပါက တစ်ခုခု မှာထားရန် ဖြစ်သည်။

■

(၄၇)

နောက်ဆုံးကျန်သော ဓာတ်ပုံကိုကြည့်ပြီး ပြန်ထွက်လာသောအခါ စာကြည့်တိုက်တံခါးမှာ ပိတ်လိုက်ပြီဖြစ်သည်။

"တော်သေးတယ် အချိန်မီလို့"

ကောင်မလေး၏ တိုးတိုးလေး ရေရွတ်သံကို ကြားရသည်။

စာကြည့်တိုက်ရှေ့တွင် မလှုပ်မယှက် ရပ်နေသော သူ့ကိုကြည့်ပြီး 'သွားမယ်'ဟု ကောင်မလေးက ပြောသည်။

သူက မသွားဘဲ ရပ်နေမိသည်။ သူ့မျက်လုံးထဲတွင် ခုနကခဏသာ ကြည့်လိုက်ရသော ဓာတ်ပုံကိုစွဲပြီး မှတ်မိအောင် ကြိုးစားနေခြင်းဖြစ်သည်။

ပြီးတော့ ထိုဓာတ်ပုံထဲရှိ နေရာကို သိနေသည်ဟုလည်း ခံစားနေရသည်။ ထို့ပြင် နောက်ဆုံးဓာတ်ပုံထဲတွင် တွေ့ရသော လူမှာ သူ၏အဘိုးပုံ ဖြစ်နေသောကြောင့်လည်း ပို၍အံ့ဩနေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့အဘိုးက နောက်ခံမှန်ဘောင်ရှေ့တွင် မတ်တတ်ရပ်နေခြင်းဖြစ်သည်။ မျက်နှာကို ပြုံးထားပြီး သူ့ဘေးပတ်လည်မှာလည်း လူမရှိချေ။ လက်ထဲမှာလည်း အကြွေစေ့သုံးစေ့ ကိုင်ထားပြီး ဓာတ်ပုံရိုက်သည့်ဘက်သို့ မျက်နှာမူထား၏။

နောက်ဘက်ရှိ မှန်ဘောင်ထဲတွင်လည်း ဓာတ်ပုံက ဆေးသားပြယ်နေသောကြောင့် ဘာတွေမှန်း မသိသော်လည်း လေးထောင့်ပုံများ၊ အဝိုင်းပုံများထည့်ထားသည့် မှန်ဘောင်ဆိုတာတော့ သေချာသည်။

သို့သော် ဓာတ်ပုံထဲမှာ ထိုသို့ပဲ ပါသောကြောင့် ဘယ်နေရာမှန်းမသိ ဖြစ်နေလေသည်။

"လာ. . . သွားမယ်၊ စာကြည့်တိုက်က ပိတ်နေပြီ"

"သိပါတယ်၊ သွားတာက ဟုတ်ပါပြီ၊ ဘယ်သွားမှာလဲ"

"ဓာတ်ပုံထဲက နေရာလေ"

"ဓာတ်ပုံထဲက နေရာကို သိလို့လား"

"ကျွန်မဦးလေးနဲ့ အဲဒီနေရာကို ခဏခဏ ရောက်တယ် ရှင်တောင် ဒီနေ့ရောက်ခဲ့သေးတယ်လေ"

"ဟင်. . . ဘယ်နေရာလဲ"

ဓာတ်ပုံထဲကနေရာကို ကောင်မလေး သိနေ၍ သူ အံ့ဩသွားလေသည်။

"ရှင့်အဘိုး ရပ်နေတဲ့နေရာက ပြတိုက်ထဲမှာလေ၊ ခေတ်



အဆက်ဆက်က အကြွေစေ့တွေ ပြထားတဲ့နေရာလေ၊ ရှင် မမှတ်မိဘူးလား"

"ဟာ. . ."

ရုတ်တရက် ခေါင်းထဲ လက်ခနဲ ဖြစ်သွားသည်။

ဝမ်းသာအားရ ဖြစ်သွားသောကြောင့် ကောင်မလေးလက်ကိုလည်း ဝမ်းသာအားရ ဆုပ်ကိုင်လိုက်မိသည်။

သူ နားလည်လိုက်ပြီ ဖြစ်သည်။

ခေတ်အဆက်ဆက် အကြွေစေ့တွေ ပြထားသောနေရာတွင် သူ့အဘိုး လှူခဲ့သည့် (သူ့လက်ထဲတွင် ရှိခဲ့ဖူးတာနဲ့တူသော) အကြွေစေ့ သုံးစေ့ကို ဒီနေ့ပဲ သူ့မျက်စိနဲ့ တွေ့ခဲ့ရသည်။

ယခု စာကြည့်တိုက်ထဲတွင် တွေ့သောပုံမှာလည်း သူ့အဘိုးက အကြွေစေ့မလှူခင် ဓာတ်ပုံရိုက်ထားသည့်ပုံ ဖြစ်ပေလိမ့်မည်။

၁။ ရုပ်ရှင်ရုံထဲက သကြားလုံးစက်

၂။ ကလေးကစားကွင်း

၃။ စင်မြင့်အဟောင်း

နေရာသုံးခု ကျန်သေးသည်။ ထို့အတွက်ကြောင့် အကြွေစေ့သုံးစေ့ကို အဘိုးက ပြတိုက်ထဲမှာ ထားခဲ့တာ ဖြစ်နိုင်သည်။

ထိုအကြွေစေ့သုံးစေ့ကို ရပြီဆိုပါက အဘိုး၏အစီမံကို

www.burmeseclassic.com

www.burmeseclassic.com



ရှာနိုင်ပြီဟု ယုံကြည်လာသည်။

"လာ. . . အခုပဲ ပြတိုက်သွားရအောင်"

စိတ်လှုပ်ရှားသောကြောင့် ကောင်မလေးလက်ကို ဆွဲပြီး သွားရန်ပြင်လိုက်သည်။

"နေဦး. . . ကျွန်မ မေ့နေတာ ပြတိုက်က ပိတ်နေပြီပဲ"

"မနက်ဖြန်ဆိုရင်ရော"

"မနက်ဖြန်က တနင်္ဂနွေနေ့၊ ပြတိုက်ပိတ်တယ်"

"ဟာ. . . အဲ့ဒါဆို ဘယ်လိုလုပ်မလဲ"

နောက်ဆုံးကျမှ လာတတ်နေသော သူ့အဖြစ်ကို စိတ်ညစ်သွားလေသည်။

"ဒီမြို့ရဲ့ အုပ်ချုပ်ရေးအဖွဲ့ဝင်တွေကိုပြောပြီး ပြတိုက်ထဲဝင်ယူရင်ရော"

ကောင်မလေးစကားကို စဉ်းစားလိုက်သော်လည်း အဖြေကို ချက်ချင်းသိလိုက်သည်။

"မဖြစ်ဘူးထင်တယ်"

"ဘာဖြစ်လို့လဲ"

"လူကြီးတွေက ချက်ချင်းကြီး ယုံပါ့မလား၊ ရှင်းပြရဦးမယ်၊ သက်သေပြရဦးမယ် အလုပ်ရှုပ်မှာ"

"အင်း. . . အဲ့ဒါတော့ ဟုတ်တယ်"

"ပြီးတော့ ယျလေး ဦးလေးကလည်း စိတ်ချရတာ မဟုတ်ဘူး"



"အဲ့ဒီတော့ ဘယ်လိုလုပ်ကြမလဲ"

"တစ်ခုပဲ လုပ်စရာရှိတော့တယ်"

"ဘာလဲ"

"ပြတိုက်ထဲခိုးဝင်ပြီး အကြွေစေ့ကို ယူရမယ်၊ ပြီးရင် စက်တွေမှာထည့် စမ်းသပ်ပြီးမှ လူကြီးတွေကိုပြောတာ ကောင်းမယ်ထင်တယ်"

"ဟင်. . . ပြတိုက်ထဲကို ခိုးဝင်မယ်"

ကောင်မလေး၏ ထိတ်လန့်သွားတဲ့မျက်နှာကြောင့် ရယ်ချင်သလိုလို ဖြစ်သွားသည်။

"ကြောက်မနေပါနဲ့၊ ကျွန်တော်တစ်ယောက်တည်း ခိုးဝင်မှာပါ။ အပြင်မှာပဲ စောင့်နေခဲ့"

အဲ့ဒီလို ပြောလိုက်၍ ကောင်မလေးက ထပ်မံစိတ်ဆိုးသွားပြန်သည်။

"ကြောက်လို့ မဟုတ်ပါဘူးနော်"

"အဲ့ဒါဆို ဘာဖြစ်လို့လဲ"

"ပြတိုက်ထဲ ခိုးဝင်လို့ အခြားလူတွေသိသွားရင် ဘယ်လိုလုပ်မှာလဲ"

"ဒါကတော့ မသိအောင် ခိုးဝင်ရမှာပေါ့"

နောက်ဆုံးတွင် ကောင်မလေးသည် အလျှော့ပေးလိုက်ရပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ပြတိုက်ထဲသို့ဝင်ရန်အတွက် လိုအပ်သော ပစ္စည်းတစ်ခုဖြစ်သည့် ခေတ်မီးကို ကောင်မလေးက သူမ၏ အသိအိမ်တစ်အိမ်မှ ဝင်ယူပေးလေသည်။

ဤသို့ဖြင့် ညမှောင်လာသောအခါ ပြတိုက်နားသို့ တိတ်တဆိတ် ချဉ်းကပ်လာခဲ့ကြ၏။

■

(၄၈)

အချိန်သည် အတော်မှောင်နေပြီ ဖြစ်သည်။ လမ်းသွားလမ်းလာများလည်း ရှင်းနေပြီး တချို့အိမ်များဆိုရင် အိပ်မောကျနေပြီဖြစ်သည်။

ညငှက်များ၏အသံများကလည်း ဟိုသစ်ပင် ဒီသစ်ပင်ကြားကနေ အော်နေသည့်အသံများကို ကြားရသည်။

ထိုအချိန်တွင် သစ်ပင်အောက်ကနေ အရိပ်တစ်ခု ထွက်လာတာကို တွေ့ရပြီး ထိုအရိပ်သည် အဆောက်အဦတစ်ခု၏ နံရံကို ပြေးကပ်သွားတာ တွေ့လိုက်ရ၏။

ထိုအရိပ်သည် ပြေးကပ်ပြီးနောက် ကျန်ခဲ့သည့် သစ်ပင်အောက်သို့ တစ်ချက်လှည့်ကြည့်လိုက်၏။

သစ်ပင်နောက်တွင် ကောင်မလေးတစ်ယောက် ကျန်ခဲ့သည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်တဲ့ မျက်ဝန်းများဖြင့် ကြည့်နေသောကြောင့် မှောင်ရိပ်ထဲတွင် ရပ်နေသောသူသည် ဘာကြောင့်မှန်းမသိ ရင်ခုန်သွားလေ၏။

ထို့နောက် နံရံဘက်ကို ပြန်၍မျက်နှာမူလိုက်ပြီး အဆောက်အဦ၏ နောက်ဘက်သို့ တရွေ့ရွေ့ သွားလိုက်လေသည်။

အဆောက်အဦရှေ့တွင် အစောင့်တစ်ယောက်မှ မရှိဘဲ အဆောက်အဦထဲမှာသာ တစ်ယောက်၊ နှစ်ယောက် ရှိပုံရသည်။

ကောင်မလေး၏ ပြောပြချက်အရ အဆောက်အဦ နောက်ဖက်တွင် နံရံအား ကျော်တက်နိုင်သော နံရံနှင့် ကပ်လျက်ပေါက်နေသည့် သစ်ပင်တစ်ပင်ရှိသည်ဟု ဆိုထားသောကြောင့် အဆောက်အဦနောက်ဘက်သို့ တရွေ့ရွေ့သွားနေခြင်း ဖြစ်သည်။

ခဏကြာသောအခါတွင် နံရံနှင့် ကပ်လျက်ပေါက်နေသော သစ်ပင်တစ်ပင်ကို တွေ့ရ၏။

သစ်ပင်မှာ အရမ်းမကြီးဘဲ သေးသေးလေးသာဖြစ်သည်။ သို့သော် နံရံကို လှမ်းတက်လို့ ရလောက်အောင်ထိ နီးနီးကပ်ကပ် ပေါက်နေ၏။

တစ်ခါမှ သစ်ပင်မတက်ဖူးသောကြောင့် တက်တက်ချင်းပင် ချော်ချော်ကာ ပြုတ်ကျလေသည်။

နှစ်ခေါက်၊ သုံးခေါက်လောက် ကြိုးစားမှသာ သစ်ပင်ပေါ် တက်နိုင်ပြီး နံရံကို ခြေတစ်ဖက်လှမ်းကာ တက်လိုက်၏။



နံရံပေါ်တွင် ခွေထွာထိုင်နေလိုက်ပြီး အထဲကို တစ်ချက် ကြည့်လိုက်သောအခါ မှောင်မည်းနေသည်ကို တွေ့ရ၏။

ပြတိုက်ရှေ့က အစောင့်နေသည့် နေရာသာ မီးလင်းနေသည်ကို တွေ့ရသည်။ အစောင့်နှစ်ယောက်ကို လှမ်းကြည့်လိုက်သောအခါ တစ်ယောက်က အိပ်နေပြီး နောက်တစ်ယောက်က စာအုပ်ဖတ်နေသည်ကို တွေ့ရသည်။

ဒါနဲ့ ခပ်မြန်မြန် လုပ်မှပဲဟုတွေးရင်း ခြံထဲကို ခုန်ဆင်းလိုက်သည်။ အသံနည်းနည်း ထွက်သွားသော်လည်း ကြားလောက်သည့် အသံမဟုတ်သောကြောင့် ပြတိုက်နားသို့ ချက်ချင်းပင် ပြေးကပ်လိုက်၏။

ရုပ်ရှင်တွေထဲကလို သူခိုးကပ်သည့်ပုံစံ ဖြစ်နေပြီဟု တွေးမိလိုက်၍ နည်းနည်းပင် ရယ်ချင်သွားသည်။

မှောင်နေသောကြောင့် လက်ထဲက ဓာတ်မီးကို ဖွင့်လိုက်သည်။ ထို့နောက် သူ၏ခြေလှမ်းများသည် နေ့ခင်းက သူတွေ့ခဲ့သော မှန်ထောင့်ကွဲနေသော ပြတင်းပေါက်ဆီသို့ဖြစ်သည်။

အပြင်ဘက်ကလည်းဖြစ်ပြီး ညလည်းမှောင်နေသောကြောင့် ထိုကွဲနေသည့် ပြတင်းပေါက်နေရာကို ခန့်မှန်းရခက်နေ၏။

လက်ထဲက ဓာတ်မီးကိုလည်း လျှောက်မထိုးရဲချေ။ လက်နဲ့ အုပ်ပြီးအလင်းအနည်းငယ်ရအောင်သာ လုပ်ထား၏။

အဆောက်အဦက အရမ်းမကြီးတော့ သိပ်ကြာကြာ မရှာ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရပါဘူး။ မှန်ကွဲနေသော ပြတင်းပေါက်ကို တွေ့လိုက်ရ၏။

ထို့နောက် မှန်ကွဲကနေ အထဲကို လက်နှိုက်ကာ တံခါးဂျလက်ကို ဖွင့်လိုက်၏။

"ဂျလောက်"

အသံနည်းနည်း ကျယ်သွားသောကြောင့် တံခါးကို ချက်ချင်းမဖွင့်သေးဘဲ အခြားအသံများကို နားထောင်နေလိုက်ရသည်။

ဘာသံမှ မကြားရတော့မှဘဲ ပြတင်းပေါက်ကို ဖွင့်လိုက်ရ၏။ ပြတိုက်ထဲတွင် မှောင်မည်းနေလေသည်။

မှတ်မိသလောက်ဆိုပါက မှန်တံခါးကွဲနေသောအခန်းသည် အကြွေစေ့များထားသည့်အခန်းနှင့် ကပ်ရပ်ဖြစ်သည်။

ပြတင်းပေါက်ကနေ ကျော်ခွပြီး မှောင်မည်းနေသော ပြတိုက်အခန်းထဲသို့ ဝင်လိုက်၏။

အပြင်ဘက်က ခွေးအူသံတချို့တောင် ကြားနေရသည်။ ဓာတ်မီးကို ဖွင့်လိုက်၏။

ဟိုဟိုဒီဒီ လျှောက်ထိုးကြည့်လိုက်သည်။ ထူးထူးခြားခြား ဘာမှ မတွေ့ရသောကြောင့် ရှေ့ကို တရွေ့ရွေ့လျှောက်သွားရင်း တခြားတစ်ဖက်အခန်းသို့ ကူးလိုက်၏။

ကျေးသာသည် အချိန်ဆွဲမနေတော့ဘဲ သူသွားလိုသည့် နေရာရောက်အောင် ကမန်းကတန်း သွားလိုက်၏။

"တွေ့ပြီ"



သူ့ရှေ့တွင် မှန်ဘောင်နှင့် ထည့်ထားသော အကြွေစေ့မျိုးစုံကို တွေ့ရလေသည်။ ထိုအကြွေစေ့များထဲကမှ သူအဘိုးလှူထားသည့် အကြွေစေ့သုံးစေ့ကို တွေ့ရသည်။

သို့သော် ထိုမှန်ဘောင်ကို သော့ခတ်ထားလေ၏။

■

www.burmeseclassic.com

www.burmeseclassic.com

(၄၉)

အချိန်အတော်ကြာသည်အထိ ထွက်မလာသောကြောင့် ယျှလေးသည် စိတ်ပူနေပြီဖြစ်သည်။

သစ်ပင်နောက်ကနေ ပြတိုက်ကို လှမ်းလှမ်းကြည့်ရတာက လည်း အကြိမ်ပေါင်း မနည်းတော့ချေ။

အဆင်မှ ပြေရဲ့လား၊ နံရံပေါ်ကနေများ ပြုတ်ကျနေမလား စသည့် စိုးရိမ်ပူပန်မှုတွေက အတွေးထဲ ဝင်လာ၏။

သူမကိုယ်သူမလည်း အံ့ဩလို့ မဆုံးပေ။ သူစိမ်းယောက်ျား လေးတစ်ယောက်အပေါ် စိုးရိမ်ပူပန်မှုဖြစ်ခြင်းက ဒါပထမဦးဆုံး ဖြစ်သည်။

"ဟဲ့. . . နင် ဒီမှာ ဘာလာလုပ်နေတာလဲ"



ရုတ်တရက် သူမပခုံးကိုပုတ်ပြီး လှမ်းပြောလိုက်သောကြောင့် လန့်ပြီး နောက်ကို လှည့်ကြည့်မိသည်။

"ဟင်. . . ဦးလေး"

ဦးလေးနဲ့ သူတပည့်များကို တွေ့လိုက်ရသောကြောင့် ထိတ်လန့်သွားပြီး ပြတိုက်ကိုလည်း လှမ်းကြည့်မိလိုက်သည်။

ဒါကို အကင်းပါးသော ဦးလေးက ရိပ်မိသွားပြီး သူကြည့်သလို ပြတိုက်ကို လှမ်းကြည့်နေတာမြင်မှ မှားသွားမှန်း သိလိုက် ရ၏။

"နင် ဘယ်တွေ လျှောက်သွားနေတာလဲ၊ နင့်ကို ရှာနေတာ ကြာပြီ၊ ဒီနားကနေ အိမ်ကိုဖြတ်ပြန်မယ်လုပ်မှ နင့်ကို တွေ့ရတာ၊ ဟိုကောင်ရော ဘယ်မှာလဲ"

"ဘယ်သူလဲ၊ ဒီမှာ သမီးတစ်ယောက်တည်း ရှိပါတယ်"

ဦးလေးက သူမ မူပျက်နေတာကိုကြည့်ပြီး ဘာမှ ဆက် မမေးတော့ချေ။

ဦးလေးရှေ့တွင် ဟန်မဆောင်တတ်သော သူမကို သူမပင် အပြစ်တင်နေမိသည်။

ဦးလေးက သူတပည့်နှစ်ယောက်ကို ကြည့်ပြီး-

"သူကို အိမ်ပြန်ခေါ်သွားတော့၊ ကဲ. . . ကျန်တဲ့လူတွေ ငါနဲ့လိုက်ခဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုပြီး ပြတိုက်ဘက် ထွက်သွားလေသည်။

ယျလေးမှာ ဘာမှပြောချိန်မရဘဲ ငေးငိုင်နေလေသည်။

■

(၅၀)

နေ့ခင်းကကြည့်တုန်းက သော့ခတ်ထားတာကို မတွေ့ရ၍ ဘာပစ္စည်းမှ မယူလာခဲ့ပေ။

ယခုတော့ ဘာလုပ်လို့ လုပ်ရမှန်းမသိ ဖြစ်နေလေသည်။ မှန်ကိုပဲ ရိုက်ခွဲရမလား၊ မဖြစ်သေးပါဘူး။ အသံကြားပါက အစောင့်တွေ သိသွားနိုင်သည်။ သော့ကို တစ်ချက်ကြည့်လိုက်၏။

သော့မှာ ခပ်ကြီးကြီး သော့တစ်ချောင်းဖြစ်သည်။

အိတ်ထဲကို စမ်းကြည့်လိုက်၏။ ရေကူးကန်ထဲက ရထားသော သော့တစ်ချောင်းတော့ ရှိသည်။

ထို့ကြောင့် ထုတ်ယူပြီး စမ်းကြည့်သောအခါ သော့ပေါက်ထဲကိုပင် ထည့်လို့မရချေ။

"ဒီသော့က ဒါကို ဖွင့်ရတဲ့သော့ မဟုတ်ဘူးထင်တယ်"

ဟုတွေးရင်း သော့ကို အိတ်ထဲ ပြန်ထည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



နံရံများကို ခေတ်မီးနဲ့ လျှောက်ထိုးကြည့်မိပြန်သည်။ သော့တွဲတွေများ ချိတ်ထားလိုချိတ်ထား လိုက်ကြည့်မိနေခြင်းပင် ဖြစ်သည်။

နောက်ဆုံးတွင် မှန်ကို တစ်ခုခုနဲ့ အုပ်ပြီးခွဲရန် ဆုံးဖြတ်လိုက်သည်။ အချိန်ကလည်း နှောင်းနေပြီ။ ယျလေးကို အပြင်မှာ တစ်ယောက်တည်း စောင့်ခိုင်းထားသောကြောင့် စိတ်မချဘဲ ဖြစ်နေ၏။

ထို့ကြောင့် မှန်ကို တစ်ခုခုနဲ့ ခွဲမလို့ လိုက်ရှာစဉ်တွင်-

"ဖျတ်"

"ဖျတ်"

"ဖျတ်"

ပြတိုက်တစ်ခုလုံး မီးများလင်းလာလေ၏။

"ဟင်. . ."

ရုတ်တရက်ကြောင်ပြီး ရပ်ကြည့်နေစဉ်မှာပင် ပြတိုက်ရှေ့တံခါး ပွင့်သွားပြီး အစောင့်နှစ်ယောက် ဝင်လာလေ၏။

သူ့နောက်တွင်လည်း လူတစ်စု ပါလာသည်ကို တွေ့ရလေသည်။ ဝင်ဝင်လာချင်းမှာပင် သူ့ကို မြင်လိုက်သောကြောင့် ပုန်းဖို့ အချိန်ပင် မရလိုက်တော့ချေ။

■

မကြာမီအချိန်တွင် ပြတိုက်အစောင့်နှစ်ယောက်၏ အကြောင်းကြားမှုဖြင့် မြို့အုပ်ချုပ်ရေးလူကြီးများ ရောက်လာကြတာ ကျေးသာကို ခေါ်ဆောင်သွားပြီး ပြတိုက်ထဲ ခိုးဝင်မှုဖြင့် မြို့အုပ်ချုပ်ရေးရုံးခန်း အချုပ်ထဲတွင် ထည့်ထားလိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

(၅၁)

"ဒီကောင်က ပြတိုက်ထဲမှာ ဘာကို ဝင်ရှာတာလဲ"

"သမီး မသိပါဘူးလို့ ဦးလေးကို ပြောပြီးပြီလေ"

"ဟ. . . နင်မသိတာ ငါ ဘယ်လို ယုံမလဲ၊ နင်က အပြင်မှာ အဖော်လိုက်စောင့်ပေးတယ်၊ ဟိုကောင်က အထဲဝင်ခိုးတယ်၊ အဲ့ဒါ ငါ ဘယ်လိုလုပ် နင်မသိဘူးဆိုတဲ့စကားကို ယုံမှာလဲ"

ယှုလေး ဘယ်လိုပြောပြော ဦးလေးက မယုံဘဲ ဖြစ်နေသည်။

စိတ်က ကျေးသာဆီကိုသာ ရောက်နေပြီး ဦးလေးရှေ့တွင် မှမပျက်ခဲ့ပါက သူ ဒီလိုမဖြစ်ဟု တွေးမိရင်း မိမိကိုယ်သာ အပြစ်တင်နေမိသည်။

"အမွေတွေအားလုံးက သဘာက်ခါဆိုရင် ပျက်ပြီ၊ ဒီကောင် ပြတိုက်ထဲ ဝင်ခိုးရလောက်အောင် သွေးရူးသွေးတန်းဖြစ်တဲ့ကောင် လည်း မဟုတ်ဘူး၊ ဒီတော့ ပြတိုက်ထဲမှာ အမွေနဲ့ပတ်သက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုရှိလို့သာ ဒီကောင် ဒီလောက် အတင့်ရဲနေတာ”

ဦးလေးစကားကို မကြားချင်ယောင်ဆောင်နေပြီး အခန်းထဲရှိ ပစ္စည်းများကိုသာ လျှောက်ကြည့်နေမိသည်။

မိမိနေတဲ့ အိမ်ဖြစ်သော်လည်း ဦးလေးစကားကို ရှောင်လွှဲတဲ့အနေနဲ့ ဟိုကြည့်ဒီကြည့် ကြည့်နေမိခြင်းဖြစ်သည်။

“ပြတိုက်ထဲမှာ ဘာရှိနိုင်လို့လဲ”

ဦးလေးသည် သူ့ဘာသာသူပြောရင်း တွေးရင်း အခန်းထဲမှာ ဟိုလျှောက်ဒီလျှောက် လုပ်နေလေ၏။ သူမ၏ဦးလေးသည် ဦးအေးသာ၏ အမွေပစ္စည်းတွေကို တိတ်တဆိတ် ရှာနေမှန်း အစောကြီးကတည်းက သိနေသည်။

ထို့အပြင် ထိုအမွေနဲ့ပတ်သက်ပြီး လိုက်ရှာတဲ့အဖွဲ့တွေကိုလည်း ဦးလေးနဲ့အဖွဲ့က ပြတ်ပြတ်သားသား ဆုံးမဖူးတာကိုလည်း ကြားနေရသည်။

ထို့ကြောင့် ကျေးသာကို မြင်လိုက်ရသောအခါတွင် ဘာကြောင့်မှန်းမသိ သတိပေးချင်စိတ် ဖြစ်ပေါ်လာသောကြောင့် ခဲလုံးနဲ့ သတိပေးစာကို လိပ်ပြီး ပြတင်းပေါက်ထဲကနေ ပစ်ပေးခဲ့ခြင်းဖြစ်သည်။

“ပြတိုက်ထဲမှာ ဆရာ့ရဲ့အမွေလွှဲစာတော့ ရှိတယ်၊ ဒါပေမယ့် ဒါလည်း မဖြစ်နိုင်ဘူး”

ယျလေး၏ မျက်လုံးများသည် အခန်းအတွင်းရှိ မျက်လှည့်



ပစ္စည်းများထားသည့်နေရာသို့ ရောက်သွား၏။

“နောက်ပြီး ဘာရှိသေးလဲ”

“ဟင်”

ရုတ်တရက် အံ့သြသွားသော သူမ၏အမူအရာကို ဦးလေး မမြင်ခင် အမြန်ပြန်ထိန်းလိုက်သည်။

မည်သို့ဆိုသော် မျက်လှည့်ပစ္စည်းများ ထားသည့်နေရာတွင် ဦးအေးသာ စက်ရုံအမှတ်ပါသည့် မျက်လှည့်ပစ္စည်းတစ်ခုကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

ထိုပစ္စည်းကို သူမ ခဏခဏ မြင်ဖူးနေသော်လည်း ယခုမှပင် ဦးအေးသာစက်ရုံ၏ အမှတ်တံဆိပ်ကို မြင်လေတော့၏။

သေချာသည်။ ထိုပစ္စည်းများသည် သူ့ဦးလေး၏ ဆရာ ဦးအေးသာ၏ တစ်ခုတည်းသောပစ္စည်း ဖြစ်ပေလိမ့်မည်။

ထိုပစ္စည်းသည် မျက်လှည့်ပွဲများတွင် ဆုတောင်းစာ ကြည့်လို့ရသော မျက်လှည့်ပစ္စည်း ဖြစ်သည်။

ပရိသတ်က အကြွေစေ့ထည့်ပြီး ထိုပစ္စည်းရှိ အပေါက်ကနေ ထိုအကြွေစေ့ထည့်သောသူအတွက် ဆုတောင်းစာလေး ထွက်လာသော မျက်လှည့်ပစ္စည်းဖြစ်သည်။

အတွေးက ကျေးသာ သူ့ဦးလေးအိမ် ရောက်လာသည့် အကြောင်းအရာကို ပြန်စဉ်းစားနေမိသည်။

ထိုပစ္စည်းလေးကိုပဲ ဦးအေးသာက လာရှာခိုင်းတာလား၊

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တော့ ဖြစ်နိုင်သည်။

သူ့ဆရာမသေခင် တစ်ခေါက်ရောက်တုန်းက ပေးလိုက်တဲ့ ပစ္စည်းဟု သူဦးလေး ပြောနေတာကို ကြားဖူးသည်။

ဒါကိုပဲ လာရှာတာ ဖြစ်ပေလိမ့်မည်။

"ဟဲ့. . . ငါမေးနေတယ်လေ၊ ဘာငေးနေတာလဲ"

"ဟင်. . . ဦး. . . ဦးလေးက ဘာမေးလိုက်တာလဲ"

■

(၁၂)

"ဘယ်လိုဖြစ်ရတာလဲ မောင်ကျေးသာရယ်၊ ဦးတို့က ပြတိုက်ထဲ သူခိုးဝင်တယ်ဆိုလို့ လိုက်လာတာ၊ မင်းဖြစ်နေတာကိုး"

သူ့ရှေ့တွင် မြို့သူကြီးဦးကောက်၊ ရှေ့နေပေါင်း ဦးယပ်စွမ်းနဲ့ အခြားလူကြီးများ၊ မြို့သူမြို့သားအနည်းငယ်တို့ ရှိနေတာကို တွေ့ရ၏။

"မောင်ကျေးသာက အထဲကို ဘာဝင်လုပ်ရတာလဲ"

ဦးယပ်စွမ်းက ရှေ့နေပီပီ ဘာဝင်ခိုးတာလဲ မမေးဘဲနဲ့ စကားလှအောင် မေးလိုက်သည်။

သူကလည်း ဒီအခြေအနေ ရောက်မှတော့ ဘာမှ ကွယ်ဝှက်စရာမရှိတော့ဘဲ ဖွင့်ပြောပြရမည့်အခြေအနေ ဖြစ်သွားသည်။

"ဒီလိုပါ မြို့သူကြီးခင်ဗျာ၊ ကျွန်တော်က ပြတိုက်ထဲမှာ ကျွန်တော့်အဘိုးထားခဲ့တဲ့ အကြွေစေ့သုံးစေ့ ဝင်ယူတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်မလို့လဲကွ"

"အဲ့ဒီအကြွေစေ့ သုံးစေ့ရရင် ကျွန်တော့်အဘိုးရဲ့ အမွေတွေ ဘယ်မှာ ထားခဲ့လဲဆိုတာ သိရပါပြီ"

"ဟင်. . ."

"ဟာ. . ."

"အို. . ."

အားလုံးမှာ တအံ့တသြ ဖြစ်သွားကြပြီးနောက်-

"ဟုတ်လို့လား မောင်ကျေးသာ"

ဆိုပြီး မယုံမကြည် ဖြစ်နေကြသည်။

"ဟုတ်ပါတယ်၊ ကျွန်တော် အစကနေ ရှင်းပြပါ့မယ်၊ ကျွန်တော့် အဖေဆီမှာ အဘိုးဆီက ရထားတဲ့ ပစ္စည်းတစ်ခုရှိတယ်၊ အဲ့ဒီ ပစ္စည်းကနေ တိုက်မိပြီး. . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ."

■

(၅၃)

လူတစ်စုသည် မှောင်မည်းနေသော လမ်းမထက်တွင် မပြေးရုံတမယ် ခြေလှမ်းကို လှမ်းကာလျှောက်နေကြ၏။

"တောက်. . . စောစောကတည်းက ဒီကောင် ဘာလာယူတာလဲဆိုတာ ရိပ်မိရမှာ"

ရှေ့ဆုံးက လျှောက်နေသော သူဆီမှ အသံထွက်လာခြင်း ဖြစ်သည်။

ဒေါသနှင့်အတူ စိတ်လှုပ်ရှားမှုလည်း ပါနေလေ၏။ မကြာခင်တွင် ရှေ့ခပ်လှမ်းလှမ်းတွင် အဆောက်အဦတစ်ခု တွေ့လိုက်ရ၏။

"မြန်မြန်လာကြဟေ့"

နောက်ကပါလာသောသူများကို ဆော်သြရင်း သူကိုယ်တိုင်လည်း ခုနကထက် နှစ်ဆမြန်အောင် လျှောက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် '. . . . . . . မြို့၏ ပြတိုက်'ဟု ဆိုင်းဘုတ်တပ်ထားသော အဆောက်အဦထဲသို့ အလျှင်အမြန် ဝင်လိုက်လေ၏။

"ဟင်. . . ဦးမြရွှေတို့ပါလား"

အစောင့်နှစ်ယောက်က သူတို့ကိုကြည့်ပြီး ထိုင်ရာမှ ထလာကြလေသည်။

"ငါတို့ ပြတိုက်ထဲ ဝင်ကြည့်ချင်လို့"

"ဟာ. . . ပိတ်ပြီလေ. . . သဘက်ခါမှ ဖွင့်တော့မှာ"

"ခဏပဲ ကြည့်မှာပါ"

"မရဘူး၊ ခုနကလည်း ပြဿနာ တက်ထားတာ၊ မြို့သူကြီးသိရင် ဒုက္ခရောက်မှာဗျ"

ဦးမြရွှေသည် ထိုသို့ ပြောနေတာကိုက စိတ်မရှည်တော့ပေ။ သဘက်ခါထိ မစောင့်နိုင်တော့။ သဘက်ခါဆိုရင် အမွေတွေ အားလုံး ဆုံးရှုံးရတော့မည်။

ထို့ကြောင့် သူ့တပည့်နှစ်ယောက်ကို မျက်ရိပ်ပြလိုက်၏။ သူ့တပည့်များကလည်း သူ့ဆရာ အရိပ်အကဲကို တွေ့သည်နှင့် တစ်ပြိုင်နက် အစောင့်နှစ်ယောက်ကို ဖမ်းချုပ်လိုက်လေသည်။

အစောင့်နှင့် သူ့တပည့်များ ရုန်းရင်းဆန်ခတ် ဖြစ်နေတာကို ဂရုမစိုက်အားဘဲ အစောင့်များနေသည့် ကင်းတဲမှ သော့ကိုယူကာ ပြတိုက်တံခါးကို ဖွင့်လိုက်လေ၏။

နံရံရှိမီးကို ဖွင့်လိုက်ရာ ပြတိုက်တစ်ခုလုံး လင်းသွားလေ



သည်။ ခုနက ကျေးသာကို ဖမ်းမိသော အကြွေစေ့များ ထားသည့်နေရာသို့ ကမန်းကတန်း သွားလိုက်သည်။

သူ့ဆရာလှူထားသော အကြွေစေ့ သုံးစေ့ရှိနေသည့်နေရာ ဖြစ်သည်။

အရင်တုန်းကတော့ ဆရာလှူထားသည့် အကြွေစေ့နဲ့ ထပ်တူ အကြွေစေ့တစ်ခု သူ့တွင် ရှိခဲ့ဖူးသည်။ ကြာတော့ ဘယ်နားထားလို့ ပျောက်သွားမှန်း မသိချေ။

"ဟင်. . ."

အကြွေစေ့များထားသည့် မှန်ဘောင်ကိုကြည့်ပြီး ထိတ်လန့်သွားသည်။

မည်သို့ဆိုသော် အခြားအကြွေစေ့များ ရှိနေပြီး သူ့ဆရာလှူထားသော အကြွေစေ့သုံးစေ့ မရှိတော့တာကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

"မဖြစ်နိုင်ဘူး. . . မဖြစ်နိုင်ဘူး"

ဦးမြရွှေမှာ သွေးရူးသွေးတန်း ဖြစ်သွားပြီး ပြတိုက်အပြင်ဘက်ကိုထွက်ကာ အစောင့်တစ်ယောက်အား-

"ဟေ့ကောင်. . . ဘယ်သူလာသေးလဲ"

"ဟို. . . မြို့. . . မြို့သူကြီးတို့ ပြန်လာကြသေးတယ်"

"ဘာ. . . ဟိုကောင် ကျေးသာရောပါလား"

"အင်း. . . ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ..."

စိတ်တိုတိုနဲ့ ဘေးရှိ နံရံကို ပိတ်ကန်လိုက်မိသည်။

တနင်္ဂနွေနေ့

(အိမ်နှင့်စက်ရုံကို ဖြိုဖျက်ဖို့ တစ်ရက်ခန့်အလို)

www.burmeseclassic.com

www.burmeseclassic.com



ကလေးကစားကွင်း

ရှေ့တွင်ရှိသော 'ခွန်အားစမ်းမယ်'ဆိုတဲ့ စက်ကြီးကို အားလုံးက ဝိုင်းကြည့်နေကြ၏။

ဦးကောက်၊ ဦးယပ်စွမ်း၊ ဦးသိန်းစံနှင့် မြို့သူမြို့သား တော်တော်များများကတော့ စက်ရှေ့တွင် ရပ်နေသော ကျေးသာကို ကြည့်လိုက်၊ ခွန်အားစမ်းမယ်ဆိုတဲ့ စက်ကိုကြည့်လိုက်နဲ့ မယုံမကြည် ဖြစ်နေကြလေသည်။

သူတို့မပြောနဲ့ ကျေးသားကိုယ်တိုင်ပင် စိတ်လှုပ်ရှားနေ၏။ စက်ကနေ ဘာဖြစ်လာမလဲဆိုတာကို သူလည်း မသိနိုင်သေးပေ။

လက်ထဲတွင် ကိုင်ထားသော အကြွေစေ့သုံးစေ့ကိုပဲ ပွတ်နေမိသည်။ ခဏအကြာတွင် ကျေးသာသည် လက်ထဲက အကြွေစေ့ တစ်စေ့ကိုယူပြီး စက်ထဲသို့ ထည့်လိုက်၏။

"ဂလောက်"

အကြွေစေ့မှာ ဝင်သွားပြီဖြစ်သည်။

ဘာမှ ထူးခြားမလာချေ။ သူလည်း ဘာများ ထူးခြားလာမလဲဆိုတာကို စောင့်ကြည့်နေရင်း ဘာမှ မဖြစ်လာသောကြောင့် စိတ်ပျက်သွားလေသည်။

"ကျေးသာ ဘာမှမထူးခြားလာပါလား"

မြို့သူကြီး ဦးကောက်စကားကြောင့် ကျေးသာမှာ ဘာလုပ်ရမှန်းမသိဘဲ စက်ကိုသာ ငေးကြည့်နေမိသည်။



ထိုစဉ် စက်ကို ထုကစားသောတူကို တွေ့လိုက်ရသောကြောင့် စက်၏သဘောကို ရိပ်မိသွားလေသည်။

ထို့ကြောင့် အနားတွင်ရှိသော တူကိုယူကာ စက်၏ တူထုသောနေရာကို ထုလိုက်လေ၏။

"ဒုန်း"

တူထုလိုက်သောအရှိန်ကြောင့် မြားလေးသည် အပေါ်တက်သွားပြီး တစ်နေရာ၌ ရပ်သွားကာ ပြန်ဆင်းလာလေ၏။

နောက်တစ်ကြိမ် ထပ်ရိုက်လိုက်ပြန်သည်။

"ဒုန်း"

မြားသည် ခုနကအတိုင်းပဲ တက်သွားပြီး ခုနကရပ်သည့်နေရာမှာပဲရပ်ကာ ပြန်ဆင်းလာလေ၏။

ထိုရပ်သွားသောနေရာမှာ 8 Feet ဟု ရေးထားလေ၏။ 1 Feet, 2 Feet စသည်ဖြင့်ရှိရာ ဘယ်အချိန်ရိုက်ရိုက် 8 Feet နေရာမှာပဲ ရပ်နေလေသည်။

အခြားသူများကို ဝင်ရိုက်ခိုင်းကြည့်ရာတွင်လည်း 8 Feets မှာရပ်ပြီး မြားက ပြန်ဆင်းလာလေ၏။ အားပြင်းပြင်း ရိုက်ရိုက်၊ ပျော့ပျော့ပဲရိုက်ရိုက် ထိုနေရာကိုပဲ မြားက ရောက်နေ၏။

ထို့ကြောင့် Note စာအုပ်ထဲတွင်-

www.burmeseclassic.com

www.burmeseclassic.com



ခွန်အားစမ်းမယ်

**8 Feet**

ဟု ရေးလိုက်လေ၏။

ထိုသို့ဖြင့် သကြားလုံးစက်ရှိရာ ရုပ်ရှင်ရုံသို့ ရောက်သွားပြန်၏။

■

## ရုပ်ရှင်ရုံ

"ဂလောက်"

ထုံးစံအတိုင်း အကြွေစေ့လေး ကျသွားပြန်သည်။

ဒီတစ်ခါတော့ ရောရောရှုရှုပင် သကြားလုံးလေး တစ်လုံး ထွက်လာ၏။

"ဟင်. . . သကြားလုံးကြီး"

လိုက်ကြည့်သောသူများထဲက ရေရွတ်သံကို ကြားလိုက်ရသည်။

ကျေးသာမှာလည်း သကြားလုံး ထွက်ကျလာလိမ့်မည်ဟု မမျှော်လင့်သောကြောင့် ရုတ်တရက်ကြောင်ပြီး ကြည့်နေမိသည်။

နောက်မှ ထွက်ကျလာသော သကြားလုံးကို ယူလိုက်သည်။



သကြားလုံးမှာ သကြားလုံးအလိပ်ကလေးဖြစ်ပြီး ပလတ်စတစ်အိတ်ကို ရှေ့ကလိမ်၊ နောက်ကလိမ်ပြီး လုပ်ထားသော သကြားလုံးဖြစ်သည်။ သကြားလုံးကို ဖွင့်လိုက်၏။

"အို"

သကြားလုံး ပလတ်စတစ်အိတ်တွင် နံပါတ် (၅)ဟု ရေးထားသည်ကို တွေ့ရ၏။

ဒါနဲ့ တခြားသကြားလုံးတွေမှာလည်း ဒီလိုရေးလေ့ရှိလားဟု သိလိုသောကြောင့် ကောင်တာကနေ အကြွေစေ့တစ်စေ့ဝယ်ပြီး ထည့်စမ်းကြည့်သောအခါ အခြားသကြားလုံးများတွင် ထိုသို့ နံပါတ် မပါကြောင်း တွေ့ရလေသည်။

■

## စတိတ်စင်ဟောင်း

တနင်္ဂနွေ ဖျော်ဖြေပွဲဟု တပ်ထားသော စတိတ်စင်အဟောင်းတွင် အချိန်တော်တော်ကြာသည်အထိ အကြွေစေ့ ထည့်လို့ရသည့် စက်ကို ရှာမတွေ့ချေ။

မြို့သူမြို့သား တော်တော်များများကလည်း သူနဲ့အတူတူ လိုက်ရှာသော်လည်း ဘယ်နေရာမှာမှ မတွေ့ချေ။

"တစ်ခုခုတော့ ရှိမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



ကျေးသာသည် ရှာလည်းရှာ၊ စိတ်လည်း လှုပ်ရှားနေသည်။

ဒီတစ်ခုသည် နောက်ဆုံးအကြွေစေ့ထည့်ရာနေရာဟု သူ သိထားလေသည်။

"ဘယ်လိုလုပ်ကြမလဲ၊ ဘယ်နေရာမှ ရှာမတွေ့ဘူး"

ထိုစဉ် ကျေးသာ၏ မျက်လုံးများသည် လှူဒါန်းရန်ဆိုသည့် စာတန်းတပ်ထားသည့်ပုံးကို တွေ့လိုက်ရလေ၏။

ထိုပုံးကို သွားကြည့်သောအခါ သူမျှော်ထားသလို အကြွေစေ့ထည့်သည့် သံသေတ္တာပုံစံမဟုတ်ဘဲ သစ်သားသေတ္တာ ဖြစ်နေသောကြောင့် စိတ်ညစ်သွားလေ၏။

"ဒါက အရင်တုန်းထဲကရှိတဲ့ သေတ္တာလားဗျ"

ဖျော်ဖြေပွဲက တာဝန်ရှိသူတစ်ဦးကို မေးလိုက်သည်။

"မဟုတ်ဘူးဗျ၊ ဒါက အသစ်ထားတာ အရင်တုန်းက အကြွေစေ့ပဲ ထည့်လို့ရတဲ့ သေတ္တာကို သုံးတယ်"

"ဟင်..."

"ဟာ..."

"အဲ့... အဲ့ဒီသေတ္တာ ဘယ်မှာလဲ"

အားလုံးက ပျာပျာလဲလဲ ဝိုင်းမေးကြလေသည်။

"ကြာပြီဆိုတော့ မရှိတော့ဘူး၊ ပိန်လိန်ပြီး သံဆိုတော့ ရောင်းတဲ့အထဲ ပါသွားပြီ"

"အာ..."



စိတ်ပျက်သွားသည်။

ဒါဆိုရင် ဒီနေရာမှာပဲ ဂိတ်ဆုံးနေပြီဟု ယူဆရမလို ဖြစ်နေသည်။ လက်ထဲက မှတ်ထားသောအရာများကို တစ်ခေါက် ကြည့်လိုက်၏။

## 5, ခွန်အားစမ်းမယ် 8 Feet

■

www.burmeseclassic.com

www.burmeseclassic.com



အားလုံးက ဝိုင်းဩဘာပေးကြသောကြောင့် သူလည်း အချိန်မဆိုင်းတော့ဘဲ လက်ထဲမှာ ကျန်ရှိနေသော အကြွေစေ့ တစ်စေ့ကို ထည့်လိုက်၏။

"ဂလောက်"

မကြာမီမှာ စာရွက်လေးတစ်ရွက် ထွက်လာ၏။

ဖတ်ကြည့်လိုက်သောအခါ ဆုတောင်းစာမဟုတ်ဘဲ စာသားတော်တော်များများကို တွေ့လိုက်ရလေ၏။

ပထမတစ်ကြောင်းမှာ မြေအောက်ခန်းဟုရေးထားပြီး ကျန်သည့်စာသားများမှာ ပစ္စည်းစာရင်းများ ရေးထားသည်ကို တွေ့ရလေသည်။

"ဟင်"

■

## (၅၄)

ထိုစဉ် လူအုပ်ကြားထဲကနေ ကောင်မလေးတစ်ယောက် တိုးဝင်လာလေ၏။

"ဟင်. . . ယျလေး"

ယျလေးကို မြင်လိုက်ရသောကြောင့် ဝမ်းသာအားရ ဖြစ်သွားလေသည်။ ယျလေးသည် သံသေတ္တာအသေးတစ်ခုကို ကိုင်ထားလေ၏။

"ဒါ. . . ဒါ. . . ဘာကြီးလဲ"

"ဦးလေးအိမ်က ပစ္စည်းပါ၊ ဦးအေးသာရဲ့ ပစ္စည်းလေ၊ ရှင့်အဘိုးက ဦးလေးအိမ်ကို ဘာကြောင့်လွှတ်တယ်ဆိုတာ အကြွေစေ့ ထည့်ကြည့်မှ သိမယ်ထင်တယ်၊ အခု ဦးလေးက ပြတိုက်ကို ခိုးဝင်မှု နဲ့ အဖမ်းခံနေရတာဆိုတော့ အိမ်ကနေ ယူလာတာ"

"ယျလေးတို့က စံပဲဟေ့"

www.burmeseclassic.com

www.burmeseclassic.com

5, ခွန်အားစမ်းမယ် 8 Feet, မြေအောက်ခန်း

www.burmeseclassic.com

www.burmeseclassic.com



"သူ့အိမ်နဲ့ စက်ရုံမှာ မြေအောက်ခန်း ရှိမှမရှိဘဲ"

ဦးကောက်က ဝင်ပြောလေ၏။

ထိုသို့ မကြာခင်မှာ ကျေးသာသည် ဦးမြရွှေလိပ်စာကို သူ့အဘိုးဖော်ပြခဲ့တာကို မှတ်မိလိုက်သောကြောင့်-

"ဒါလိပ်စာတစ်ခု ဖြစ်မယ်ထင်တယ်"

ဟုဆိုပြီး-

"5 ကတော့ အိမ်နံပါတ်"

"လမ်းက ခွန်းအားစမ်းမယ်၊ အဲ... ဟုတ်သေးပါဘူး၊ ဟာ... 8 Feet လို့ ရေးထားတဲ့နေရာက 8 ကို S ပုံစံလုပ်ပြီး Street လို့ ရေးထားတဲ့ ပုံစံဖြစ်နေတာ သတိထားမိလိုက်လား မသိဘူး"

အားလုံးက ခေါင်းခါကြသော်လည်း သူ အသေအချာ သတိထားမိလိုက်သည်။

ကျန်တဲ့ဂဏန်းများက 6 Feet, 7 Feet ဟု ရေးထားသော ကြောင့် 8 Feet ဟု ဖတ်မိခြင်း ဖြစ်သည်။

သူတစ်ခုတည်းဆိုပါက Street ဟု ဖတ်မိမှာဖြစ်သည်။

"ကျွန်တော့်အထင်ပြောရရင် အမွေကတော့ တကယ် ရှိတာသေချာပြီ၊ စာရင်းအရဆိုလည်း တော်တော်များတယ်၊ ပြီး တော့ စင်မြင့်အပေါင်းမှာရှိတဲ့ အကြွေစေ့ထည့်တဲ့နေရာက ဒီလိပ်စာရှိတဲ့မြို့ကို ပြောတာဖြစ်မယ်ထင်တယ်၊ ဘာဖြစ်လို့လဲ



ဆိုတော့ ဒီမြို့မှာက အဘိုးအမွေကို လိုက်ရှာကြတာ နဲ့နေကြပြီ၊ ဒီတော့ အဘိုးက ဒီမြို့မဟုတ်တဲ့ အခြားမြို့မှာ ထားခဲ့တာ ဖြစ်မယ် လို့ ယူဆရတယ်"

အားလုံးကလည်း ကျေးသာစကားကို ခေါင်းညိတ်ပြီး လက်ခံကြလေသည်။

"ဒီတော့ အဘိုးပြောထားတဲ့ ခွန်အားစမ်းမယ်ဆိုတဲ့လမ်း ဘယ်မှာရှိလဲဆိုတာ သိမှဖြစ်မယ်"

ထိုစဉ်-

"ဒီမှာ... ဒီမှာ"

အသံတစ်သံကြောင့် အားလုံးက ဝိုင်းကြည့်လိုက်ကြသည်။

"ဘာပြောမလို့လဲ မောင်ကြည်"

မောင်ကြည်ဆိုသော ကောင်လေးတစ်ယောက်ကို ဦးကောက်က လှမ်းမေးလိုက်သည်။

"ဟိုဘက်မြို့မှာတော့ လမ်းတစ်လမ်းရှိတယ်၊ ဒါနဲ့ ဆိုင် မဆိုင်တော့ မသိဘူး"

"အေး... ပြောလေ၊ ဘာလမ်းလဲ"

"ဗလကြီးလမ်းတဲ့၊ အရင်တုန်းကတော့ ခွန်အားစမ်း လမ်းလို့ ခေါ်တယ်တဲ့"

"ဟေ... ဟုတ်ရောဟုတ်လို့လား"

"ဟုတ်ပါတယ်၊ ကျွန်တော့်ရည်းစားက အဲ့ဒီမှာနေတာလေ၊

www.burmeseclassic.com

www.burmeseclassic.com



သူပြောပြလို့ သိထားတာ၊ အဲ့ဒီလမ်းမှာနေတဲ့ ကောင်မလေးတွေကို တောင်မှ ခွန်အားစမ်းသူဆိုပြီး နောက်ပြောင်ခေါ်ကြတယ်တဲ့"

ထိုကောင်လေးစကားကြောင့် အားလုံးမှာ လွတ်လွတ်လပ်လပ် ရယ်မောလိုက်ကြလေတော့သည်။

ထိုသို့ဖြင့် သူ့တွင် လိပ်စာတစ်ခုရယ်၊ ပြီးတော့ ထိုလိပ်စာရှိ မြေအောက်ခန်းကိုဖွင့်လို့ရသည်ဟု ယူဆရသော သော့တစ်ချောင်း ရယ်ရှိနေပြီဖြစ်သည်။

■

ဤသို့ဖြင့် ထိုမြို့လေးနှင့် နီးကပ်သောမြို့လေးရှိ လမ်းတစ်လမ်း၌ ဘယ်သူမှမနေဘဲ နှစ်ပေါင်းများစွာ ပစ်ထားသော အိမ်ကြီးတစ်အိမ်၏ မြေအောက်ခန်းမှ အမွေပစ္စည်းများစွာရရှိသွားသောသတင်းသည် ထိုနယ်တစ်ဝိုက်တွင် ပြောလို့ကောင်းသော ပုံပြင်တစ်ပုဒ်အဖြစ် ကျန်နေခဲ့တော့သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

(၃)နှစ်ခန့် ကြာသောအခါ

www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

ရုံဝင်ပေါက်တွင် လူအများ တန်းစီကာ လက်မှတ်ဝယ်နေကြ၏။ ပွဲခင်းထဲမှာလည်း လူစည်ကားနေပြီး အကြောင်းအရာတစ်ခုကိုပဲ ထပ်ကာထပ်ကာ ပြောနေကြ၏။

"တော်လိုက်တာဟယ်၊ ဘယ်လိုလုပ်လိုက်မှန်း မသိဘူး"

"တော်မှာပေါ့။ သူ့အဘိုးကလည်း ဒီနယ်မှာ သျှမ်းသျှမ်းတောက်ဖြစ်ခဲ့တာကိုး"

ဟုဆိုပြီး ရုံဝင်ပေါက်တွင် ချိတ်ထားသော ဆိုင်းဘုတ်ကို အမှတ်မထင် ကြည့်မိလိုက်၏။



မျက်လှည့်ဆရာကြီး ဦးအေးသာ
၏မြေး တင်ဆက်သည့်
ကျေးသာ
မျက်လှည့်အဖွဲ့

ရုံထဲတွင်တော့ မျက်လှည့်ပြကွက်များ စပြနေပြီဖြစ်သည်။ ပရိသတ်များကလည်း လက်ခုပ်သံမစဲဘဲ တဝေါဝေါနဲ့ သဘောကျနေကြ၏။

စင်ပေါ်တွင် ရှိနေသော မျက်လှည့်ဆရာကလည်း သူ၏အကောင်းဆုံးတွေထဲက တစ်ခုဖြစ်သော အကြွေစေ့နဲ့ သူယောင်မယ်ဆိုတဲ့ ပြကွက်ကို ပြသနေခြင်းဖြစ်သည်။

ထိုသို့ မျက်လှည့်ဆရာ ပြသနေသည်ကို ရုံ၏တစ်နေရာမှ ကုလားထိုင်ပေါ်တွင် ထိုင်နေသော မိန်းကလေးက မျက်လှည့်ဆရာကို တစ်ချက်ကြည့်လိုက်၊ သူမပေါင်ပေါ်၌ ထိုင်နေသော သမီးလေးကို တစ်ချက်ကြည့်လိုက်နှင့် သဘောအကျကြီးကျနေတော့သည်။

လေးစားစွာဖြင့်
လူနေ

www.burmeseclassic.com